
ဂမ္ဘီရစာပေမှာ ယနေ့ အအောင်မြင်ဆုံးစာရေးဆရာ

# မင်းမြတ်သူရ

၏ကလောင်ခွဲစစ်စစ်

## ရွှေချမ်းသာ



၁၂၀၀ိ/

**မင်းမြတ်သူရ**
၏
ကလောင်ခွဲ
**ရွှေချမ်းသာ**

# ရဗ္ဗက်ဓော


<u>ဖြန့်ချိရေး</u>

ရန်မျိုးအောင်စာပေ
အမှတ် ၂၂၊ ဓမ္မစိန္တာလမ်း
ကျောက်မြောင်း၊ တာမွေ။
ဖုန်း - ၀၉ - ၇၃၀၈၂၃၁၂


www.burmeseclassic.com

# ရွှေချမ်းသာ

ရမ္မက်ဇော

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

ရွှေချမ်းသာ

ရမ္မက်ဇော၊ ရွှေချမ်းသာ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၂

၂၀၀-စာ၊ ၅×၇

(၁) ရမ္မက်ဇော


မင်္ဂလာဒုံအဝေးပြေးလမ်းမကြီးပေါ်မှာ အုတ်တိုက်နီကြီး တစ်လုံးရှိတယ်။

အုတ်တိုက်နီကြီးရဲ့ ပိုင်ရှင်ကတော့ ကိုထင်ကျော်နဲ့ မမြနွယ်ဆိုတဲ့ဇနီးမောင်နှံဖြစ်တယ်။

ကိုထင်ကျော်က သစ်ကုန်သည်အလုပ်နဲ့ အသက်မွေးဝမ်းကြောင်းတဲ့အတွက် မကြာခဏ ခရီးထွက်ရတယ်။ ကိုထင်ကျော်နဲ့ မမြနွယ်ဟာ နှစ်ဦးသဘောတူ ချစ်ကြိုက်ပြီးပေါင်းသင်းခဲ့တာမဟုတ်ဘူး။

မမြနွယ်ရဲ့ဖခင်ကြီး ဦးကြူ မကွယ်လွန်မီက တစ်ဦးတည်း သောသမီးလေးကို စိတ်မအေးနိုင်တာနဲ့ ပေးစားခဲ့တာဖြစ်တယ်။

www.burmeseclassic.com

ဦးကြူနဲ့ ကိုထင်ကျော်ဟာ ဘုရားဖူးခရီးထွက်ရင်း ရင်းနှီး ခဲ့တာ ဖြစ်တယ်။

လူပါးလူနပ် ကိုကျော်ထင်ဟာ ဘုရားဖူးခရီးထွက်ရင်း ဦးကြူ ကို သူဌေးတစ်ယောက်ဆိုတာ ရိပ်စားမိတယ်။ နောက်ပြီးတော့ ဦးကြူနဲ့ ဘုရားဖူးဖော် လူကြီးတစ်ယောက် ပြောတဲ့စကားအရ ဦးကြူ မှာ အလွန် ချောမောလှပပြီး လိမ္မာရေးခြားရှိတဲ့ သမီးတစ်ယောက် ရှိတယ်လို့ကြား တယ်။

ဒီလောက်နဲ့ပဲ ကိုထင်ကျော်အတွက် သူတော်ကောင်း ဟန် ဆောင်ဖို့ လုံလောက်သွားပါပြီ။ ကိုထင်ကျော်ဟာ ဘုရားဖူးခရီး တစ် လျှောက်လုံး ယောဂီဝတ်စုံနဲ့ စိပ်ပုတီး လည်မှာဆွဲထားတယ်။

ဦးကြူကိုလဲ ကိုယ့်မိဘအရင်းတစ်ယောက်လို ခြေဆုပ် လက် နယ်ပြုတယ်။

သူ့ကိုယ်သူလဲ ရိုးသားကြိုးစားတဲ့ သစ်ကုန်သည်လေးတစ် ယောက်လို ပုံစံဖမ်းတယ်။

ဒီလိုနဲ့ သမီးအတွက် ရတက်မအေးရှာတဲ့ ဦးကြူဟာ ကိုထင် ကျော်ကို မြင်မြင်ချင်း သဘောကျသွားတယ်။

ကိုထင်ကျော်ရဲ့နောက်ကြောင်းရာဇဝင်ကို စုံစမ်းကြည့်တော့ မိမရှိ ဖမရှိ တစ်ကောင်ကြွက်တစ်ယောက်လို့ သိရတယ်။

ဒီလို ဘာသာတရားကိုင်းရှိုင်းပြီး ရိုးသားကြိုးစားတဲ့ လူတစ် ယောက်ဟာ သူ့သမီးဘဝအတွက် လုံခြုံစိတ်ချမှုရှိမယ်လို့ယူဆတယ်။

ဒါကြောင့် သူ့သမီး မမြနွယ်ကို ကိုထင်ကျော်နဲ့ ပေးစားဖို့ကြံရွယ် လိုက်တယ်။

မမြနွယ်ဟာ အင်မတန် ယဉ်ကျေးသိမ်မွေ့ပြီး မိဘစကားကို မြေဝယ်မကျ နားထောင်တဲ့ သမီးတစ်ယောက်ပါ။

ဒါကြောင့်လဲ ဖခင်ကြီးအလိုကျ ကိုထင်ကျော်ကို လက်ထပ်ပါ မယ်လို့ ခေါင်းညိတ်သဘောတူလိုက်တယ်။







www.burmeseclassic.com

ကိုထင်ကျော်ဟာ မမြနွယ်နဲ့လက်ထပ်ပြီးစမှာတော့ ဟန်ဆောင်ပန်ဆောင် သူတော်ကောင်းလို နေပြသေးတယ်။ မမြနွယ်ကတော့ ရိုးသားဖြူစင်တဲ့ မိန်းမသားပီပီ မယားဝတ္တရား ကျေပွန်အောင် ကြိုးစားရှာတယ်။

ဦးကြူကတော့ သမီးဖြစ်သူအတွက် စိတ်ချသွားလို့ ထင်ပါရဲ့... ကိုထင်ကျော်နဲ့မမြနွယ် လက်ထပ်ပြီး တစ်နှစ်မပြည့်မီမှာ ဘဝတစ်ပါးကို ပြောင်းလဲသွားရှာတယ်။

ဦးကြူမရှိတဲ့အချိန်ကစပြီး ကိုထင်ကျော်ရဲ့မင်းသားခေါင်းဆောင်း





ထားတဲ့ ဘီလူးရုပ်ကြီးဟာ ဘွားခနဲပေါ်ထွက်လာတယ်။

သူ့ဟာ မမြနွယ်ကို တစ်နှစ်နီးပါး အားရအောင်ပေါင်းသင်း ပြီးပြီလေ၊ သူ့အတွက် အသစ်ရှာဖို့ အချိန်ရောက်ပြီ။

ကိုထင်ကျော်ဟာ ဦးကြူရှိတုန်းကဆိုရင် တစ်မြို့တစ်ရွာက မိန်းမတွေနဲ့ပဲ ရှုပ်ပွေခဲ့တယ်။

အခုတော့ ပုဇွန်တောင်၊ ကြည့်မြင်တိုင် စတဲ့ အရပ်က မိန်းမတွေနဲ့တောင် မလွတ်ကင်းတော့ဘူး။

ပုဇွန်တောင်ကမိမိုးဆိုတဲ့မိန်းမဆိုရင် ကိုထင်ကျော်နဲ့ သောင်းကျန်းဖို့ မျက်နှာပြောင်တိုက်ပြီး အိမ်ထိအောင်လိုက်ပြီးလာတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ရှေ့မှာတင် မိမိုးကို ပွေ့ဖက်နမ်းရှုံ့ပြတယ်။ အရှက်မရှိတဲ့မိမိုးကလဲ တခစ်ခစ်ရယ်မောနေတယ်။မမြနွယ်ကတော့ ရင်နာလွန်းလို့ အိပ်ရာပေါ်မှာတအင့်အင့် ရှိုက်ငိုနေမိတယ်။

ကိုထင်ကျော်ရဲ့တဏှာရူးလုပ်ရပ်တွေကို မသင့်တော်လို့ တားမြစ်တဲ့အခါ ကိုထင်ကျော်က

"နင့်ပါးစပ်ပိတ်ထားစမ်း၊ ယောက်ျား ကောင်း မောင်းမတစ်ထောင်ဆိုတဲ့ စကားကို မကြားဖူးဘူးလား၊ ငါမိန်းမတွေနဲ့ရှုပ်ပွေတာ အယောက် တစ်


www.burmeseclassic.com

"ထောင်တောင် မပြည့်သေးဘူး"

လို့ပြောတယ်။ မမြနွယ်ဟာ မုန့်ကိုသာဝေစားမယ်၊ အချစ်ကိုတော့ ဝေမစားနိုင်ဘူးဆိုတဲ့ မိန်းမသဘာဝစကားရှိတဲ့အတိုင်း ကိုထင်ကျော်ကို မကြာခဏတားဆီးဖို့ ကြိုးစားတယ်။

ဒါပေမယ့် သူ့စကားတွေဟာ သဲထဲရေသွန်ပါပဲ။ တဏှာရူးယောက်ျားကို တားလို့မရပါဘူး။ ကိုထင်ကျော်ဟာ သူ့စကားကို နားခါးတယ်ဆိုပြီး ရက်ရက်စက်စက် ရိုက်နှက်ညှင်းပန်းတယ်။

ကြာတော့လဲ မမြနွယ်ဟာ ရင်နာနာနဲ့ပဲ မသိမမြင်သလိုနေလိုက်ရတော့တယ်။

သူဟာ ကိုထင်ကျော်ကို ချစ်လို့ယူခဲ့တာမဟုတ်တဲ့အတွက် သံယောဇဉ်လဲမရှိဘူး။ မယားဝတ္တရားအရ ပြုစုနေရတယ်။

တားဆီးလို့မရလဲ ဖြစ်ချင်ရာဖြစ်၊ ကံစီမံရာပဲဆိုပြီး လောကဓံ ကို ကြံ့ကြံ့ခံရင်ဆိုင်နေရတယ်။ မမြနွယ် ကံကောင်းတာက လူယုတ်မာ ကိုထင်ကျော်နဲ့ ရင်သွေးမရတာပဲ။

ကိုထင်ကျော်ဟာ ဒီအချက်ကိုအကြောင်းပြုပြီး မမြနွယ်ကို ပြစ်တင်ရှုံ့ချတတ်တယ်။

"ငါ မိန်းမရှုပ်တာကိုပဲ အပြစ်မမြင်နဲ့ နင်ဟာ





မိန်းမဖြစ်ပြီး မြုံနေတာကို ပြန်ကြည့်ဦး၊ နင့်လို မိန်းမနဲ့နေလို့ ငါဖောက်ပြန်တာဘာဆန်းသလဲ၊ ငါ မဖောက်ပြန်ချင်ရင် နင် ကလေးရအောင်မွေး"

လို့ပြောတယ်။

တကယ်တော့ မမြနွယ်ကလေးမရတာ ဘယ်သူ့အပြစ်လဲ ဆိုတာ ကိုထင်ကျော် အသိဆုံးပဲ။

ဘာကြောင့်လဲဆိုတော့ ကိုထင်ကျော်ဟာ သူ ကဲချင်တိုင်း ကဲလို့ရအောင် ကုလားဆရာဝန်ကြီးဆီမှာ ကြေးကြီးကြီးပေးပြီး သားကြောဖြတ်ထားတယ်။

ဒါကြောင့်လဲ ကိုထင်ကျော် ပွေသမျှ ရှုပ်သမျှ မိန်းမတွေမှာ ပြဿနာမပေါ်တာပေါ့။

မမြနွယ်ကတော့ ဒီအကြောင်းမသိရှာဘဲ ကိုယ့်ကိုယ်ကို အမြုံမ ဆိုပြီး စိတ်ဆင်းရဲနေရှာတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ကို မေတ္တာစစ်နဲ့ချစ်လို့ယူခဲ့တာမဟုတ်ဘူး။

မမြနွယ်ဟာ မိန်းမလှလေးတစ်ယောက်ဖြစ်လို့ ရဏာစမှာ အရူးအမူးဖြစ်ခဲ့တယ်။ နောက်တော့ ရိုးအီအောင် ပေါင်းသင်းပြီးတော့ မမြနွယ်


www.burmeseclassic.com

ထက် စည်းစိမ်ဥစ္စာတွေကို ပိုပြီးစိတ်ဝင်စားလာတယ်။

ကိုထင်ကျော်ဟာ ပထမဆုံးအနေနဲ့ ဦးကြူ ပိုင်ဆိုင်တဲ့ လယ်တွေယာတွေကို တဖြည်းဖြည်း ဖဲ့ရောင်းစားတယ်။ မမြနွယ်ဟာ တားမရမှန်းသိလို့ ရင်နာနာနဲ့ကြည့်နေရတယ်။ ဒီအချိန်ကစပြီး မမြနွယ်ရဲ့ မွေးရာပါနှလုံးရောဂါ ပြန်ထလာတယ်။ မမြနွယ်ဟာ မကြာခဏ အမောဖောက်နေတတ်တယ်။

နောက်တော့ ကိုထင်ကျော်ဟာ လယ်တွေ ယာတွေ ရောင်းရုံနဲ့အားမရတော့ဘူး။ ဦးကြူ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေထဲက တန်ဖိုး အရှိဆုံးဖြစ်တဲ့ မဂိုလမ်းကသုံးထပ်တိုက်ကြီးကို ရောင်းဖို့ကြံရွယ်တယ်။

လယ်တွေ ယာတွေရောင်းလို့ရသမျှကို ဂျင်ဝိုင်း၊ မာကျောက်ဝိုင်းတွေမှာ သုံးလို့ဖြုန်းလို့ ကုန်ပြီလေ။ မဂိုလမ်းက သုံးထပ်တိုက်ကြီးကကာလပေါက်ဈေးအရ အတော်တန်ဖိုးရှိနေပြီ။

ဒီတိုက်ကြီးကို ဦးကြူဝယ်ထားပြီးတော့ ဂျူးလူမျိုးတွေကို ငှားရမ်းထားခဲ့တယ်။

ဂျူးတွေဟာ သုံးထပ်တိုက်ကြီးမှာ အပေါင်ဆိုင်တွေ၊ ပင်မင်းဆိုင်တွေ ဖွင့်ထားတယ်။

ဦးကြူမသေမီ မမြနွယ်ကို ခေါ်ပြီး





"ဒီတိုက်ကြီးကို ဘယ်တော့မှ မရောင်းပါ
ဘူးလို့ အဖေ့ကို ကတိပေးပါ သမီးရယ်"

လို့ မှာခဲ့တယ်။

ဖခင်ရဲ့စကားကို မြေဝယ်မကျ နားထောင်တဲ့ မမြနွယ်ဟာ ကိုထင်ကျော်ရဲ့အကြံကို သဘောမတူဘူး။

ကိုထင်ကျော်လုပ်သမျှ မငြင်းဆန်တဲ့ မမြနွယ်ဟာ ဒီတစ်ခါတော့ အကြောက်အကန် ငြင်းဆန်တယ်။

ကိုထင်ကျော်ကလဲ သုံးထပ်တိုက်ကြီးကို ရောင်းရင် သူ့လက်ထဲကို ငွေတွေ တစ်ပြုံကြီးရလာမှာမို့ အရမ်းရောင်းဖို့ကြိုးစားတယ်။ ဒါပေမဲ့ သုံးထပ်တိုက်ကို မမြနွယ်ရဲ့နာမည်နဲ့ ဝယ်ထားတယ်ဆိုတော့ တဖွတ်ထိုးရောင်းလို့လဲ မဖြစ်နိုင်ဘူး။

ဒါကြောင့်လဲ မမြနွယ်ကို ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ အိမ်ကြီးကို ရောင်းဖို့ကြိုးစားခဲ့တယ်။

"ဒီတိုက်ကြီးကိုရောင်းရင် ငွေတွေအများ
ကြီးရမှာကွ၊ လောလောဆယ် ကြုံနေရတဲ့ ငါ့ရဲ့ ငွေ
ရေးကြေးရေးအခက်အခဲတွေ ပြေလည်သွားမယ်၊
ရောင်းလိုက်စမ်းပါဟာ"


www.burmeseclassic.com

လို့ဆိုတဲ့အခါ မမြနွယ်က ခေါင်းခါယမ်းလိုက်ပြီး

"အဖေထားခဲ့တဲ့ လယ်တွေယာတွေ အများကြီးကျန်သေးတယ်၊ ကျွန်မတို့မှာ ဘာအခက်အခဲရှိလို့လဲ၊ ကျွန်မတို့ ဒီတစ်သက်သုံးလို့မကုန်ပါဘူးရှင်၊ နောက်ပြီးတော့ အဖေမဆုံးမီ ဒီအိမ်ကြီးကို ကျွန်မမရောင်းပါဘူးလို့ ကတိပေးထားလို့ပါ"

လို့ ဆိုလိုက်တယ်။ ကိုထင်ကျော်ဟာ မမြနွယ်ကို မကျေ မချမ်း ကြည့်ပြီး

"သေခါနီးအဘိုးကြီးတစ်ယောက် ကယောင်ချောက်ချား ပြောတာကို နင်ဘာလို့ အတည်မှတ်နေတာလဲ၊နင့်အဖေဟာ သေကာနီး အိမ်ကြီးကို စွဲလမ်းလို့ သရဲဘဝတောင်ရောက် နေလောက်ပြီ"

လို့ပြောလိုက်တယ်။

မမြနွယ်ဟာ ကိုထင်ကျော်ရဲ့စော်စော်ကားကား စကားကြောင့် ဒေါသဖြစ်သွားပြီး

"ရှင် ကျွန်မအဖေကို ဘယ်တော့မှ စော်စော်ကားကား မပြောပါနဲ့၊ အဖေဟာ ရှင့်ကျေးဇူး





ရှင်ပါ"

လို့ပြောလိုက်တယ်။ ဒီအခါမှာ ကိုထင်ကျော်ဟာ ဒေါသတကြီး တက်ခေါက်ပြီးတော့

"ဘာကျေးဇူးရှင်လဲ၊ နင်ဟာ တစ်ကိုယ်ကောင်းဆန်တဲ့ကောင်မ၊ ဒါဆိုရင် နင့်ကိုငါ ယူထားတာ ငါ့အတွက် ဘာအကျိုးရှိလို့လဲ၊ ငါက လူတောထဲကိုသွားနေရတာ၊ နင့်လို အိမ်တွင်းပုန်း ကုလားမ မဟုတ်ဘူး၊ လူတောထဲမှာ တူတူတန်တန် သုံးဖို့စွဲဖို့ ပိုက်ဆံလိုတယ်၊ ဒီအိမ်ကြီးကို ရောင်းမှ ဖြစ်မယ်"

လို့ပြောတယ်။

မမြနွယ်ဟာ ကိုထင်ကျော်ရဲ့မတရားတောင်းဆိုမှုကြောင့် အတော်စိတ်ဆင်းရဲသွားတယ်။

ရင်ထဲမှာ မွန်းကြပ်လာရာက အသက်ရှူမဝသလိုခံစားရတယ်၊ နောက်တော့ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားလို့ နံရံကို လက်နဲ့ထောက်လိုက်ရတယ်။

ကိုထင်ကျော်ဟာ မမြနွယ် နလုံးရောဂါထလာကြောင်းသိပေမဲ့ မယားစိတ်ချမ်းသာအောင် ဘယ်တော့မှ မထားဘူး။ မကြာခဏ စိတ်



www.burmeseclassic.com

ဆင်းရဲအောင်လုပ်တယ်။ အိမ်ကြီးကို မရောင်းရလို့ ဒေါသပုန်ထပြီး ရိုက်နက် ညှင်းပန်းနေတတ်တယ်။

မမြနွယ်ဟာ ကံစီမံရာပဲဆိုပြီး အံကိုကြိတ်ပြီး ခံနေရရှာတယ်။

သူ့နှလုံးရောဂါကလဲ မကြာခဏ ထလာတတ်လို့ ကုလားဆရာ ဝန်ကြီးဆီမှာ ပြနေရတယ်။

ကုလားဆရာဝန်ကြီးကတော့ မမြနွယ်ကို စိတ်ချမ်းသာအောင် နေဖို့ အကြိမ်ကြိမ်မှာကြားတယ်။

ဒါပေမဲ့ ဖောက်ပြားတဲ့ယောက်ျားနဲ့နေရတဲ့ မိန်းမတစ်ယောက်ဟာ ဘယ်လိုများ စိတ်ချမ်းသာအောင်နေရမှာလဲ။





မမြနွယ်တို့ နေထိုင်တဲ့ အုတ်တိုက်နှီကြီးနံဘေးမှာ တစ်ထပ် ပျဉ်ထောင်အိမ်ကလေးတစ်လုံးရှိတယ်။

တစ်နေ့ အိမ်ကလေးကို မမြနွယ်နဲ့သက်တူရွယ်တူ မိန်းမတစ်ယောက်ပြောင်းလာတယ်။ သူ့နာမည်က ရှယ်လီလို့ခေါ်တယ်။

ရှယ်လီဟာ လူကုံထံသားသမီးတွေကို အင်္ဂလိပ်စာသင်ပေးတဲ့အလုပ်ကို လုပ်တယ်ဆိုပဲ။ ရှယ်လီဟာ ဘိုဆန်ဆန်ချောတဲ့ မိန်းမတစ်ယောက်ဖြစ်တယ်။ ကိုယ်လုံးကိုယ်ပေါက်ကလဲ ခပ်တောင့်တောင့်မို့ ယောက်ျားတွေဟာ ရှယ်လီကိုမြင်ရင် နှစ်ကြိမ် ပြန်မကြည့်ဘဲ မနေနိုင်ဘူး။



www.burmeseclassic.com

မမြနွယ်ရဲ့အလှက ယဉ်ယဉ်လေးနဲ့အေးမြတယ်။ ရှယ်လီရဲ့ အလှကတော့ ရမ္မက်ပြင်းပြီး ပူလောင်စေတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးအလှအပမှာ သူမသာ ကိုယ်မသာပါပဲ။

မမြနွယ်ဟာ ပထမတော့ ရှယ်လီကိုကြည့်ပြီး ရင်ထဲမှာမော သွားတယ်။ သူ့ယောကျ်ား ကိုထင်ကျော်က ရှယ်လီကိုမြင်ရင် မပွေ့ရှုပ်ဘဲနေမှာမဟုတ်ဘူး၊ ရှယ်လီလိုမိန်းမလှတစ်ဦး အိမ်နံဘေး ပြောင်းလာတာ မမြနွယ်အတွက်တော့ ရင်ရှုပ်စရာပါပဲ။

တစ်နေတော့ ရှယ်လီဟာ ကြက်သားရိုစ်လုပ်ပြီး မမြနွယ်ဆီလာပို့တယ်။ ရှယ်လီရဲ့ရုပ်က ကပြားဆန်လို့ ရဲတင်းတယ် ထင်ရပေမဲ့ နှစ်ကိုယ်ချင်း စကားပြောကြည့်တဲ့အခါ လူမှုဆက်ဆံရေး ကောင်းပြီး တစ်ဖက်သားကို နားလည်စာနာတတ်ပုံရတယ်။ ခင်မင်စရာလဲကောင်းတယ်။ မမြနွယ်ဟာ ရှယ်လီကို မြင်မြင်ချင်း ခင်မင်သွားတယ်။

နောက်တော့ ရှယ်လီဟာ စားစရာလေးတွေ လုပ်တိုင်း မမြနွယ်အိမ်ကို လာပို့တယ်။ မမြနွယ်ကလဲ မြန်မာမုန့်ကလေးတွေလုပ်ပြီး ရှယ်လီဆီကို သွားပို့တယ်။

ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ နှစ်အိမ့်တစ်အိမ်ဖြစ်သွားတော့တာပဲ။

တစ်နေ့တော့ ကိုထင်ကျော်ဟာ ခရီးထွက်ရာက ပြန်လာပြီး ဝရန်တာမှာ အရက်သောက်နေတယ်။ ဒီလိုအရက်သောက်ရင်း ကျောင်းက ပြန်လာတဲ့ ဆရာမလေးရှယ်လီရဲ့အလှကို မြင်တွေ့သွားတယ်။

ကိုထင်ကျော်ဟာ ရှယ်လီရဲ့ ကားစွင့်တဲ့တင်ကို မျက်လုံးကျွတ်မတတ် စူးစိုက်ကြည့်ပြီးတော့

"ဟာ.ဒီလောက်လှတဲ့ မိန်းမတစ်ယောက် ငါ့
အိမ်နံဘေးမှာနေတာ   ငါဘာလို့ မသိရတာလဲ၊ ငါ
တော်တော်ညံ့သေးတာပဲ"

လို့ပြောလိုက်တယ်။မမြနွယ်ဟာ ကိုထင်ကျော်ရဲ့စကားကို အလွန်စက်ဆုပ်ရွံရှာသွားပြီး

"ရှင့်မှာ မိန်းမရှိတယ်ဆိုတာ မမေ့ပါနဲ့၊ ကိုယ့်
အိမ်နံဘေးက မိန်းမကိုကြံရင် ရပ်ကွက်ထဲမှာ ကျွန်မ
ဘယ်လိုမျက်နှာပြရမှာလဲ"

လို့ပြောလိုက်တယ်။

ကိုထင်ကျော်ဟာ မမြနွယ်ရဲ့စကားကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် အောက်မေ့သူမဟုတ်ဘူး။ ဒါကြောင့် မမြနွယ်ကို မျက်ထောင့်နီကြီးနဲ့ကြည့်ပြီး

"နင့်ပါးစပ်ပိတ်ထားစမ်း၊ မီးချောင်းမင်း ရေ







www.burmeseclassic.com

ခင်းမပြန့်၊ ဒီအိမ်မှာ ငါ အိမ်ထောင်ဦးစီး၊ ငါ လုပ်ချင်
တာ လုပ်တယ်၊ နင့်လို ကလေးမရနိုင်တဲ့ အမြုံမကို
သည်းခံ ပေါင်းသင်းနေတာကျေးဇူးတင်စမ်း"

လို့ ကြိမ်းမောင်းလိုက်တယ်။ မမြနွယ်ဟာ ကိုထင်ကျော်ရဲ့ စကား ကြောင့် ရင်ထဲမှာ နာကျင်သွားတယ်။

အရှက်နဲ့သိက္ခာမရှိတဲ့လူကို လေကုန်ခံပြီး ဆက်ပြောနေရင် သဲထဲရေသွန်ပဲဖြစ်လိမ့်မယ်။ ဒီထက်ပိုကဲလာရင် သူ့ကိုရက်ရက်စက် စက် နှိပ်စက်ညှင်းပန်းတော့မယ်။

တဏှာရူးထင်ကျော်လိုလူဟာ ကျွဲပါးစောင်းတီးသလိုပဲဖြစ်မှာပဲ။

မမြနွယ်ဟာ တွေးရင်း ရင်ထဲမှာ မွန်းကြပ်လာပြီး အသက်ရှူမဝ သလို ဖြစ်လာတယ်။

ခေါင်းထဲမှာလဲ ဆူးနောက်နောက်ခံစားရတယ်

မမြနွယ်ဟာ နလုံးရောဂါထလာပြီဆိုတာသိလို့ ကုလားဆရာဝန် ကြီးပေးတဲ့ဆေးကို ဟမန်းကကန်း ပြေးယောက်ပြီးအိပ်ရာပေါ်မှာလှဲချ လိုက်ရတယ်။ အကြင်နာတရားကင်းမဲ့တဲ့ကိုထင်ကျော်ကတော့ ငဲ့စောင်း ကြည့်ဖော်တောင်မရဘူး။





ဒီအချိန်စပြီး ကိုထင်ကျော်ဟာ ဆရာမရှယ်လီကို ပိုးပန်း ဖို့ကြိုးစား တော့တာပဲ။

သူဟာ ရှယ်လီအိမ်ကို အကြောင်းမရှိ အကြောင်းရှာသွားပြီး ကိုယ့် ကိုယ်ကိုယ် မိတ်ဆက်တယ်။

အိမ်နီးချင်းတွေဖြစ်လို့ မိတ်ဆွေတွေလို ရင်းရင်းနှီးနှီးနေချင် ကြောင်းပြောတယ်။ သူ့ကိုယ်သူလဲ စီးပွားရေးအဆင်ပြေတဲ့ သစ်ကုန် သည်တစ်ယောက်လို ပုံမျိုးဖမ်းလိုက်တယ်။


www.burmeseclassic.com

ဒါပေမယ့် ရှယ်လီဟာ ကိုထင်ကျော်ကို တဇွတ်ထိုးမုန်းသလို ခပ်မာမာပဲ ဆက်ဆံလိုက်တယ်။

"ကျွန်မ ယောက်ျားတွေနဲ့ ရင်းရင်းနှီးနှီး နေ လေ့မရှိဘူး။ ဒါကြောင့် နောက်ဘယ်တော့မှ ကျွန်မ အိမ်ဘက် ကူးမလာပါနဲ့"

ကိုထင်ကျော်ဟာ ရှယ်လီရဲ့ ခါးသီးတဲ့အမူအရာကြောင့် နည်း နည်းတော့ အောင့်သက်သက်ဖြစ်သွားတယ်။

သူဟာ ဥပဓိရုပ်အားကိုးနဲ့ မိန်းမတော်တော်များများကို ရအောင် ကြံနိုင်ခဲ့တာချည်းပဲ။

အခု ရှယ်လီနဲ့မှ နောက်ကြောင်းပြန်လှည့်ရမယ်ဆိုရင် သူ့ရဲ့ ရာဇဝင်ရိုင်းသွားမှာပေါ့လို့ တွေးတယ်။ ဒါကြောင့် ရှယ်လီကို မရရအောင် ကြံမယ်လို့ ဆုံးဖြတ်လိုက်တယ်။

မမြနွယ်ဟာ ကိုထင်ကျော်ရဲ့ ဖောက်ပြန်မှုတွေကို ရင်တထိတ် ထိတ်နဲ့ စောင့်ကြည့်နေမိတယ်။

ကိုထင်ကျော် ခရီးပြန်ထွက်မဲ့နေ့ကိုရောက်တော့မှ မမြနွယ် ရင်ထဲ က အလုံးကြီးကျသွားတယ်။ ဒါကြောင့် သိမ်ကြီးဈေးကိုသွားပြီး အိမ် အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ခဲ့တယ်။





သူ့သူငယ်ချင်း ရှယ်လီအတွက်လည်း ပေါင်ဒါတစ်ထုပ်ဝယ်ခဲ့ တယ်။ ကိုထင်ကျော် ရှိတဲ့ရက်တွေမှာ ရှယ်လီကို အိမ်မလာခိုင်းဘူး။ ဒါကြောင့် ရှယ်လီနဲ့မတွေ့တာ နှစ်ပတ်နီးပါးရှိနေပြီ။

မမြနွယ်ဟာ ရထားစီးပြီး အိမ်ကိုပြန်လာခဲ့တယ်။

အိမ်ရှေ့ကိုရောက်တော့ ရှယ်လီတို့အိမ်က ခြံတံခါးပွင့်နေတာ မြင်တယ်။

ရှယ်လီ ဒီနေ့ကျောင်းမသွားဘူးလို့တွေးပြီး ဝမ်းသာအားရ အိမ် ထဲကိုပြေးဝင်ခဲ့တယ်။

မမြနွယ်ဟာ

"ရှယ်လီ....ရှယ်လီ"

လို့အသံပြုပြီး အိမ်ထဲမှာလိုက်ရှာတယ်။ နောက်ဆုံးဘယ်မှာမှ ရှာ မတွေ့တော့ အိပ်ခန်းတံခါးကို ဖွင့်ကြည့်လိုက်တယ်။

ဒီအခါမှာ အိပ်ခန်းထဲက ခုတင်ပေါ်မှာ အဝတ်အစားတွေ စုတ်ပြဲ ထိုင်ငိုနေတဲ့ ရှယ်လီကိုတွေ့ရတယ်။ ရှယ်လီဟာ အလွန် ပင်ပန်းနွမ်းနယ် နေပုံရတယ်။

မမြနွယ်ဟာ ရှယ်လီကို စိုးရိမ်သွားပြီး

"ရှယ်လီ...ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ငိုနေ



www.burmeseclassic.com

တာလဲ၊ ပြောစမ်းပါ”

လို့မေးလိုက်တယ်။ ရှယ်လီက အမေးကို မဖြေသေးဘဲ အတန်ကြာအောင်အံကြိတ်ပြီးနေတယ်။

မမြနွယ်ကလဲ စိုးရိမ်လွန်းလို့ အတန်တန်မေးတယ်။ ဒီတော့မှ ရှယ်လီက

“ကျွန်မ ဒီနေ့ နေမကောင်းလို့ ကျောင်း မသွားဖြစ်ဘူး။ ဒီအချိန်မှာ ရှင့်ယောက်ျား ခြံစည်းရိုးကို ကျော်ဝင်ပြီး ကျွန်မကို အဓမ္မကျူးလွန်သွားတယ်”

လို့ပြောတယ်။ မမြနွယ်ဟာ ရှယ်လီ့စကားကြောင့် နွေခေါင်ခေါင်မိုးကြိုးပစ်သလို ခံစားလိုက်ရတယ်။

သူ့ယောက်ျား ကိုထင်ကျော်ကိုလဲ အင်မတန် စပ်ဆုပ်ရွံရှာသွားတယ်။

“ဒီလူ ခရီးထွက်ဟန်ပြပြီး ရှယ်လီ့ကို ဝင် စော်ကားသွားတာပဲ၊ ယုတ်မာကောက်ကျစ်လိုက်တဲ့လူ”

ရှယ်လီကတော့ ဘာစကားမှ မဆိုနိုင်ဘဲ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားတယ်။ ရှယ်လီ အင်မတန်ဝမ်းနည်းကြေကွဲနေပုံရတယ်။ မမြနွယ်ဟာကိုထင်ကျော်ကို သည်းခံနိုင်စွမ်းလုံးဝမရှိတော့ဘူး။





အရင်တုန်းက မိန်းမတွေနဲ့ရှုပ်ပွေနေတုန်းက အစွမ်းကုန် သည်းခံနေခဲ့တယ်။

အခုတော့ ရှယ်လီကို စော်ကားချိန်မှာတော့ ကိုထင်ကျော်ကို ခွင့်လွှတ်လို့ လုံးဝမဖြစ်နိုင်တော့ဘူး။

“ရှယ်လီ...ကျွန်မမျက်နှာကို လုံးဝထောက်ထားမလိုဘူး။ ဒီလုပ်ကို ရှယ်လီ အရေးယူချင်သလို ယူလို့ရတယ်၊ ပုလိပ်ကိုသွားတိုင်ရအောင်၊ ကျွန်မ ရှယ်လီဘက်က သက်သေလုပ်ပေးမယ်”

လို့ပြောလိုက်တယ်။ ရှယ်လီကတော့ အံကိုတင်းတင်းကြိတ်ပြီး ခေါင်းခါယမ်းလိုက်တယ်။

“ပုလိပ်ကိုတိုင်ရမယ်ဟုတ်လား။ သူ့အပြစ်က ပုလိပ်တိုင်ရုံနဲ့ မလုံလောက်ဘူး။ သူဟာမိန်းမတွေရဲ့ကာမကို အဓမ္မလုယူတဲ့သူ လူယုတ်မာ၊ မုဒိန်းသမား။ ငွေများငွေနိုင်တဲ့ ကိုလိုနီခေတ်မှာ ပုလိပ်က သူ့ကို အသာလေးပြန်လွှတ်ပေးလိုက်မှာပဲ”

ရှယ်လီရဲ့စကားကြောင့် မမြနွယ်က အံကိုကြိတ်လိုက်ပြီး

“ဒါဆိုရင် ရှယ်လီရဲ့နစ်နာမှုအတွက် ရှယ်လီ



www.burmeseclassic.com

ဘာပြန်လုပ်မှာလဲ၊ ရှယ်လီ ကျွန်မမျက်နှာကို လုံးဝ မထောက်ပါနဲ့၊ ကျွန်မကို သူ့မယားလို့ပဲ သဘော မထားပါနဲ့၊ ဒီလူရဲ့မယားဖြစ်နေရတာတောင် ကျွန်မ ရှက်လှပါပြီ"

လို့ပြောလိုက်တယ်။ ရှယ်လီဟာ စုတ်ပြဲနေတဲ့အင်္ကျီကို လက်နဲ့ ဖုံးလိုက်ပြီး

"သူ့ကို ကျွန်မ သိပ်မုန်းတယ်၊ ကျွန်မရဲ့ အပျိုစင်ဘဝကို သူ တစ်စစီ ချေမွဖျက်ဆီးလိုက်ပြီ၊ သူ့ကို ထိုက်သင့်တဲ့အပြစ်ဒဏ်ပြန်ပေးမှာပါ၊ ဒါပေမဲ့ ပုလိပ် ဌာနကိုတော့ ကျွန်မ မတိုင်ဘူး။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်မတို့ သူ့ကို အပြစ်ဒဏ်ပြန်ပေးတဲ့ အခါ ပုလိပ်တွေကို သတိပေးသလိုဖြစ်သွားမယ်"

လို့ပြောတယ်။ မမြနွယ်ဟာ ရှယ်လီကို စိတ်မကောင်းဟန်နဲ့ ကြည့်ပြီး

"သူ့ကိုဘယ်လိုအပြစ်ပေးမှာလဲ"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက အံကြိတ်ပြီးတော့





"သူ့ကို သတ်ပစ်ရမယ်၊ ဒီလူ လောကမှာ ရှိနေသရွေ့ကျွန်မတို့မိန်းမသားထုအတွက် အန္တရာယ် ရှိတယ်၊ လောကမှာ သူ့မရှိတော့ဘူးဆိုရင် မိန်းမ သားတွေရဲ့ဘဝ လုံခြုံမှုရှိသွားမယ်။ ဒါကြောင့် မိန်းမ သားထု ကိုယ်စား ဒီလူယုတ်မာကို သတ်ရမယ်"

လို့ရဲရဲတောက်စကားပြောတယ်။ မမြနွယ်ဟာ ရှယ်လီရဲ့စကား ကြောင့် ရင်ထဲမှာ တထိတ်ထိတ်ခုန်သွားပြီး

"သတ်မယ်ဟုတ်လား၊ သူ့ကိုသတ်ရင် ကျွန်မ တို့ကို ပုလိပ်ဖမ်းမှာပေါ့၊ ကြောက်စရာကြီး ရှယ်လီ ရယ်၊ ကျွန်မ မလုပ်ရဲဘူး"

လို့ပြောလိုက်တယ်။ ရှယ်လီက ဘာကိုမှ အရေးမစိုက်တဲ့ အမူ အရာနဲ့

"သွေးမကြောင်စမ်းပါနဲ့မြနွယ်၊ ကျွန်မတို့ သွေးကြောင်နေရင် ဒီလူ ပိုဆိုးလာလိမ့်မယ်၊ ဘာလဲ ရင်က သူ့အတွက် ကာကွယ်ပေးချင်နေပြီလား၊ ဒါဆိုရင်လဲ ကျွန်မ ခံစားနေရတာကို မေ့ပစ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်လိုက်မယ်"


www.burmeseclassic.com

လို့ပြောတယ်။ ဒီအခါမှာ မမြနွယ်က ကမန်းကတန်း

"အမလေး...မလုပ်ပါနဲ့ ရှယ်လီရယ်၊ ကျွန်မ ပြောတာ ဒီသဘော မဟုတ်ပါဘူး။ ဥပဒေအရ အရေး ယူခံရမှာ ကျွန်မကြောက်လို့ပါ။ သူ့ကို ကျွန်မ လင် တစ်ယောက်လိုလဲ သဘောထားလို့မရတော့ဘူး။ အရမ်းရွံ အရမ်းမုန်းတာပဲ"

လို့ပြောလိုက်တယ်။ ရှယ်လီက တစ်စုံတစ်ရာကို လေးနက်စွာ ဆုံး ဖြတ်ပြီးပုံနဲ့

"ဒါဆိုရင် ဘာမှမပူနဲ့၊ ပုလိပ်တွေမရိပ်မိ အောင် လုပ်ကဲ့နည်းတွေ ရှိတယ်၊ ကျွန်မတို့ နည်း နည်းတော့စွန့်စားရမှာပေါ့"

လို့ပြောလိုက်တယ်။

မမြနွယ်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့်

"ကျွန်မ မစွန့်စားရဲဘူး။ ကြောက်တယ်၊ သူလို လူနဲ့ဖက်ပြီး မမိုက်ချင်ဘူး"

လို့ပြောလိုက်တယ်။

မမြနွယ်ရဲ့စကားကြောင့် ရှယ်လီက ခေါင်းခါယမ်းပြီး





"ငါတို့က မိုက်နေတာမဟုတ်ဘူး။ တဏှာရူး တစ်ယောက်ကို အပြစ် ဒဏ်ခတ်နေတာ၊ ဘာလဲ တကယ်တန်းကျတော့ တဏှာရူးယောက်ျားကို ရှင်မ စွန့်လွှတ်ရဲဘူးပေါ့ ဟုတ်လား။ သူ့ရဲ့အကြင်နာ အယု အယတွေကိုတမ်းတနေတယ်ပေါ့"

လို့မကျေမချမ်းပြောလိုက်တယ်။ မမြနွယ်က ကမန်းကတန်း လက်ကာပြပြီး

"မဟုတ်ရပါဘူး ရှယ်လီရယ်၊ ကျွန်မဘဝမှာ လူတစ်ယောက်ကို သတ်ဖို့မဆိုထားနဲ့ ခြင်တစ် ကောင်ကိုတောင် မသတ်ဘူးလို့ပါ"

လို့ပြောတယ်။ ရှယ်လီက သက်ပြင်းချပြီး

"ခြင်တစ်ကောင်ကို မသတ်ဘူးပေမဲ့ လူ တစ်ယောက်ကို သတ်ရမဲ့အချိန်ရောက်ပြီ၊ သူ့ရဲ့ သား ကောင် မိန်းမသားတွေရဲ့ နာကျင်ခံစားမှုအတွက် သူ့ကို အပြစ်ဒဏ်ခတ်ရမယ်၊ သူဟာ နောက်တစ် ကြိမ်ဆိုရင် ရှင့်ကို အသက်ရှင်ခွင့်ပေးမှာမဟုတ်ဘူး၊ ရှင်နှလုံးရောဂါထပြီး သေလုမျောပါး ခံစားနေချိန်မှာ


www.burmeseclassic.com

ရှင့် အသက်ကယ်ဆေးကို ဒီလူ ထမယူပေးဘူးဆို၊
ကမ္ဘာပေါ်မှာ ရှင်သေမယ် ဆိုရင် ဝမ်းအသာဆုံးလူ
ဟာ သူပဲ ဖြစ်မှာပဲ”

လို့ပြောတော့ မမြနွယ်ဟာ နလုံးရောဂါနဲ့ သေလုမျောပါးဖြစ်နေချိန်ကို မြင်ယောင်ပြီး ရင်ထဲမှာ နာကျင်သွားတယ်။ အဲဒီတုန်းက ကံကောင်းလို့ သူ မသေခဲ့တာပဲ။ ကိုထင်ကျော်ဟာ အငွေ့မတန် လောဘရမ္မက်ကြီးကဲ့သူပါ။ မမြနွယ်က ရှယ်လီကိုကြည့်ပြီး

“သူလိုချင်နေတဲ့ မဂိုလမ်းက သုံးထပ်တိုက်
ကြီးကို ကျွန်မ ရောင်းခွင့်ပေးလိုက်ရင် ဘယ်လိုလဲ”

လို့မေးမြန်းလိုက်တယ်။ ရှယ်လီက နှုတ်ခမ်းမဲ့လိုက်ပြီး

“စိတ်ကူးမယဉ်ပါနဲ့ မိန်းကလေးတွေ အများ
ကြီးထပ်ပြီး စော်ကား ခံရလိမ့်မယ်၊ ရှင့် ယောက်ျား
တကျာရှူးဟာ မိန်းမတွေရဲ့မေတ္တာကို ရယူတာ
မဟုတ်ဘူး၊ မိန်းမသားတွေရဲ့ အပျိုစင်ဘဝကို
လိုက်ပြီး နင်းချေဖျက်ဆီးနေတာ ဒီလိုလူမျိုးဟာ
အပြစ်ဒဏ်ခံထိုက်တယ်၊ သူ့ရဲ့ ယုတ်မာကောက်
ကျစ်မှုအတွက် သူပြန်ပြီး ပေးဆပ်ရမယ်၊ ဒါဟာ





တရားမျှတတဲ့ စီရင်ချက်ပါစ်ခုပဲ”

လို့ပြောလိုက်တော့ မမြနွယ်ဟာ ရှယ်လီကို စကားမတုံ့ပြန်နိုင်ဘဲ တွေငေးငေးဖြစ်သွားတယ်။

သူ့ယောက်ျား ကိုထင်ကျော်ဟာ မိန်းမတွေရဲ့ဘဝကို ဖျက်နေတာအမှန်ဘဲ။ သူဟာ ရှယ်လီပြောသလို အပြစ်ဒဏ်ခံထိုက်တယ်။ ဒါပေမဲ့ အပြစ်ပေးဖို့ မမြနွယ် မဝံ့ရဲဘူး။ တရားဥပဒေဆိုတာ ရှိသေးတယ်။ ဘယ်လိုလုပ်ရမလဲ။

မမြနွယ်ဟာ တွေးရင် ရင်ထဲမှာ တုန်ယင်လာတယ်။ မျက်လုံးထဲမှာလဲ အရာရာဟာ နှစ်ထပ်ဖြစ်နေတယ်။

အသက်ရှူမဝဘဲ မောပန်းသလို ဖြစ်လာတယ်။ သူမရဲ့နှလုံးရောဂါထလာပြန်တဲ့အတွက် အိတ်ထဲက ဆေးဘူးကိုထုတ်ပြီး ကမန်းကတန်းသောက်လိုက်ရတယ်။

ရှယ်လီက မမြနွယ်ရဲ့နှလုံးရောဂါအခြေအနေ ဆိုးဝါးလာတဲ့အတွက် သူမ စကားကို ဆက်မပြောဘဲ ရပ်တန့်လိုက်တယ်။

ကိုထင်ကျော် ဒီတစ်ခေါက် ခရီးထွက်သွားတာ ရက်တော်တော်ကြာတယ်။

ရှယ်လီကို စော်ကားပြီး တစ်လလောက်ကြာမှ ဟန်မပျက်



www.burmeseclassic.com

အိမ်ကိုပြန်လာတယ်။

ကိုထင်ကျော်ဟာ မိန်းမတွေကို ဖျက်ဆီးနေကျဆိုတော့ ရယ်လို့ ကိစ္စအတွက် စိုးရိမ်သောကရှိပုံမရဘူး။

အပြစ်ကင်းမဲ့တဲ့လူတစ်ယောက်လို ဣန္ဒြေမပျက် ပြန်ရောက်လာတယ်။

ကိုထင်ကျော်ဟာ အိမ်ကိုပြန်ရောက်ပြီး နောက်တစ်နေ့မှာ ထူးခြားတဲ့အပြုအမူတစ်ခုကို လုပ်တယ်။

အရင်ကဆိုရင် ကိုထင်ကျော်ဟာ မမြနွယ်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မအောက်မေ့ဘူး။

အခုတော့ ဒီလိုမဟုတ်ဘူး။ ရန်ကုန်မြို့ထဲကို ကိုယ်တိုင်သွားပြီး တရုတ်စာတွေကို ဖွယ်ဖွယ်ရာရာ ဖြစ်အောင်ဝယ်ခဲ့တယ်။

အိမ်ကိုပြန်ရောက်တော့ ဝရန်တာမှာ စားပွဲကြီးခင်းပြီး တရုတ်စာတွေကို ကျကျနန တည်ခင်းတယ်။ ပြီးတော့ မမြနွယ်ကို နေ့လယ်စာ အတူတူစားဖို့ ဖိတ်ခေါ်တယ်။

ကိုထင်ကျော်ရဲ့ စကားသံတွေဟာ သာမာန်အခြေအနေထက် ထူးခြားပြီး ထူးထူးခြားခြားချိုမြနေတယ်။

"တို့နှစ်ယောက်အတူတူ နေ့လယ်စာ မစား





ရတာ ကြာပြီ ဟောဒီ မှာနင်ကြိုက်တဲ့ တရုတ်စာတွေ ဝယ်လာတယ် အတူတူ စားလိုက်ကြရအောင်"

လို့ပြောတယ်

မမြနွယ်ဟာ ကိုထင်ကျော်ရဲ့ အပြုအမူတွေ ထူးဆန်းနေလို့ နည်းနည်းတော့ အံ့သြသွားတယ်။

ဒါပေမဲ့ ကိုထင်ကျော်နဲ့အတူ ထမင်းမစားချင်တဲ့အတွက် ငြင်းဆန်လိုက်တယ်။ မမြနွယ်က မျက်နှာရှုံ့မဲ့ပြီး

"ကျွန်မ မဆာသေးဘူး၊ ရှင်ဘာသာပဲစား လိုက်ပါ"

လို့ပြောလိုက်တယ်။

ကိုထင်ကျော်က လက်မခံဘဲ

"ငါတစ်ယောက်ထဲစားလို့ ဘယ်ဖြစ်မှာလဲ၊ တို့နှစ်ယောက်အတူတူ စားချင်လို့ တရုတ်တန်းက တကူးတကသွားပြီး ဝယ်လာခဲ့တာကွ၊ လာစမ်းပါ မိန်းမရယ်"

လို့ ညုတုတုအသံနဲ့ပြောလိုက်တယ်။ မမြနွယ်ဟာ ထုံးစံအတိုင်း ငြင်းဆန်လို့မရမှန်းသိတဲ့အတွက် စိတ်ဆင်းရဲစွာနဲ့ ထမင်းဝိုင်းမှာ ဝင်ထိုင်



www.burmeseclassic.com

လိုက်တယ်။ ကိုထင်ကျော်ဟာ စားသောက်ဖွယ်ရာတွေကို မမြနွယ်ရဲ့ ပန်းကန်ထဲကို ကိုယ်တိုင်ခပ်ထည့်ပေးတယ်။

မမြနွယ်ဟာ ကိုထင်ကျော်ကို ရွှံ့ရှာလွန်းလို့ တို့ကနန်း ဆိတ်ကနန်း စားနေတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ကို ခဏတာပဲ ဟန်ဆောင်နိုင်တယ်။ ခဏကြာတော့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်ပေါ်ထွက်လာတယ်။

"မဂိုလမ်းက သုံးထပ်အိမ်ကြီးကို ရောင်း
လိုက်ပါလားကွာ၊ ငါ့ရဲ့ သစ်ကုန်သည် အလုပ်ကလဲ
အရင်လိုမကောင်းတော့ဘူးကွ၊ ဗြိတိသျှ ဘားမား
ကုမ္ပဏီက အရာရာလိုက်ပြီး စွက်ဖက်နေတယ်။
ဒါကြောင့် သစ်ကုန်သည်အလုပ်ကို စိတ်ကုန်နေပြီ"

လို့ပြောတော့ မမြနွယ်က သက်ပြင်းချလိုက်ပြီး

"ရှင်ဘာဖြစ်လို့ အိမ်ရောင်းဖို့ကိစ္စကို ခဏ
ခဏ ပြောနေရတာလဲ၊ အိမ်ရောင်းလို့ မဖြစ်ဘူးလို့
ရှင့်ကို အကြိမ်ကြိမ်ပြောပြီးပြီ၊ အဖေ့ကိုပေးခဲ့တဲ့
ကတိ ဖျက်လို့မရဘူး၊ အဖေ့ရဲ့နောက်ဆုံးဆန္ဒကို





ကျွန်မ လိုက်နာရမယ်၊ ရှင် အလုပ်တွေမကောင်း
ဘူးဆိုရင်လဲ အဖေထားခဲ့တဲ့ လယ်တွေအများကြီး
ကျန်သေးတယ်၊ လယ်တွေကရတဲ့ သီးစားခတွေကို
ကျွန်မတို့ စားလို့ တောင်မကုန်ပါဘူး"

လို့ပြောလိုက်တယ်။ မမြနွယ်ရဲ့စကားကြောင့် ကိုထင်ကျော်ရဲ့ မျက်နှာပျက်သွားပြီး

"မင်းဟာ ငါ့ဘက်ကို ဘယ်တော့မှထည့်မစဉ်းစားဘူး၊ ငါက ယောကျ်ားကွ၊ မိတ်ဆွေအသိုင်းအဝိုင်းများတယ်၊ ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်ပြီး ကုတ်ကပ်စားလို့မရဘူး၊ ကုန်သည်တွေကြားမှာ တူတူတန်တန်သုံးစွဲဖို့လဲ လိုသေးတယ်"

လို့ပြောလိုက်တယ်။ မမြနွယ်က ခေါင်းခါယမ်းလိုက်ပြီး

"ဒါဆိုရင် ရှင်တစ်လစာ သုံးစွဲဖို့ပိုက်ဆံ
ဘယ်လောက်လိုချင်သလဲ၊ ကျွန်မ ထုတ်ပေးမယ်၊
အိမ်ကြီးကိုတော့ ရောင်းစရာမလိုဘူး"

လို့ပြောလိုက်တယ်။ ကိုထင်ကျော်ကတော့ မမြနွယ်ရဲ့ စကားကို နားထဲဝင်ပုံမရဘူး။

မမြနွယ်က စကားနည်း ရန်စဲပြောလိုက်တာပါ။ တကယ်တော့


www.burmeseclassic.com

ကိုထင်ကျော်နဲ့ ဟစ်စားပွဲတာညီးထိုင်နေရတာ ကိုယ့်ကိုယ်ကိုယ် ရှုံ့ရှ ပါပြီ။ ကိုထင်ကျော်က ဟစ်လေတ သုံးစွဲစရိတ်ရမယ်ဆိုတာတော့ လက်မခံဘဲ အိမ်ရောင်းဖို့ပြောနေတယ်။

ကိုထင်ကျော်က မမြနွယ်ကိုကြည့်ပြီး

"ဩော်... ငါသိပြီ၊ ငွေတွေရရင် မိန်းမတွေနဲ့ ရှုပ်ပွေမယ်လို့ ထင်နေတာကိုး၊ တကယ်တော့ ဘယ် မိန်းမနဲ့မှ မရှုပ်ပွေတော့ဘူးလို့ ငါ ဆုံးဖြတ်ပြီးပါပြီ၊ မငို လမ်းက သုံးထပ်တိုက်ကြီးရောင်းပြီးရင် မင်းနဲ့ပဲ သစ္စာရှိရှိနေပေတော့မယ်၊ ငါ့ကိုယုံစမ်းပါကွာ"

လို့ပြောတယ်၊ မမြနွယ်ကတော့ ကိုထင်ကျော်ကို ခွေးမြီး ကောက် ကျည်ထောက်စွပ်လို့ပဲ မြင်မိတယ်။

ကိုထင်ကျော်နဲ့ ပေါင်းသင်းတာကြာလို့ သူ့မျက်လုံးထဲက မုသာ တွေကို အလွတ်ရနေပါပြီ။

ကိုထင်ကျော်လို တဏှာရူးဟာ မိန်းမနဲ့ကင်းပြီး ဘယ်တော့မှ မနေတတ်ဘူး။

"ရှင့်ကိုယုံကြည်ဖို့ထက် အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက်ရဲ့တွာရားကိုသိရင်ပြီးတာပဲ"





လို့ပြောလိုက်တယ်။ ကိုထင်ကျော်က

"ငါသိပါပြီကွာ၊ ဒီအချိန်ကစပြီး သစ္စာရှိရှိ နေတော့မယ်လို့ မင်းကို ကတိပေးထားပြီးပြီပဲ၊ ဘာလဲ မင်းက ကိုယ့်ကို မယုံဘူးပေါ့၊ ငါ မင်းကို ဘယ် လို သစ္စာရှိမယ်ဆိုတာ အခုပဲ သက်သေပြမယ်"

လို့ဆိုပြီး မမြနွယ်ကို အိမ်ထဲကို အဓမ္မဆွဲခေါ်သွားတယ်။

မမြနွယ်ဟာ ရှန်းကန်ရင်း ကိုထင်ကျော်ရဲ့အနောက်ကို ပါသွား တယ်။

အိပ်ခန်းထဲရောက်တော့ ရုန်းကန်းရင်း ခုတင်ပေါ်ကို နောက် ပြန်လဲကျသွားတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ကို ပွေ့ဖက်နမ်းရှုံ့ပြီး သူစိတ်တိုင်းကျ ချစ်ဗျူဟာခင်းတယ်။

မမြနွယ်ဟာ စက်ဆုပ်ရွံရှာဖွယ်ရာ အိပ်မက်ဆိုးကြီး မြင်မက်နေ သလို ခံစားရတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ဆီက လိုချင်တာရဖို့အတွက် အစွမ်း ကုန်ကြိုးစားတယ်။

သူကျွမ်းကျင်တဲ့ နည်းအမျိုးမျိုး အဖုံဖုံနဲ့ ချစ်တင်းနီးနှောတယ်၊


www.burmeseclassic.com

ကိုထင်ကျော်ဟာ သူ့အချစ်နဲ့ မိန်းမတော်တော်များများကို အရည်ပျော်အောင် လုပ်နိုင်စွမ်းရှိတယ်။

အတိတ်ကာလတုန်းက မမြနွယ်ကိုယ်တိုင်လဲ အရည်ပျော်ကျခဲ့တာပါပဲ။

ဒီနေ့တော့ မမြနွယ်ရင်ထဲမှာ မုန်းတီးရွံရှာမှုတွေပဲရှိတယ်၊ ရင်ခုန်မှု မရှိတော့ဘူး။ မမြနွယ်ဟာ စက်ရုပ်တစ်ရုပ်လိုပဲ ဖြစ်နေတယ်။

ကိုထင်ကျော်ဟာ အတန်ကြာတဲ့အခါမှာ ခုတင်ပေါ်ကထပြီး ရေတစ်ခွက်ကို သောက်တယ်။

ပြီးတော့ မမြနွယ်ကို ပြိတ်တိတ်မျက်လုံးနဲ့ ကြည့်ပြီး

"ဘယ်လိုလဲ မင်းကျေနပ်ပြီလား၊ ကိုယ့်သစ္စာတရားကို ယုံပြီ မဟုတ်လား။ အိမ်ကြီး ရောင်းဖို့ သဘောတူပြီပေါ့"

လို့မေးတယ်၊ မမြနွယ်က ကိုထင်ကျော်ကို ရွံရှာဟန်နဲ့ ကြည့်ပြီး

"ရှင်နဲ့ကျွန်မ ဘယ်လိုမှ ပေါင်းစီးလို့မရတော့ဘူး၊ ရှင်ဘယ်လို ကြိုးစားကြိုးစား အတုအယောင်ပဲဆိုတာ သိတယ်၊ ရှင်အိမ်ကြီးကိုရောင်းဖို့အတွက် ဟန်ဆောင်ချစ်ပြနေရင်တော့ ရှင်မော ပြီး





အသက်ထွက်သွားရုံရှိမယ်၊ ကျွန်မကတော့ အိမ်ကြီးကို ဘယ်တော့မှမရောင်းဘူး။ အဖေ့စကားကို မဖယ်ရှားဘူး။ ဒါ ကျွန်မရဲ့ အနိုင်မာဆုံး ဆုံးဖြတ်ချက်ပဲ"

လို့ပြောလိုက်တယ်။ မမြနွယ်ရဲ့စကားကြောင့် ကိုထင်ကျော်ရဲ့ ဟန်ဆောင်မျက်နှာဖုံး ကွာကျသွားတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ကို မီးဝင်းဝင်းတောက်တဲ့ မျက်လုံးတွေနဲ့ကြည့်ပြီး ဒေါသကကြီး အော်ဟစ်ဆဲဆိုတယ်။ ပြီးတော့ မမြနွယ်ကို တစ်ချက်ပြီးတစ်ချက် ရက်ရက်စက်စက် ရိုက်နှိက်တယ်။

မမြနွယ်က ကိုယ်ခန္ဓာက နာကျင်တာထက် ရင်ထဲကပိုပြီး နာကျင်တယ်၊ ဒါကြောင့် နလုံးရောဂါထပြီး အမောဖောက်လာတယ်၊

ခဏကြာတော့ အသက်ရှူကြပ်ပြီး မမြနွယ်မေ့မျောသွားတယ်။

မမြနွယ်သတိရလာတော့ သူ့အနီးမှာ စိုးရိမ်တကြီးနဲ့ရှိနေတဲ့ ဆရာမ ရှယ်လီကိုတွေ့ရတယ်၊ ရှယ်လီက မမြနွယ်ကိုကြည့်ပြီး

"ဘယ်လိုဖြစ်တာလဲ မြရယ်၊ မြတို့အိမ်ဘက်က ဆူဆူညံညံအသံတွေ ကြားရတယ်၊ ကျွန်မ ချောင်းကြည့်နေတုန်း ရှင့်ယောကျ်ား အထုပ်အပိုးဆွဲပြီး အိမ်ထဲက ထွက်သွားတာမြင်လိုက်တယ်။



www.burmeseclassic.com

ရှင်ကို ကျွန်မစိုးရိမ်လို့ ဒီဘက်ကူးလာတော့ မျက်နှာတစ်ခုလုံး ဖူးယောင်ပြီးသွေးတွေ ရွှဲနေတာမြင်ရတယ်။ ဒီလူ မြအပေါ် ရက်စက်လှချည်လား”

လို့ပြောတယ်။

“ရက်စက်တာတော့ မပြောနဲ့၊ ကျွန်မ ခံရပေါင်း များလှပါပြီ၊ ကျွန်မ ရဲ့ဝဋ်ကြွေးပဲပေါ့ရှင်”

လို့ပြောလိုက်တယ်။ ရှယ်လီက မမြနွယ်ရဲ့မျက်နှာပေါ်က ဒဏ်ရာတွေကို စိတ်မကောင်းဟန်နဲ့ကြည့်ပြီး

“ဒီလူ သိပ်မိုက်ရိုင်းတာပဲ၊ မျက်နှာတစ်ခု လုံး ဖူးယောင်နေတာပဲ၊ မျက်လုံးတွေမှာ အညို အမည်းစွဲပြီးနှုတ်ခမ်းကသွေးတွေလဲ ထွက်နေတယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် ရိုက်နက်ညှင်းပန်းသွားတာလဲ”

လို့ မေးမြန်းလိုက်တယ်။

မမြနွယ်က ရင်ထဲမှာ နာကျင်စွာနဲ့

“ထုံးစံအတိုင်း မဂိုလမ်းကတိုက်ကြီး မရောင်းလို့ ကျွန်မကို ရိုက်နက်သွားတာ။ ဒါပေမယ့် ကျွန်မ အသက်သေချင်သေသွားပါစေ၊ ကျွန်မ အဖေရဲ့နောက်ဆုံးဆန္ဒကို ဘယ်တော့မှ မပျက်စီးစေရဘူး”

လို့ပြောတယ်။ ရှယ်လီက မမြနွယ်ကို အားမကိုးအားမရဟန်နဲ့ ကြည့်ပြီး

“ဒီမှာမြ... သူလိုလူကို ရှင် ဒီနေ့ထိ ခွင့်လွှတ်လို့ရသေးသလား။ သူ အနိုင်ကျင့်သမျှ ရှင်ဆက်ပြီး ခေါင်းငုံ့ခံနေမှာလား။ သူ့ကိုပြန်ပြီး အပြစ်ဒဏ်ခတ်ဖို့ မကြိုးစားတော့ဘူးလား။ ဒီ အချိန်မှာ ကျွန်မတို့ စွန့်စားဖို့အချိန်တန်ပြီ”

လို့ပြောတယ်။ မမြနွယ်ဟာ ကိုထင်ကျော်ကို အသည်းယားစ ရကြည်းနေပါပြီ။ ဒါကြောင့် အံကိုကြိတ်ပြီး

“ကျွန်မ သူ့ကိုသိပ်နာကြည်းနေပြီ၊ အရင် လို သည်းခံစိတ်ထားလို့ လဲမရတော့ဘူး။ သူလိုလူ ဟာ ငရဲပြည်ကို သွားဖို့သင့်နေပြီ၊ သူ့ကို လက် စားချေဖို့ ကျွန်မသဘောတူပြီ၊ ရှင်လုပ်ချင်တာ လုပ်”

လို့ပြောလိုက်တယ်။ မမြနွယ်ရဲ့ စကားကြောင့် ရှယ်လီက စိတ်


www.burmeseclassic.com

အားတက်ကြွစွာနဲ့

"မြရဲ့ ဆုံးဖြတ်ချက်တွေ မှန်ကန်သွားပြီ၊
သူဟာ ကျွန်မတို့ မိန်းမသားထုတစ်ရပ်လုံးအတွက်
အနွံရာယ်ပဲ၊ သူလိုလူ လောကမှာရှိနေသရွေ့ မိန်း
ကလေးတွေ ဒူးနဲ့မျက်ရည် သုတ်နေရမှာပဲ၊ မိန်းမ
သားထုအတွက် ကျွန်မတို့နှစ်ယောက် အနစ်နာခံ
လိုက်ကြရအောင်"

လို့ပြောလိုက်တယ်။ မမြနွယ်က ကိုထိုင်ကျော်ကို မုန်းတီးစိတ်နဲ့ လက်စားချေဖို့ သဘောတူလိုက်တယ်။ ဒါပေမယ့် ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်တော့ ရန်ကိုရန်ချင်း တုံ့နှင်းတာ မကောင်းဘူးလို့ ယူဆလိုက်တယ်။

တရားဥပဒေအရ အပြစ်ပေးခံရမှာလည်း ကြောက်ရွံ့တုန်လှုပ်မိတယ်။ ဒါကြောင့် စိတ်အားတက်ကြွနေတဲ့ ရှယ်လီကို ကြည့်ပြီး

"သူ့ကိုအပြစ်ဒဏ်ခတ်တာတော့ ဟုတ်ပါပြီ၊
ဒါပေမဲ့ တရားဥပဒေကတော့ လက်ပိုက်ကြည့်နေ
မှာ မဟုတ်ဘူး၊ ကျွန်မတို့ကို ပုလိပ်တွေဖမ်းမှာ
ကြောက်တယ်"





လို့ပြောတယ်။ ရှယ်လီက မမြနွယ်ရဲ့ ပခုံးကိုဖက်လိုက်ပြီး

"ကြောက်စရာမလိုပါဘူး မြရယ်၊ ကျွန်မတို့
အကွက်ချပြီး စီစဉ်ရင် ပုလိပ်တွေ မရိပ်မိအောင်
လှည့်စားလို့ရပါတယ်၊ ဒီအတွက် ရှင်ဘာမှ မပူနဲ့၊
လူယုတ်မာကို ရေပြည်ပို့ဖို့ ကျွန်မ တာဝန်ထား၊
ကျွန်မတို့ ခေါင်း အေးအေးထားပြီး လုပ်ကြမယ်"

လို့ပြောလိုက်တယ်။ မမြနွယ်ကလဲ ရှယ်လီ ပခုံးကိုပြန်ဖက်ထားလိုက်ပြီး သူမ တစ်ကိုယ်လုံး စိတ်လှုပ်ရှားမှုကြောင့် တဆက်ဆတ်တုန်နေတယ်။ ဒီအချိန်ကစပြီး ရှယ်လီရဲ့ လမ်းညွှန်မှုတွေကို လိုက်နာတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်


www.burmeseclassic.com

ရှယ်လီဟာ ရက်အနည်းငယ်ကြဲဆပြီးတော့ လူယုတ်မာ ကိုထင်ကျော်ကို ရှင်းပစ်နိုင်မဲ့နည်းလမ်းကို ရတယ်။

ရှယ်လီဟာ သူ့အကြံကို မမြနွယ်သိအောင်ပြောပြတယ်။ မမြနွယ်ဟာ ရှယ်လီ့စကားကို နားထောင်ပြီးတော့

"ဟင်... ဒါဆိုရင် ကျွန်မတို့ လူယုတ်မာ သောက်မဲ့ နွားနို့ထဲကို ဆေးခပ်ရမှာပေါ့"

လို့ပြောတယ်။ ရှယ်လီက ခေါင်းညိတ်လိုက်ပြီး

"ဟုတ်တယ်၊ သူသောက်မဲ့နွားနို့ထဲကို အိပ်





ဆေးပြင်းပြင်းထည့် ထားလိုက်ရင် သူတော်တော်ကြာကြာ အိပ်ပျော်နေလိမ့်မယ်"

လို့ပြောတယ်။ မမြနွယ်က စိတ်လှုပ်ရှားတဲ့အမူအယာနဲ့

"သူအိပ်ပျော်ပြီးရင် ကျွန်မတို့ဘာယ်လို ဆက်လုပ်ကြမှာလဲ"

လို့မေးမြန်းတယ်။ ရှယ်လီက အိမ်အနောက်ဘက် ပြတင်းပေါက်ဆီကိုလျှောက်လှမ်းသွားပြီး

"ပြတင်းပေါက်ကနေ ဟိုးအဝေးကို ကြည့်လိုက်စမ်းမြ၊ အဲဒီမှာ လူယုတ်မာထင်ကျော်ရဲ့သချိုင်း ရှိတယ်"

လို့ ပြောတယ်။ မမြနွယ်က အိမ်အပေါ်ထပ် ပြတင်းပေါက် ကနေ လှမ်းကြည့်လိုက်တော့ အိမ်ရဲ့အနောက်ဘက်ခပ်လှမ်းလှမ်းမှာ ရေတွင်းပျက်ကြီးတစ်ခုရှိတယ်။ ရေတွင်းပျက်ကြီးအနီးမှာလဲ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်စွာ ပေါက်ရောက်နေတယ်။ ရေတွင်းပျက်ကြီးကို မသုံးဖြစ်တာ နှစ်ပေါင်းအတော်ကြာပါပြီ။ ဟိုးအရင်တုန်းကတော့ ရေတွင်းပျက်ကြီးကို ပတ်ဝန်းကျင်က ဆင်းရဲသားတွေ အသုံးပြုကြတယ်။ ဒီရေတွင်းပျက်ကြီးထဲမှာ လူယုတ်မာထင်ကျော်ရဲ့ သချိုင်းရှိတယ်ဆိုပါလား။


www.burmeseclassic.com

မမြနွယ်က စိတ်လှုပ်ရှားဟန်နဲ့

"လူယုတ်မာကို ရေတွင်းပျက်ကြီးထဲကို ချမယ် ပေါ့ဟုတ်လား။ သူ့ ခန္ဓာကိုယ်ကြီးကို ဘယ်လိုသယ်ကြမှာလဲ"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက လက်ကာပြပြီး

"ဒီအတွက် ဘာမှမပူပါနဲ့၊ ကျွန်မ စဉ်းစားထားပြီးပါပြီ၊ ရှင်တို့ အိမ်မှာ လူတစ်ကိုယ်စာ ကောင်းကောင်းသယ်နိုင်တဲ့ တွန်းလှည်းလေးတစ်စီးတွေ့တယ်၊ ဒီတွန်းလှည်းကို အသုံးချရင်ရတာပဲ"

လို့ပြောတယ်။ မမြနွယ်က အိမ်ရဲ့ပြတင်းပေါက်ကနေ အနောက်ဘက် မြင်ကွင်းကို ကြည့်ပြီး

"ကျွန်မတို့ကို အိမ်နားချင်းတွေ တွေ့သွားနိုင်ကယ်နော်"

လို့ပြောတယ်။ ရှယ်လီက ခေါင်းညိတ်ပြီး

"ကျွန်မတို့ စွန့်စားရမှာပေါ့၊ ဒါပေမဲ့ ကျွန်မတို့အိမ်ကနေ ရေတွင်းပျက်ဆီကို သွားမဲ့လမ်းဟာ





ချုံနွယ်ပိတ်ပေါင်းတွေထူတယ်၊ ကျွန်မ လေ့လာကြည့်တော့ အဲဒီလမ်းကို အသုံးပြုသူ မရှိသလောက်ပဲ၊ အနီးပတ်ဝန်းကျင်က အိမ်တွေကို လေ့လာကြည့်တော့ ရှင်တို့အိမ်နဲ့ ကျွန်မတို့အိမ်နှစ်လုံးပဲ လူရှိတယ်၊ ကျွန်မတို့အိမ်နှစ်လုံးရဲ့ပတ်ဝန်းကျင်မှာ လူနေနည်းပါတယ်၊ ကျွန်မတို့ သုံးအိမ်ကျော်မှာ ငွေတိုးချေးစားတဲ့ အဘိုးကြီး အဘွားကြီး လင်မယားရှိတယ်၊ သူတို့နှစ်ယောက် မျက်စိကောင်းပုံမရဘူး၊ လေးအိမ်ကျော်မှာတော့ ဆံပင်ညှပ်ဆရာမိသားစုရှိတယ်၊ ရှင်တို့အိမ်ရဲ့ နှစ်အိမ်ကျော်မှာ စပါးပွဲစားလင်မယားရှိတယ်၊ စပါး ပွဲစားအိမ်ရဲ့ကပ်လျက်မှာ စတီးဘရားသားက စာရေးမ ညီအစ်မရှိတယ်၊ စာရေးမ နှစ်ယောက်နဲ့ တစ်ဝန်းထဲမှာပဲ အသက်အာမခံကိုယ်စားလှယ် ယောက်ျားတစ်ယောက်ရှိတယ်"

လို့ ရှည်ရှည်ဝေးဝေးပြောပြလိုက်တော့ မမြနွယ်က ရှယ်လီကို အံ့သြဟန်နဲ့ကြည့်ပြီး

"ရှယ်လီက ရောက်တာမကြာသေးပေမဲ့


www.burmeseclassic.com

ပတ်ဝန်းကျင်ကို အတော်သိနေတာပဲ"

လို့ချီးမွမ်းလိုက်တယ်။ ရှယ်လီက သက်ပြင်းချပြီး

"ကျွန်မတို့ကိစ္စက အကွက်ကျကျ စီမံမှုဖြစ်မယ်၊ ကျွန်မတို့ နည်းနည်းလေးမှ လွဲမှားလို့မရဘူး။ လွဲမှားသွားတာနဲ့ နှစ်ယောက်စလုံး ထောင်နန်းစံရမယ်၊ ဒါပေမဲ့ ကျွန်မတို့ ကံကောင်းတာက အိမ်အနောက်ဘက်လမ်းကို အသုံးပြုသူမရှိဘူး။ ဒါကြောင့် ချုံနွယ်တွေထူထပ်နေတာပေါ့။ နောက်ပြီးတော့ အနီးပတ်ဝန်းကျင်က အိမ်တွေအားလုံး တစ်ထပ် အိမ်ကလေးတွေပဲဖြစ်နေတယ်၊ သူတို့အိမ်ကနေ ရေတွင်းပျက်ရှိတဲ့နေရာကို လှမ်းမျှော်ကြည့်ဖို့ခက်တယ်"

လို့ပြောတော့ မမြနွယ်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ကျွန်မတို့အိမ် အပေါ်ထပ်က ရေတွင်းပျက်ကို ကောင်းကောင်းမြင်ရတယ်၊ ဒါနဲ့ နေပါဦး၊ ဒီလူရဲ့ ကိုယ်ခန္ဓာကြီးကို ရေတွင်းပျက်ထဲ သွားချမယ်ဆိုတော့ ဘယ်အချိန်လောက်မှာ လုပ်ကြ





မှာလဲ"

လို့မေးမြန်းလိုက်တယ်။ ရှယ်လီက မျက်မှောင်ကြုတ်ပြီးတော့

"လူယုတ်မာကို နွားနို့ထဲမှာ ဆေးခပ်ရဦးမယ် ဆိုတော့ အချိန်ကိုတော့ ကျွန်မတို့ သိပ်ပြီး တွက်ဆထားလို့မရဘူး။ ညနေ နေဝင်ကာနီး အချိန်ဆိုရင်တော့ အကောင်းဆုံးဖြစ်လိမ့်မယ်၊ ညမှောင်မှောင်ထဲမှာဆိုရင် ချုံနွယ်တွေ ထူထပ်တဲ့ လမ်းမှာ လှည်းတွန်းလို့ မလွယ်ကူဘူး"

လို့ပြောတယ်။ မမြနွယ်ဟာ အတန်ကြာအောင် ငြိမ်သက်ပြီး ကိုထင်ကျော်ကို လုပ်ကြံမဲ့နည်းလမ်းကို စဉ်းစားဆင်ခြင်ကြည့်တယ်။

ဒီလိုစဉ်းစားရင်း သူမရဲ့ ရင်တွေ တဒိတ်ဒိတ်ခုန်လာတယ်။ လူတစ်ယောက်ရဲ့ အသက်ကို ရက်ရက်စက်စက် လုပ်ကြံလို့ဖြစ်မဖြစ် သူမကိုယ်သူမ ပြန်သုံးသပ်ကြည့်တယ်။ ကြောက်စိတ်ကြောင့် သူမ ရင်တွေ တလှပ်လှပ် တုန်ယင်လာတယ်။ ဘယ်ဘက်ရင်ဘတ်အောင့်ပြီး မျက်နှာတစ်ပြင်လုံး ဖြူဖတ်ဖြူရော်ဖြစ်လာတယ်။

ရှယ်လီက မမြနွယ်ရဲ့အမူအရာကိုကြည့်ပြီး နှလုံးရောဂါဆေးကို အပြေးအလွှားသွားယူပေးတယ်။ မမြနွယ်ဟာရေတစ်ခွက် ငုံပြီးဆေးကို



www.burmeseclassic.com

မြန်မြန်သောက်လိုက်တော့မှ ရင်ထဲမှာ တစ်ဆို့နေတာ လျော့ကျသွားတယ်။

ရင်ဘတ်နေရာက အောင့်နေတာတော့ မပျောက်သေးဘူး။ ရှယ်လီ က မမြနွယ်ကို မသက်မသာဟန်နဲ့ ကြည့်ပြီး

"စိတ်အေးအေးထားပါမြရယ်၊ ကျွန်မတို့ အောင်မြင်မှာပါ။ သဘာဝ တရားကိုယ်စား ကျွန်မတို့က လုပ်ပေးရတာပါ။ ကျွန်မတို့မှာ အပြစ်မရှိပါဘူး"

လို့ပြောတယ်။

မမြနွယ်က ရင်တုန်ပန်းတုန်နဲ့

"ရေတွင်းပျက်ထဲ မချမီ သူအိပ်ပျော်နေရာက သတိပြန်ရလာရင် ဘယ်လိုလုပ်မလဲ"

လို့မေးမြန်းတယ်။ ရှယ်လီက အံကိုကြိတ်ပြီးတော့

"ဒါဆိုရင်တော့ လူယုတ်မာကို ငရဲပြည်ပို့ပေးဖို့ ကျွန်မတို့ တာဝန် ဖြစ်သွားတာပေါ့။ သူ့ကို ပောဒီဓားနဲ့ ထိုးသတ်ရမယ်"

လို့ဆိုပြီး ခါးကြားမှာဆောင်ထားတဲ့ ဓားမြှောင်ကို ပြတယ်။





မမြနွယ်က ဓားမြှောင်ကို ထိတ်လန့်ဟန်နဲ့ ကြည့်ပြီး

"အို…ကျွန်မ မလုပ်ရဲဘူးနော်၊ ကြောက်တယ်၊ လူတစ်ယောက်ကို အရှင်လတ်လတ်ဓားနဲ့ ထိုးမသတ်ရဲဘူး"

လို့ငြင်းဆန်တယ်၊ ရှယ်လီက မမြနွယ်ကို စိတ်မသက်သာ ဟန်နဲ့ ကြည့်ပြီး

"မြရဲ့အနားက ဒီလူထွက်ပြေးတာ မြရဲ့ ပျော့ညံ့မှုတွေကြောင့်လားလို့ တွေးရမလိုဖြစ်နေပြီ၊ ပျော့ညံ့မှုရှိတဲ့လူဟာ ဆွဲဆောင်မှုမရှိဘူးမြရဲ့ ယောကျ်ားတစ်ယောက်ကို ပျော့ညံ့ညံ့နဲ့ ဆွဲဆောင် လို့မရဘူး၊ လူယုတ်မာကို ငရဲပြည်ပို့ဖို့အတွက် ရှယ်လီတာဝန်ထားပါ၊ မြကတော့ ရှယ်လီကို တတ်နိုင်သလောက် ကူလုပ်ပေးရမယ်၊ သူ မရှိတော့ဘူးဆိုရင် ကျွန်မတို့ လွတ်လပ်သွားမှာပါ၊ မြရဲ့ဘဝလဲ အေးအေးချမ်းချမ်း နေလို့ရပြီ"

လို့ အားပေးစကားပြောလိုက်တယ်။ မမြနွယ်ကတော့ အောင့်တောင့်တောင့်ဖြစ်နေဆဲဖြစ်တဲ့ ဘယ်ဘက် ရင်ဘတ်ကို လက်နဲ့ဖိပြီး



www.burmeseclassic.com

စိတ်မသက်သာဟန်နဲ့ ကြည့်နေတယ်။

ရှယ်လီလို သူငယ်ချင်းတစ်ယောက်သာမရှိရင် ဒီကိစ္စမျိုးကို သူမအနေနဲ့ ဘယ်တော့မှ လုပ်ဖြစ်မှာမဟုတ်ဘူးလို့ တွေးပြီး မမြနွယ်က ရှယ်လီရဲ့မျက်နှာကို အထင်ကြီးဟန်နဲ့ ကြည့်ပြီး

"ရှယ်လီက သိပ်သတ္တိရှိတယ်နော်၊ ဆုံးဖြတ်ချက်လဲ ပြတ်သားတယ်၊ ကျွန်မကတော့ ရှင်နဲ့ဆန့်ကျင်ဘက်ပဲ အရာရာကို ကြုံတွေ့ပြီး စိုးရိမ် ထိတ်လန့်နေတတ်တယ်"

လို့ ပြောတယ်။ ရှယ်လီက မမြနွယ်ရဲ့ပခုံးကို ညင်သာစွာပွေ့ဖက်လိုက်ပြီး

"စိုးရိမ်ထိတ်လန့်စရာတွေကို ဘယ်တော့မှ ကြိုတင်မတွေးနဲ့၊ စိုးရိမ်သောကဆိုတာ ကြိုတွေးရင်ပိုပြီး စိုးရိမ်လာတယ်၊ တကယ်တော့ လောကမှာ နေရာတိုင်းမှာ စိုးရိမ်စရာတွေရှိတယ်၊ လူ့ဘဝမှာ သောကတွေနဲ့ ပိုင်းရံထားတယ်၊ ဒါပေမဲ့ သောကတွေကို လက်ခံမယူရင် ကိုယ့်အနားကို လာလို့ မရဘူး"





လို့ပြောတယ်။ မမြနွယ်က ရှယ်လီရဲ့ပခုံးကို ပြန်ဖက်ပြီးတော့

"သူ့ရဲ့ကိုယ်ခန္ဓာကို ရေတွင်းထဲ ပစ်ချလိုက်ရင် အားလုံးပြီးဆုံးသွားပြီလား"

လို့မေးလိုက်တယ်။ ရှယ်လီက ခေါင်းညိတ်ပြီး

"ရေတွင်းပျက်ထဲမှာ ရေနည်းနည်းရှိသေးတယ်၊ သူ့အလောင်းက ရေထဲမှာပဲ နှစ်ပေါင်းများစွာကြာပြီး အရိုးဆွေးသွားမှာပဲ၊ မြကတော့ ပတ်ဝန်းကျင်ကို ကိုထင်ကျော်ခရီးထွက်သွားလို့ သတင်းလွှင့်ထားရမယ်၊ နှစ်တွေကြာလို့ သူပြန်မလာတော့ဘူးဆိုရင် တနယ်တကြေးမှာ နောက်ထပ် အိမ်ထောင်ပြုလိုက်ပြီလို့ သတင်းလွှင့်ရမယ်၊ လူယုတ်မာကောင်ကြီး သေတာတောင်မှ မကောင်းတဲ့ နာမည်ဆိုးနဲ့ သေစေရမယ်"

လို့ကြုံးဝါးလိုက်တယ်။

မမြနွယ်က ရှယ်လီရဲ့ ငြိုးမာန်ကြီးတဲ့အမူအရာကိုကြည့်ပြီးတော့

"ရှယ်လီက အငြိုးအတေး အင်မတန်ကြီးတယ်နော်၊ သူ့ကို လက်စားချေဖို့ ကျကျနန ကြံစည်


www.burmeseclassic.com

ထားတာပဲ၊ ကျွန်မဆိုရင်တော့ ရှယ်လီ လောက်
သတ္တိ မရှိပါဘူး၊ လူယုတ်မာကြီးလုပ်သမျှ ခေါင်းငုံခံ
နေရတာ များတယ်"

လို့ပြောတယ်။ ရှယ်လီက စိတ်နာကြည်းဟန်နဲ့အံကိုကြိတ်လိုက်
ပြီး

"ကျွန်မရဲ့အပျိုစင်ဘဝကို ရက်ရက်စက်
စက် သိမ်းပိုက်သွားတာလေ၊ သူ့ကြောင့် ကျွန်မ
ဘဝပျက်ခဲ့ရတယ်၊ ကျွန်မ သူ့ကိုမလုပ်ကြဲဘူး ဆိုရင်
နောက်ထပ် အကြိမ်ကြိမ် ကျူးလွန်းဖို့ကြိုး စားမှာပဲ၊
လောလောဆယ် ဒီလူပျောက်နေတာ ကြာပြီ၊ ကျွန်မ
တို့ သတိထား ပြီးစောင့်ကြည့်ရမယ်၊ ဒီလူအတွက်
ရန်ကုန်မှာ နေစရာတစ်ခုတော့ ရှိပုံရတယ်၊ လွန်ခဲ့တဲ့
လက ကျွန်မကို အဓမ္မပြုကျင့်ပြီး တစ်လလောက်
ပျောက်သွားတယ်၊ နောက် ပြန်ရောက်လာပြီး မြကို
ရက်ရက်စက်စက် ရိုက်နှက်ပြန်တယ်၊ အခုတော့
ဒီလူပျောက်နေပြန်ပြီ၊ ကျွန်မအထင်တော့ ဒီလူဟာ
သစ်ကုန်သည်အလုပ်နဲ့ခရီးထွက်နေတာ မဟုတ်





ဘူး၊ ရန်ကုန်မြို့ပြတ်ဝန်းကျင်မှာ ခိုကပ်စရာရှိပုံ
ရတယ်"

ဟုပြောလေရာ မမြနွယ်က ရှုံ့ရှာဟန်နဲ့ မျက်နှာရှုံ့မဲ့လိုက်ပြီး

"သူ့အတွက် ခိုကပ်စရာဆိုရင်တော့ ကျွန်မ
တို့အပြင် မိန်းမတစ်ယောက်ဖြစ်လိမ့်မယ်၊ သူဟာ
မိန်းမတစ်ကောင်နဲ့ကင်းပြီး ဘယ်တော့မှ နေလို့
မရဘူး"

လို့ပြောလိုက်တယ်။

ရှယ်လီက အံကိုတင်းတင်းကြိတ်ပြီး

"သူ မကြာမီ ငရဲပြည်ရောက်တော့မှာပါ"

လို့ပြောလိုက်တယ်။



www.burmeseclassic.com

ရက်အနည်းငယ်အတွင်း ကိုထင်ကျော် မမျှော်လင့်ဘဲ ပြန်ရောက်လာတယ်။

မမြနွယ်ဟာ ကိုထင်ကျော်ကို ရုတ်တရက် မြင်လိုက်တော့ ကြက်သီးဖြန်းဖြန်းထသွားတယ်။ ရင်တုန်ပန်းတုန်လဲ ဖြစ်သွားတယ်။

ဒီလူကို အလွယ်တကူ သတ်နိုင်ပါ့မလားလို့လဲတွေးမိတယ်။

ကိုထင်ကျော်ကတော့ ထုံးစံအတိုင်း မမြနွယ်ကို ဖုတ်လေတဲ့ ငါးပိရှိတယ်လို့တောင် မအောက်မေ့ဘဲ အိပ်ခန်းထဲဝင်ပြီး တခေါ်ခေါ်နဲ့ အိပ်ပျော်နေတယ်။ သူ့ကိုကြည့်ရတာ ခရီးဝေးက ပြန်လာပုံရတယ်။





ဘာပဲဖြစ်ဖြစ် ဒီလူကြီးသေရမယ်လို့တွေးပြီး ပြတင်းပေါက်မှာ မျက်နှာသုတ်ပဝါအနီကို လှမ်းလိုက်တယ်၊ ဒီမျက်နှာသုတ်ပဝါအနီဟာ ကိုထင်ကျော်အတွက် သေမင်းခေါ်သံလေ။

မျက်နှာသုတ်ပဝါအနီကိုမြင်ရင် တစ်ဖက်အိမ်က ရှယ်လီဟာ ကိုထင်ကျော်ပြန်ရောက်ပြီဆိုတာ သိပြီပေါ့။ မမြနွယ်ဟာ စိတ်လှုပ်ရှားလွန်းလို့ ရုတ်တရက်ဘာလုပ်ရမှန်း မသိဘူး။ နောက်တော့မှ ခေါင်းအေးအေးထားပြီး လူယုတ်မာကို လုပ်ကြံမယ့်အစီအစဉ်တွေကို ပြန်စဉ်းစားတယ်။

ကိုထင်ကျော်အတွက် ပထမဦးဆုံး နွားနို့တစ်ခွက်လိုတယ်လို့ တွေးမိတယ်။ ဒါကြောင့် ကိုယ်ထင်ကျော်မနိုးမီ ခပ်လှမ်းလှမ်းက ခြံမှ နွားနို့တစ်ပိဿာသွားဝယ်တယ်။

အိမ်ကိုရောက်တော့ မီးမွှေးပြီး နွားနို့အိုးကို ကျိုလိုက်တယ်။ နွားနို့အိုးကို ကိုင်ထားတဲ့ သူမလက်တွေ တဆတ်ဆတ်တုန်ယင်နေတယ်။

နွားနို့ကျိုပြီးတော့ သကြားနဲ့ဆား နည်းနည်းထည့်လိုက်တယ်။

ကြက်ဥအစိမ်းသုံးလုံးနဲ့ သံပုရာသီးတစ်လုံးကိုလဲ ပန်းကန်တစ်လုံးနဲ့အသင့်ပြင်ထားလိုက်တယ်။

ကြက်ဥအစိမ်းနဲ့နွားနို့ကိုကြည့်ပြီး မမြနွယ်ရဲ့ရင်ထဲမှာ နာကျင်


www.burmeseclassic.com

လာတယ်။

ဒါတွေဟာ တဏှာရူးရဲ့လက်နက်တွေလေ။ သူဟာ မိန်းမတစ်ယောက်နဲ့ဆက်ဆံကာနီးမှာ နွားနို့ပျစ်ပျစ်တစ်ခွက်ကို သောက်တယ်။ ပြီးရင် ကြက်ဥသုံးလုံးကို ပန်းကန်လုံးထဲ ဖောက်ထည့်၊ သံပုရာရည်ညှစ်ပြီး သောက်လေ့ရှိတယ်။

ဒီလိုသောက်ပြီးရင် သူ့ရဲ့တဏှာရာဂစိတ်တွေ ပိုပြီး ကြွလာ တယ်။ သူတို့ရဲ့ အိမ်ထောင်ဦးကာလတွေမှာ မမြနွယ်ဟာ နွားနို့နဲ့ ကြက်ဥအစိမ်းတွေကို အကြိမ်ပေါင်းမရေတွက်နိုင်အောင် ပြင်ဆင်ပေးခဲ့ရတယ်။

ကိုထင်ကျော်ဟာ သူ့ရဲ့လက်နက်တွေအားကိုးနဲ့ ကာမဘီလူးစီးခဲ့ပုံတွေကို ပြန်လည်မြင်ယောင်တယ်။

အဲဒီတုန်းက သူမကိုယ်တိုင်လည်း ကာမရေယာဉ်ကြောမှာ မျောခဲ့ရတယ်။

အိမ်ထောင်ဦးကာလတွေဟာ ပျော်စရာအကောင်းဆုံးအချိန်တွေဖြစ်ခဲ့တယ်။ မမြနွယ်ဟာ အိမ်ထောင်ထိန်းသိမ်းဖို့ အစွမ်းကုန်ကြိုးစားခဲ့တယ်။

ကိုထင်ကျော် အလိုကျ လိုလေသေးမရှိအောင် နေပေးခဲ့တယ်။





ကိုထင်ကျော် ကျေနပ်အောင် အစွမ်းကုန် လိုက်လျောပေးခဲ့တယ်။ ကိုထင်ကျော်ကို သူ့ရဲ့အိမ်ဦးနတ်လို့ သဘောထားခဲ့တယ်။ ဒါကြောင့် ကိုထင်ကျော့် အလိုကို ဘယ်တော့မှ မငြင်းဆန်ခဲ့ဘူး။

ဒါပေမဲ့ ကိုထင်ကျော်ဟာ သူမကို အားရအောင် ပေါင်းသင်းပြီးတော့ ရိုးအီသွားတဲ့အချိန်မှာ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်ဟာတဖြည်းဖြည်းပေါ်လာတယ်။

မမြနွယ်ရဲ့ဖခင်ကြီး ဦးကြူ မရှိတဲ့အချိန်မှာ ကိုထင်ကျော်ဟာ တဏှာရူးလုံးလုံးဖြစ်သွားတယ်။

အိမ်ကို ကပ်တယ်ရယ်လို့မရှိတော့ဘူး။ အခြားသော မိန်းမအသစ်တွေနဲ့ပျော်ပါးနေတော့တာပဲ။

ဒီအချိန်ကစပြီး မမြနွယ်အတွက် အိပ်မရတဲ့ညတွေဖြစ်ခဲ့တယ်။ အိပ်ရာပေါ်မှာ လူးလွန့်ပြီး မိုးလင်းတဲ့ညတွေ မရေတွက်နိုင်အောင် များပြားခဲ့တယ်။

မမြနွယ်ဟာ ကိုထင်ကျော်အလိုကျ အစွမ်းကုန်ကြိုးစားပြီး နေကြည့်ပေးတယ်။ ဒါပေမယ့် ကိုထင်ကျော်ကတော့ သူမဘက်ကို ပြန် ပြီးလည်မလာတော့ပါဘူး။

မမြနွယ်ဟာ အရင်က ချစ်ခြင်းမေတ္တာအကြောင်းကို မသိခဲ့ဘူး။



www.burmeseclassic.com

ကိုထင်ကျော်နဲ့တွေ့မှ ချစ်ခြင်းမေတ္တာဆိုတာ နားလည်လာရတယ်။ မမြနွယ် ချစ်ခြင်းမေတ္တာကို အလွန်လိုလားတောင့်တချိန်မှာ ကိုထင်ကျော် အနားမှာမရှိတော့ပါဘူး။

အိပ်ရာပေါ်မှာ လူးလွန့်ပြီး ရက်စက်လိုက်တာ ကိုထင်ကျော်ရယ်လို့ အကြိမ်ကြိမ် ရေရွတ်ခဲ့မိတယ်။ မမြနွယ်ဟာ အတိတ်ကိုပြန်စဉ်းစားပြီး ပစ္စုပ္ပန်ကို ပြန်ရောက်သွားတော့ ပိုပြီး ရင်ဝှန်ပန်းတုန် ဖြစ် တယ်။

ဒါကြောင့် ဗီရိုထဲက ဆေးပုလင်းကိုယူပြီး ဆေးတစ်လုံးသောက်ထားလိုက်ရတယ်။

နှလုံးရောဂါဆေးကို မြင်တော့ ကိုထင်ကျော် ရက်စက်ခဲ့ပုံကို ပြန်လည်မြင်ယောင်တယ်။

သူမ ရောဂါထပြီး သေလုမျောပါးဖြစ်နေချိန်မှာ ဆေးပုလင်းကို ယူမပေးဘဲ ကြမ်းပြင်ပေါ်ကို ပစ်ပေါက်ခဲ့လို့ ကြမ်းပေါ်မှာ ဆေးလုံးတွေ ပြန့်ကြဲသွားတယ်။

အဲဒီတုန်းက သူမဟာ သေလုမျောပါး ဝေဒနာခံစားနေရတဲ့ကြားက ကြမ်းပေါ်မှာ ပြန့်ကြဲနေတဲ့ ဆေးလုံးတွေကို ခက်ခက်ခဲခဲ မျိုချ ရတယ်။

ကိုထင်ကျော်ဟာ မိန်းမတစ်ယောက်ရဲ့သေလုမျောပါးအချိန်မှာတောင် အားမကိုးရဟဲ့ယောကျ်ားပါ။ ဒီလို လူမျိုးဟာ ငရဲပြည်မှာပဲ နေသင့်တာ အသေအချာပါပဲ။

မမြနွယ်ဟာ သူမရဲ့ဆုံးဖြတ်ချက် နိုင်မာပြတ်သားသွားပြီး အိပ်ဆေး ပုလင်းကို အံဆွဲထဲက ဆွဲထုတ်လိုက်တယ်။ ပြီးတော့ စက္ကူတစ်ရွက်ပေါ်မှာ ဆေးလုံးတွေတင်ပြီး ပုလင်းတစ်လုံးနဲ့ကြိတ်တယ်။

ဆေးမှုန့်တွေဖြစ်သွားတော့ နွားနို့ဖန်ခွက်ထဲကို ထည့်လိုက် တယ်။ ပြီးတော့ ကြက်ဥနဲ့နွားနို့ဖန်ခွက်ကို လင်ပန်းထဲထည့်ပြီး အသင့်ပြင်ဆင်ထားလိုက်တယ်။

အချိန်နီးကပ်လာသည်နှင့်အမျှ မမြနွယ်ရဲ့စိတ်တွေ တဖြည်းဖြည်း လှုပ်ရှားလာတယ်။

မမြနွယ်ဟာသူ့ရဲ့ လှုပ်ရှားနေတဲ့စိတ်ကို အတတ်နိုင်ဆုံးထိန်းချုပ်တဲ့သဘောနဲ့ ဘုရားစင်က ပုတီးကိုယူပြီး ပုတီးစိပ်နေလိုက်တယ်။

ပုတီးကိုးပတ်မပြည့်မီမှာ ကိုထင်ကျော် အိပ်ရာကနိုးလာလို့ မှန်တင်ခုံရှေ့မှာ သူမကိုယ်သူမ အလှဆုံးဖြစ်အောင် ပြင်ဆင်လိုက်တယ်။

ပြီးတော့ အလွန်ပါးလျှာတဲ့ ဂါဝန်လေးကိုဝတ်ပြီး ကိုထင်ကျော်ရှိရာကို တည်တည်ငြိမ်ငြိမ်လေး လျှောက်လှမ်းသွားတယ်။

ကိုထင်ကျော်ကိုမြင်တော့ နှစ်လိုဖွယ်အပြုံးနဲ့နှုတ်ဆက်လိုက်ပြီး

"ရှင်ပြန်ရောက်ပြီလား"






www.burmeseclassic.com

လို့မေးမြန်းလိုက်တယ်။

ကိုထင်ကျော်က မျက်နှာရှုံ့မဲ့ပြီး

"ပြန်ရောက်လာလို့ တရေးတောင်အိပ်ပြီး နေပြီ၊ ဘာဖြစ်လို့ အပို တွေမေးနေတာလဲ"

လို့မေးမြန်းလိုက်တယ်။ မမြနွယ်က စိတ်ထဲက ရှုံ့ရှာနေပေမဲ့ မျက်နှာကအပြုံးမပျက်ဘဲ

"ရှင်နဲ့ကျွန်မ ဆွေးနွေးစရာရှိလို့ပေါ့ရှင့်"

လို့ပြောတော့ ကိုထင်ကျော်က မျက်မှောင်ကြုတ်ပြီး

"ဘာတွေဆွေးနွေးစရာရှိလို့လဲ"

လို့မေးမြန်းလိုက်တယ်။

မမြနွယ်က ကိုထင်ကျော်ရဲ့ခုတင်အနီးကို လျှောက်လှမ်းသွားပြီး၊

"မဂိုလမ်းကို သုံးထပ်အိမ်ကြီးကို ရောင်းပြီး ရင် ရှင်တကယ်ပဲ မိန်းမတွေနဲ့ရှုပ်ပွေတာကို ရပ်မှာ လား၊ ကျွန်မအပေါ် တကယ်သစ္စာရှိမှာလား၊ ရှင် ကတိပေးမယ်ဆိုရင် သုံးထပ်အိမ်ကြီးကို ရောင်းဖို့ ကျွန်မ ခွင့်ပြုမယ်"

လို့ပြောလိုက်တယ်။





မမြနွယ်ရဲ့မထင်မှတ်တဲ့စကားကြောင့် ကိုထင်ကျော်ဟာ အလွန် ကျေနပ်အားရသွားပြီး

"ဘာ...သုံးထပ်အိမ်ကြီးကို ရောင်းဖို့ ခွင့်ပြု မယ် ဟုတ်လား။ ဒါဆိုရင် ငါတကယ်ကတိ ပေးတယ် ကွာ၊ တကယ်ပါ။ သုံးထပ်အိမ်ကြီးရောင်းပြီးရင် ဘယ် မိန်းမနဲ့မှ မရှုပ်တော့ဘူး"

လို့ပြောလိုက်တယ်။

မမြနွယ်ဟာ သဘောကျဟန်နဲ့ ခေါင်းညိတ်လိုက်ပြီး

"ရှင် တကယ်ကတိပေးတယ်ဆိုရင်တော့ သုံးထပ်အိမ်ကြီးကို ရောင်းလိုက်ပေတော့၊ ကျွန်မ အချိန်မရွေးလက်မှတ်ထိုးပေးပါမယ်၊ ကဲ...ဒါဆိုရင် ရှင်ကျေနပ်ပြီပေါ့၊ ...ဒီမှာ ရှင်နဲ့ကျွန်မ ပြေလည် သွားတဲ့ အထိမ်းအမှတ်အနေနဲ့ ရှင့်အတွက် ကျွန်မ စီစဉ်ထားတာလေးတွေကို ကြည့်ပါဦး"

လို့ပြောပြီး အိပ်ခန်းရှေ့က စားပွဲပေါ်မှာ ပြင်ဆင်ထားတဲ့ နွားနို့ ဖန်ခွက်နဲ့ကြက်ဥအစိမ်းသုံးလုံးကို ပြလိုက်တယ်။

ကိုထင်ကျော်ဟာ နွားနို့နဲ့ကြက်ဥတွေကိုမြင်တော့ သဘော



www.burmeseclassic.com

ပေါက်ဟန်နဲ့ တဟားဟားရယ်မောလိုက်ပြီး

"ဟားဟားဟား..မင်းက ငါ့အတွက် ကြို
တင်ပြီး ပြင်ဆင်ထားတယ်ပေါ့၊ ဟုတ်လား။ အင်းပေါ့
လေ... မင်းနဲ့ငါ အေးအေးဆေးဆေး မနေရတာ
အတော်ကြာနေပြီကိုး။ မင်းငါ့ကိုမျှော်လင့်နေတယ်
ထင်တယ်၊ မင်းကို ဂရုမစိုက်မိတာ ငါ့အပြစ်ပါပဲကွာ"

လို့ဆိုလိုက်တော့ မမြနွယ်က ရှက်ကိုးရှက်ကန်းအမူအရာနဲ့

"ကျွန်မကတော့ ရှင့်အပေါ် ဘယ်တော့မှ
မပြောင်းလဲဘူး။ ရှင့်ကို အမြဲလိုလားတောင့်တနေရ
တာပါ။ ကျွန်မတို့ အိမ်ထောင်ရေးအဆင်မပြေတဲ့
အတွက် ဘယ်လောက်များ အထီးကျန်နေခဲ့ရသလဲ၊
အချိန်တွေကို နမျှောစရာကောင်းလိုက်တာရှင်"

လို့ပြောလိုက်တော့ ကိုထင်ကျော်က တဟားဟားရယ်ပြီး

"မင်းကို အတိုးချပြီးချစ်မှာပါကွာ၊ ဒီအချိန်
ကစပြီး မင်း ကျေနပ်အောင် နေပေးပါမယ်"

လို့ပြောလိုက်တယ်။ ပြီးတော့ ပန်းကန်ထဲက နွားနို့ဖန်ခွက်ကို ယူပြီး တစ်ငုံသောက်လိုက်တယ်။





မမြနွယ်ဟာ ကိုထင်ကျော် နွားနို့သောက်နေပုံကို စိတ်လှုပ်ရှားရှားနဲ့ စောင့်ကြည့်နေတယ်။

လူယုတ်မာရဲ့နောက်ဆုံးအချိန်ရောက်တော့မယ်။ ရင်ထဲမှာ နာကျင်ကြေကွဲမှုနဲ့ မုန်းတီးရွံရှာမှုတွေ ရောသွေးနေကယ်။

မမြနွယ်ဟာ စိတ်လှုပ်ရှားပြီး နှလုံးရောဂါ ထလာမှာတောင် စိုးရိမ်မိတယ်။

ကိုထင်ကျော်က ကြက်ဥသုံးလုံးကို ပန်းကန်ထဲဖောက်ထည့်ပြီး သပုရာသီးတစ်ခြမ်းညှစ်ထည့်လိုက်တယ်။

မမြနွယ်ဟာ စိတ်ထဲက ရွံရှာပေမဲ့ ဟန်ဆောင်ပြီး မူယာမာယာသုံးရတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ကို ပွေ့ဖက်ပြီး အိပ်ခန်းထဲကိုခေါ်ဆောင်လာတယ်။

မမြနွယ်ဟာ လင်ဖြစ်သူကို မုန်းလွန်းလို့ အိပ်ဆေးတွေ မြန်မြန်အစွမ်းပြပါစေလို့ ဆုတောင်းနေမိတယ်။

ကိုထင်ကျော်ဟာ မမြနွယ်ကို ခုတင်ပေါ်မှာ ထိုင်ခိုင်းပြီး အိပ်ခန်းတံခါးချက်ကို ချလိုက်တယ်။

ပြတင်းပေါက်က ခန်းဆီးကိုလည်းပိတ်လိုက်တယ်။


www.burmeseclassic.com

မမြနွယ်ဟာ ကိုထင်ကျော်နဲ့ဝေးရာ ခုတင်တစ်ဖက်စွန်းကို မသိ မသာရွှေ့သွားတယ်။

ကိုထင်ကျော်ဟာ ခုတင်အနီးကို တိုးကပ်လာပြီး

"ဘာဖြစ်လို့ အစွန်းဘက်တိုးနေတာလဲ၊ ဒီဘက်ကိုလာစမ်းပါ။ အချိန်တွေနမျောဖို့ ကောင်းလိုက်တာ၊ ပြောနေကြာတယ်၊ ကိုယ့် အနားကိုလာစမ်း"

လို့ ဆိုရင်း မမြနွယ်ရဲ့ခြေတစ်ဖက်ကို ဖမ်းဆုပ်လိုက်ပြီး သူ့ဘက်ကို ဆောင့်ဆွဲလိုက်တယ်။

မမြနွယ်ဟာ မတိမ်းသာ မရှောင်သာတော့ဘဲ ကျားရှေ့မှောက်လျက်လဲသလိုဖြစ်သွားတယ်။

ဒါကြောင့် ကိုထင်ကျော် သေကာနီး ရိက္ခာယူသွားတယ်လို့ သဘောထားပြီး မျက်လုံးကို စုံမှိတ်ထားတယ်။

ကိုထင်ကျော်ဟာ မမြနွယ် ပွေ့ဖက်နမ်းရှုံ့နေရင်း ချစ်ဗျူဟာခင်းဖို့ကြိုးစားတယ်။

မမြနွယ်ကတော့ အိပ်ဆေးမြန်မြန်အစွမ်းပြပါစေလို့ ဆုတောင်းနေမိတယ်၊ ဒါပေမယ့် မမြနွယ်ဆုတောင်းမပြည့်ပါဘူး။ ကိုထင်





ကျော်ဟာ စိတ်တိုင်းကျ ကာမဂုဏ်အာရုံခံစားနေခဲ့တယ်။ ခဏကြာတော့ တဝါးဝါးသမ်းလိုက်ပြီး

"ဘယ်လိုဖြစ်တာလဲ၊ ဒီနေ့အိပ်ချင်လိုက်တာ၊ မျက်လုံးဖွင့်မရတော့ဘူး"

လို့ပြောရင်း မမြနွယ်ရဲ့ခန္ဓာကိုယ်ပေါ်မှာပဲ အိပ်ပျော်သွားတယ်။ မမြနွယ်ဟာ ကိုထင်ကျော်ရဲ့အောက်ကနေ ပင်ပန်းနွမ်းနယ်စွာ လူးလဲထပြီး အဝတ်အစားတွေကို ပြန်ဝတ်လိုက်တယ်။ အိပ်ပျော်နေတဲ့ ကိုထင်ကျော်ကိုကြည့်ပြီး

"တဏှာရူးကြီး သေကာနီးတောင် တဏှာရူးချင်သေးတယ်"

လို့ရေရွတ်ပြီး ပြတင်းပေါက်ကနေ တစ်ဖက်အိမ်က ရှယ်လီကို အချက်ပြလိုက်တယ်။


www.burmeseclassic.com

ရှယ်လီဟာ ပြတင်းပေါက်ကို စောင့်ကြည့်နေသူဆိုတော့ မမြနွယ် အချက်ပြတာကို ချက်ချင်းသိတယ်။

အိမ်ပေါ်ကို ကမ္ဘူးရှူးတိုးပြေးတက်လာတယ်။ ခုတင်ပေါ်မှာ အိပ်မောကျနေတဲ့ ကိုထင်ကျော်ရဲ့အမူအရာကိုကြည့်ပြီး

"တဂျာရှူးကြီး အိပ်မောကျနေပြီ၊ သူ ပြန်မနိုး လာခင် ကျွန်မတို့ မြန်မြန် ရေတွင်းထဲချရမယ်"

လို့ပြောတယ်။ မမြနွယ်ဟာ ကိုယ်ထင်ကျော်ရဲ့ခန္ဓာကိုယ်ကြီးကို ကြည့်ပြီး ထိတ်လန့်တုန်လှုပ်နေတယ်။





ရှယ်လီက မမြနွယ်ကိုကြည့်ပြီး

"ခေါင်းအေးအေးထားစမ်းမြ ဒီကောင်ကြီး ရဲ့ ကိုယ်ကို အောက်ထပ်ကို အရင်ဆုံးပို့ရမယ်၊ ကျွန်မတို့ ကြမ်းကြမ်းတမ်းတမ်းလုပ်လို့တော့ မရဘူး၊ သူ လန့်နိုးလာနိုင်တယ်၊ လောလောဆယ် သူ့ခန္ဓာကိုယ်ကြီးကို ခုတင်ပေါ်က ကြမ်းပြင်ကို ဖြည်းဖြည်းချမယ်၊ ပြီးရင် ကြမ်းပေါ်မှာ တရွတ်တိုက်ဆွဲပြီး လှေကားဆီကို သွားမယ်"

လို့ပြောတယ်။ မမြနွယ်တို့ဟာ ကိုထင်ကျော်ရဲ့ ခန္ဓာကိုယ်ကြီးကို ခုတင်အောက်ကို ခက်ခက်ခဲခဲ ချရတယ်။

ရှယ်လီဟာ မိန်းမတွေထဲမှာ အတော်သန်မာတဲ့အထဲမှာပါလို့ တော်သေးတယ်။

သူတို့နှစ်ယောက်ဟာ ကိုထင်ကျော်ကို လှေကားဆီဆွဲခေါ်သွားကြတယ်။ လှေကားကိုရောက်တော့ ရှေ့တစ်ယောက် နောက်တစ်ယောက် အောက်ထပ်ကို သယ်မသွားတယ်။

အိမ်အောက်ထပ်တံခါးမကြီးကိုတော့ ရှယ်လီက အသေအချာ ပိတ်ပြီးသားဖြစ်တယ်။


www.burmeseclassic.com

သူတို့ဟာ ကိုထင်ကျော်ရဲ့ခန္ဓာကိုယ်ကို အိမ်နောက်ဖေးဘက်ကို သယ်မသွားဖို့ပြင်ကြတယ်။

ဒီအချိန်မှာပဲ အိမ်ရှေ့တံခါးမကြီးက ခေါက်သံတဒေါက်ဒေါက်ကို ကြားလိုက်ရတယ်။

တံခါးခေါက်သံကြောင့် မမြနွယ်နဲ့ရှယ်လီဟာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။

ရှယ်လီက ကမန်းတကန်းအမူအရာနဲ့

"သူ့ကိုယ်ကြီးကို အိမ်အနောက်ဘက်ကို
အမြန်ရွှေ့ရအောင်"

လို့ပြောတယ်။

ရှယ်လီတို့ဟာ ကိုထင်ကျော်ရဲ့ခန္ဓာကိုယ်ကြီးကို အိမ်အနောက် ဖက်ကိုရွှေ့ပြီးကြောင်အိမ် အနောက်မှာဖွက်ထားလိုက်ရတယ်။

တံခါးခေါက်သံက ဆက်ပြီးပေါ်ထွက်နေတုန်းပဲ။ ရှယ်လီက အိမ်ရှေ့ တံခါးမကြီးကိုကြည့်လိုက်ပြီး

"သွားဖွင့်ပေးလိုက်မယ်၊ မဖွင့်ရင် ကျွန်မ
တို့ကို သံသယဝင်သွားမယ်"

လို့ပြောပြီး တံခါးရှိရာကို သွက်သွက်ထွက်သွားတယ်။ မမြနွယ်





ကတော့ ကြောင်အိမ်အနောက်မှာ အိပ်ပျော်နေတဲ့ ကိုထင်ကျော်ကို မရဲတရဲကြည့်ပြီး ရင်တုန်ပန်းတုန်ဖြစ်နေတယ်။

ရှယ်လီ တံခါးမကြီးကို ဖွင့်လိုက်တော့ တံခါးဝမှာ ရပ်ကွက်လူကြီး သုံးလေးယောက်ကိုတွေ့လိုက်ရတယ်။ ရပ်ကွက်လူကြီးတစ်ဦးက ရှယ်လီကိုကြည့်ပြီး

"သြော်... တူမကြီးလည်းရှိနေတာကိုး၊
ဦးလေးတို့က အိမ်ရှင်တွေ အိပ်ပျော်နေသလားလို့
ဒီလိုပါကွယ် ဦးလေးတို့က ကျုံကျောပွဲဘုရားကြီး
ဘက်စုံ မွမ်းမံပြင်ဆင်ဖို့အတွက် အလှူခံထွက်နေ
တာပါ၊ တူမကြီးတို့ သဒ္ဓါတတ်အားသရွေ့ ထည့်
ဝင်ကြပါကွယ်"

လို့ပြောတယ်။ ဒီတော့မှ ရှယ်လီက ရပ်ကွက်လူကြီးတွေကို အလှူ ငွေထည့်ပြီး တံခါးကို အသာအယာပြန်ပိတ်လိုက်တယ်။

ပြီးတော့ သူတို့နှစ်ယောက် ကိုထင်ကျော်ကို ရေတွင်းဆီကိုရွှေ့ဖို့ ပြန်လည်ပြင်ဆင်ကြတယ်။

အိမ်အနောက်ဘက်တံခါးဖွင့်ပြီး ကိုထင်ကျော်ရဲ့ ခန္ဓာကိုယ်ကြီးကို ခြေနဲ့ခေါင်းကမပြီး တွန်းလှည်းလေးပေါ်တင်လိုက်ကြတယ်။


www.burmeseclassic.com

မမြနွယ်က တွန်းလှည်းကို မဝံ့မရဲကြည့်ပြီး

"ဒီအတိုင်းသွားရင် ဖြစ်ပါ့မလားရှယ်လီ၊

တစ်ယောက်ယောက် မြင်သွားရင် ခက်မယ်"

လို့ပြောတယ်။ ရှယ်လီက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး ထမင်းစားခန်းမှာခင်းထားတဲ့ ကော်ဇောနီကြီးကို ယူလိုက်တယ်။ ပြီးတော့ တွန်းလှည်းကို ကော်ဇောနဲ့အုပ်လိုက်တော့ ကိုထင်ကျော်ရဲ့ ခန္ဓာကိုယ်ကြီးကို မမြင်ရတော့ဘူး။

ရှယ်လီက တွန်းလှည်းကိုကြည့်ပြီး

"ဒီလောက်ဆိုရင် လုံခြုံသွားပါပြီ၊ ကျွန်မတို့

ရေတွင်းပျက်ဆီကို သွားလို့ရပြီ"

လို့ပြောတယ်။

မမြနွယ်ဟာ ထိတ်လန့်တုန်လှုပ်ဟန်နဲ့

"ဖြစ်ပါ့မလား ရှယ်လီ"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက မမြနွယ်ရဲ့ပခုံးကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး

"အားလုံးပြီးတော့မယ်၊ ရှင့်စိတ်ကိုငြိမ်ငြိမ်

ထားစမ်း၊ ကျွန်မတို့ ပန်းတိုင် ရောက်တော့မယ်၊





အားကိုတင်းပါ"

လို့ပြောလိုက်တယ်။ မမြနွယ်ဟာ ရှယ်လီဆုပ်ကိုင်ထားတဲ့ လက်ထဲက အင်အားတွေ သူကဆီကို ဝင်လာသလိုခံစားရတယ်၊ ဒါကြောင့် ခေါင်းကိုညိတ်ပြီး

"ကျွန်မတို့သွားကြမယ်"

လို့တိုးတိုးလေးပြောလိုက်တယ်။

သူတို့နှစ်ယောက် တွန်းလှည်းလေးကို တရွေ့ရွေ့နဲ့တွန်းသွားကြတယ်။

အချိန်က ညနေ နေဝင်ရီတရောအချိန်ရောက်နေပြီ။ သူတို့ထင်ထားတဲ့အတိုင်း အိမ်အနောက်ဘက် ချုံနွယ်ပိတ်ပေါင်းတွေ ထူတဲ့လမ်းမှာ လူတစ်ယောက်မှ မရှိဘူး။

တွန်းလှည်းလေးက အလေးချိန် သိပ်မရှိပေမဲ့ ချိုင့်ငယ်လေး တွေရှိလို့ အားစိုက်တွန်းရတဲ့အခါရှိတယ်။ တစ်နေရာကိုရောက်တော့ တွန်းလှည်းဟာ ချိုင့်ထဲကိုကျသွားတယ်။ သူတို့နှစ်ယောက်အတော်အားစိုက်တွန်းမှ ရွေ့သွားတယ်။

ဒီအချိန်မှာပဲ လှူသံကြားလိုက်ရတဲ့အတွက် နှစ်ယောက်စလုံး ခေါင်းနပန်းကြီးသွားတယ်။



www.burmeseclassic.com

မမြနွယ်က လူသံကြောင့် အမလေးလို့ ရေရွတ်လိုက်မိတယ်။

အသံကြားရာကို ကြည့်လိုက်တော့ သူတို့ရဲ့နှစ်အိမ်ကျော်က ခြံစည်းရိုးအနောက်မှာ ငွေတိုးချေးစားတဲ့ အဘွားကြီးကိုမြင်ရတယ်။

အဘွားကြီးက တွန်းလှည်းကို စပ်စုဟန်နဲ့ကြည့်ပြီး

"လှည်းပေါ်မှာ ဘာတွေလဲ"

လို့မေးမြန်းလိုက်တယ်။

မမြနွယ်က ကြက်သေသေပြီးဘာပြန်ဖြေရမှန်းမသိဘူး။

ရှယ်လီက အရေးမကြီးတဲ့ဟန်ပန်နဲ့

"အိမ်မှာ အသုံးမဝင်တော့တဲ့ အမှိုက်တွေကို
သွားလွှင့်ပစ်မလို့ပါ"

လို့ပြောတော့ အဘွားကြီးက ကိုထင်ကျော်ရဲ့ခန္ဓာကိုယ်မှာ အုပ်ထားတဲ့ ကော်ဇောနီကြီးကို လိုချင်တပ်မက်စိတ်နဲ့ကြည့်ပြီး

"ကော်ဇောကိုလဲ လွှင့်ပစ်မှာလား"

လို့မေးတယ်။

ရှယ်လီက ခေါင်းခါယမ်းလိုက်ပြီး

"ကော်ဇောတော့မလွှင့်ပစ်ပါဘူး။ ကျွန်မတို့
ပြန်ယူမှာပါ၊ သွားတော့မယ်နော်အဘွား၊ နေဝင်
တော့မယ်"

လို့ပြောပြီး အဘွားကြီးအနီးက ကမန်းကတန်းထွက်ခဲ့တယ်။

သူတို့နှစ်ယောက်စလုံး ရေတွင်းပျက်ဆီကို အမြန်ဆုံးရောက်အောင် တွန်းလှည်းကို ကမူးရှူးတိုးတွန်းခဲ့တယ်။

ဒါပေမယ့် ရေတွင်းပျက်ကို သွားတဲ့လမ်းမှာ ဟျောင်းဖေ့ချိုင့်ဖေ့ ဖြစ်နေတော့ လှည်းကို လွယ်လွယ်ကူကူတွန်းလို့မရဘူး။

ရေတွင်းပျက်ဆီကို ရောက်အောင် နှစ်ယောက်စလုံး ချွေးဒီးဒီး ကျအောင် တွန်းရင်း ရှယ်လီရဲ့ထဘီ တစ်ထွာလောက်ပြဲသလို မမြနွယ် ရဲ့ဖိနပ်တစ်ဖက်လဲ သဲကြိုးပြတ်သွားတယ်။

ရေတွင်းပျက်ကိုရောက်တော့ နှစ်ယောက်စလုံး အသက်ကို အနိုင်နိုင်ရှူရတယ်။

ရှယ်လီက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး

"ကျွန်မတို့မှာ အချိန်သိပ်မရှိဘူး။ ဒီလူကို
အမြန်ဆုံးရေတွင်းထဲ ပစ်ချရမယ်"

လို့ပြောတယ်။ မမြနွယ်နဲ့ရှယ်လီဟာ ကိုထင်ကျော်ရဲ့ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင် မပြီး ရေတွင်းဘောင်ပေါ်ကို ကိုယ်တစ်စောင်းတင်လိုက်တယ်။




www.burmeseclassic.com

ဒီအချိန်မှာပဲ ကိုထင်ကျော်ဟာ ရုတ်တရက် အိပ်ဆေးပြယ်ပြီး လန့်နိုးလာတယ်။

ကိုထင်ကျော်ဟာ သူ့ကိုယ်ခန္ဓာကြီး ရေတွင်းပျက်ပေါင်ပေါ် ရောက်နေမှန်းသိတော့ လန့်ဖြန့်ပြီး ကော်ဇောအောက်က ရုန်းထွက်တယ်။

ကိုထင်ကျော်က အထိတ်တလန့်နဲ့

"ဟဲ့...ကောင်မတွေ၊ ငါ့ကိုဘာဖြစ်လို့ ရေတွင်းထဲချရတာလဲ၊ မလုပ်နဲ့ မလုပ်နဲ့"

ဆိုပြီး ရေတွင်းပေါင်ပေါ်က ရုန်းကန်ထတယ်။

မမြနွယ်ဟာ ကိုထင်ကျော် လန့်နိုးလာတာမြင်တော့ လိပ်ပြာလွင့်မတတ် ကြောက်ရွံ့သွားတယ်။ ရှယ်လီက ကိုထင်ကျော်ကို ရေတွင်းထဲဆောင့် တွန်းပြီး

"တဏှာရူးကြီး ရေတွင်းထဲကျပြီး သေပေတော့"

လို့ကြုံးဝါးတယ်။ ပြီးတော့ မမြနွယ်ဘက်လှည့်ပြီး အလောတကြီးအမူအရာနဲ့

"မမြနွယ် တွန်းချ တွန်းချ ရေတွင်းထဲ





တွန်းချ"

လို့အော်ဟစ်လိုက်တယ်။

ဒါပေမဲ့ မမြနွယ်က ကြောင်ငေးငေးကြည့်နေဆဲပဲ၊ ကြောက်တတ်တဲ့ မမြနွယ်ဟာသတိလက်လွတ်ဖြစ်သွားတယ်။ ရှယ်လီက

"မမြနွယ် ကြောင်ကြည့်မနေနဲ့၊ ကျွန်မကို ကူဦး"

လို့အော်ဟစ်လိုက်တယ်။

ဒီတော့မှ မမြနွယ်ဟာ သတိပြန်ဝင်လာပြီး ကိုထင်ကျော်ကို တွန်းချတယ်။

ကိုထင်ကျော်ဟာ မိန်းမနှစ်ယောက် ကူတွန်းတော့ မဟန်နိုင်တော့ဘဲ ရေတွင်းထဲပြုတ်ကျလုနီးနီးဖြစ်သွားတယ်။ သူဟာ ရေတွင်းပေါင်ကို အတင်းဖက်ပြီး တွယ်တက်ဖို့ကြိုးစားတယ်။

ဒီအချိန်မှာ ရှယ်လီဟာ အသင့်ဆောင်ထားတဲ့ ဓားမြှောင်ကို ထုတ်ယူပြီး ကိုထင်ကျော်ရဲ့ကျောကိုထိုးစိုက်လိုက်တယ်။

ကိုထင်ကျော်ဟာ အားခနဲအော်ပြီး ရေတွင်းထဲပြုတ်ကျသွားတယ်။ ကိုထင်ကျော် လှမ်းဆွဲလိုက်တဲ့အတွက် မမြနွယ်ရဲ့ပုလဲပုတီးဟာ ရေတွင်းထဲ ပြုတ်ကျသွားတယ်။


www.burmeseclassic.com

သူတို့နှစ်ယောက် ရေတွင်းထဲကို ကုန်းကြည့်လိုက်တော့ ပတ်ဝန်းကျင်မှာ အမှောင်ဖုံးနေတဲ့အတွက် ဘာမှမမြင်ရတော့ဘူး။

ရေတွင်းပျက်ထဲမှာလဲ ငြိမ်သက်နေတယ်။ ကိုထင်ကျော်ရဲ့ ရုန်းကန်လှုပ်ရှားသံတွေလည်း မကြားရတော့ဘူး။

အတန်ကြာတော့ ရှယ်လီဟာ တဆတ်ဆတ်တုန်ယင်နေတဲ့ မမြနွယ်ကိုဖက်ပြီး

"ဒီကောင်ကြီးသေပြီ၊ ကျွန်မတို့ဘဝ လွတ်လပ်သွားပြီ"

လို့တိုးတိုးပြောလိုက်တယ်။

မမြနွယ်ဟာ အကြောက်လွန်ပြီး စကားမပြောနိုင်ဘူး။ ရှယ်လီ က သူမကိုပွေ့ဖက်ပြီး အိမ်ကိုပြန်လာခဲ့တယ်။

အိမ်ကိုရောက်တော့ မမြနွယ်ဟာ အနောက်ဘက်တံခါးကိုမှီပြီး အသံတုန်တုန်ယင်ယင်နဲ့

"သူသေပါ့မလားဟင်၊ ကျွန်မတို့ကို ဒုက္ခပေးဦးမှာလား"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက မမြနွယ်ရဲ့နဖူးကဆံစလေးတွေကို လက်နဲ့သပ်တင်ပြီး





"ရေတွင်းထဲကို သေသေချာချာစောင့်ကြည့်ခဲ့တာပဲ၊ သူ့အသံမကြားရတော့ဘူး။ သူသေသွားပါပြီ"

လို့ပြောလိုက်တယ်။

ရှယ်လီဟာ မမြနွယ်ရဲ့လည်တိုင်ကို အကြည့်ရောက်သွားပြီး

"ဟင်..ရှင့်လည်ပင်းက ပုလဲပုတီးဘယ်ရောက်သွားသလဲ"

လို့မေးတယ်။

မမြနွယ်က တုန်တုန်ယင်ယင်နဲ့

"ကျွန်မကို ဟိုလူကြီးလှမ်းဆွဲလိုက်တော့ ပုလဲ ပုတီးပြတ်ပြီး ရေတွင်းထဲကျသွားတယ်"

လို့ပြောတယ်။ ရှယ်လီက မမြနွယ်ကိုဖက်ပြီး

"ဒီလူ ကျွန်မရဲ့ ဓားချက်မိပြီး ရေတွင်းထဲ ပြုတ်အကျမှာ ငရဲပြည်ရောက်သွားတာဖြစ်မယ်"

လို့ပြောတယ်။

ရှယ်လီရဲ့အမူအရာကတော့ မိမိကိုယ်မိမိ ကောင်းကောင်းထိန်းနိုင်တဲ့ အမူအရာမျိုးဖြစ်တယ်။

ရှယ်လီက သွေးအေးသလောက် မမြနွယ်ကတော့ သူတို့လုပ်ခဲ့



www.burmeseclassic.com

တဲ့ မကောင်းမှုကို တအုံအုံတွေးပြီး စိတ်ချောက်ချားနေတယ်။ လူတစ်ယောက်ရဲ့အသက်ကို သတ်ဖြတ်တဲ့အတွက် သူတို့ငရဲကြီးတော့မယ်လို့တွေးပြီး စိတ်ဆင်းရဲနေတယ်။ ရှယ်လီက မမြနွယ်ကိုကြည့်ပြီး

"ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာလား

မြ၊ မိန်းမသားထုတစ်ရပ်လုံးအတွက် ကျွန်မတို့

စွန့်စားခဲ့တာပဲ"

လို့ပြောလိုက်တယ်။

မမြနွယ်က စိတ်ရွှင်လန်းဟန်မရှိဘဲ

"ရှင်ဘာဖြစ်လို့ သူ့ကိုသတ်ဖို့ သတ္တိတွေ

ရှိနေတာလဲ"

လို့မေးလိုက်တော့ ရှယ်လီက မမြနွယ်ကို နားမလည်ဟန်နဲ့

"ရှင်သူ့ကို တမ်းတနေတာလား။ သူလိုလူ

ဟာ ကျွန်မတို့အတွက် လိုအပ်နေသေးလို့လား"

လို့မေးလိုက်တယ်။ မမြနွယ်က အံကိုကြိတ်ပြီး

"ဘာပဲဖြစ်ဖြစ် သူက ကျွန်မယောကျ်ား

ဖြစ်ခဲ့ဖူးတယ်လေ"

လို့ပြောလိုက်တယ်။ ရှယ်လီက လှောင်ပြုံးပြုံးလိုက်ပြီး





"နင့်ယောကျ်ားက ငါနဲ့လဲအတူတူ အိပ်

ဖူးတယ်လေ၊ နောက်ပြီး အခွင့်အရေးရရင် မိန်းမ

ချော မိန်းမလှ မှန်သမျှ သူအိပ်ခဲ့တာပဲ၊ သူလိုလူ ကို

နင်ဘာတန်ဖိုးထားနေတာလဲ"

လို့မေးလိုက်တော့ မမြနွယ်က ခေါင်းခါယမ်းလိုက်ပြီး

"ကျွန်မ လူယုတ်မာကို ဘယ်တော့မှ မတမ်း

တဘူး၊ သူ့ကို သိပ်မုန်း၊ သိပ်ရွံတယ်"

လို့ပြောလိုက်တယ်။ ရှယ်လီက မမြနွယ်ရဲ့ ပခုံးကိုဖက်ပြီး ခုတင်ပေါ်မှာ အတူတူထိုင်လိုက်တယ်။

ပြီးတော့ ရှယ်လီက မမြနွယ်ရဲ့ ပါးလေးကိုနမ်းလိုက်တယ်။ ပြီးတော့

"ရှင့်ကိုကျွန်မ စိတ်မချဘူး။ ဒီအိမ်မှာ ကျွန်မ

အတူတူလာအိပ်ပေးမှဖြစ်တယ်၊ ရှင်တစ်ယောက်

တည်း စိတ်မချဘူး"

လို့ပြောလိုက်တော့ မမြနွယ်က ရှယ်လီကို စကားမတုံ့ပြန်တော့ဘဲ ရင်ခွင်ထဲ ခေါင်းတိုးဝင်နေလိုက်တယ်။

ရှယ်လီက မမြနွယ်ရဲ့ ပခုံးကိုဖက်ရင်း


www.burmeseclassic.com

"ကျွန်မတို့ ဘဝသစ်ရောက်တော့မှာပါ"

လို့ တီးတိုးပြောလိုက်တယ်။





ကိုထင်ကျော် ရေတွင်းထဲကျပြီး နောက်တစ်နေ့မှာ မမြနွယ် အိပ်ရာက အစောကြီးနိုးလာတယ်။

ညက တစ်ညလုံး အိပ်မပျော်ဘဲ လူယုတ်မာရဲ့ မျက်နှာကိုပဲ မြင်ယောင်နေတယ်။ မမြနွယ်ဟာ မိုးလင်းကာနီးမှ မှေးခနဲအိပ်ပျော်သွားတယ်။

မမြနွယ်ဟာ ခုတင်ပေါ်ထထိုင်ပြီး အိပ်ပျော်နေတဲ့ ရှယ်လီကို လှမ်းကြည့်လိုက်တယ်။

ရှယ်လီရဲ့ အင်္ကျီကြယ်သီးတွေ ပွင့်ဟနေတော့ မို့မောက်တဲ့ ရင်နှစ်မြွာဟာ အင်္ကျီအောက်က ရုန်းကန်ထွက်လုမတတ်ဖြစ်နေတယ်။ ရှယ်လီရဲ့အသားအရည်ဟာ ဖြူဝင်းပြီး နို့နှစ်ရောင်တောက်နေတယ်။



www.burmeseclassic.com

မမြနွယ်က ရှယ်လီကိုကြည့်ပြီး

"ဒီမိန်းမ အခေါက်လုတဲ့မိန်းမပဲ၊ ဒါကြောင့်
ကိုယ်ထင်ကျော်လို တကောရှူးက တမ်းတမ်းစွဲဖြစ် နေ
တာပေါ့"

လို့ပြောလိုက်တယ်။ မမြနွယ်ဟာ ရှယ်လီရဲ့ ခန္ဓာကိုယ်ပေါ်က မျက်နှာလွှဲလိုက်ပြီး ခုတင်ပေါ်က ထရပ်လိုက်တယ်။

ပြီးတော့ အိပ်ခန်းအနောက်ဘက်ကို လျှောက်သွားပြီး ပြတင်းပေါက်ခန်းဆီးကို လှပ်ကြည့်လိုက်တယ်။

ဒီအခါမှာ ရေတွင်းပျက်မှာ မြင်ရတဲ့မြင်ကွင်းကြောင့် မမြနွယ် တ အသက်ရှူရပ်လုမတတ်ဖြစ်သွားတယ်။

ပြီးတော့ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ရှယ်လီကို အော်ဟစ်ပြီး ခေါ်ဝေါ်လိုက်တယ်။

ရှယ်လီ အိပ်ရာကလန့်နိုးပြီး ပြတင်းပေါက်ကို ပြေးကြည့်လိုက်တယ်။ ဒီအခါမှာ ရေတွင်းပျက်အနီးမှာ လူကြီးတွေရောက်နေပြီ ရေတွင်းပျက်ထဲကို ငုံ့ကြည့်နေကြတာတွေ့ရတယ်။ မမြနွယ်က တစ် ကိုယ်လုံး တုန်တုန်ယင်ယင်နဲ့

"ဘယ်လိုလုပ်မလဲ၊ လူကြီးတွေတွေ့တော့
မယ်၊ ရေတွင်းပျက်ထဲမှာ ကိုထင်ကျော်ရှိတာ သူတို့
ဘယ်လိုလုပ်သိသွားတာလဲ၊ ကျွန်မတို့သတ်တာ
သိသွားပြီလား"

လို့မေးမြန်းတယ်။

ရှယ်လီလဲ ပြတင်းပေါက်ကနေ မျက်မှောက်ကြုတ်ကြည့်ပြီး

"မဖြစ်နိုင်တာပဲ၊ သူတို့မသိနိုင်ပါဘူး"

လို့ စိတ်လှုပ်ရှားဟန်နဲ့ပြောတယ်။

သူတို့နှစ်ယောက်စလုံး ပြတင်းပေါက်ကနေ ရေတွင်းပျက်ကို ချောင်းကြည့်ပြီး တုန်လှုပ်နေကြတယ်။ မမြနွယ်ကတော့ မျက်နှာတစ်ခုလုံး သွေးမရှိသလို ဖြူဖတ်ဖြူရော်ဖြစ်ပြီး နှလုံးရောဂါ ထလာတယ်။

ရှယ်လီဟာ မမြနွယ်အတွက် နှလုံးရောဂါဆေးပုလင်းကို အပြေးအလွှားယူပြီး သောက်နိုင်းရတယ်။

မမြနွယ်ဟာ ခုတင်ပေါ်မှာ တင်ပလွဲထိုင်ပြီး ရင်ဘတ်ကို လက်နဲ့ဖိထားတယ်။ သူတို့ ပြုခဲ့တဲ့မကောင်းမှုရဲ့ ခြောက်လှန့်ခြင်းကို ခံနေရတယ်။

ရှယ်လီကတော့ အခြေအနေကို လက်ပိုက်ကြည့်မနေချင်တော့ဘူး။ ဒါကြောင့် မမြနွယ်ရဲ့ပခုံးကိုဆုပ်ကိုင်ပြီး







www.burmeseclassic.com

"ရှင်ခဏနေဦး၊ ကျွန်မ သူတို့အနားသွား ပြီး စုံစမ်းကြည့်မယ်"

လို့ပြောတယ်။

ခဏကြာတော့ ရှယ်လီဟာ ကမန်းကတန်းပြန်ရောက်လာပြီး

"လောလောဆယ် ကျွန်မတို့စုံးရိမ်စရာ မရှိသေးဘူး၊ သူတို့ရေတွင်းပျက်ထဲမှာ ကိုထင်ကျော် အလောင်းရှိတာမသိဘူး"

လို့ပြောလိုက်တော့ မမြနွယ်က နားမလည်ဟန်နဲ့

"ဒါဆိုရင် လူကြီးတွေ ဘာလို့ရေတွင်းပျက်ကို ကြည့်နေတာလဲ"

လို့မေးတယ်။

ရှယ်လီက ပြတင်းပေါက်ကနေ ရေတွင်းပျက်ကိုကြည့်ပြီး

"သူတို့ရေတွင်းဟောင်းကို ပြန်ဆယ်ပြီး အသုံးပြုလို့ရမရ ကြည့်တာတဲ့၊ ဒီနားကလူတွေ ရေရှားနေလို့တဲ့"

လို့ပြောတယ်။ မမြနွယ်က အထိတ်တလန့်နဲ့

"ဟင်...ဒါဆိုရင် လူကြီးတွေ ကိုထင်ကျော်





အလောင်းကြီးကို မြင်သွားရင် ဘယ်လိုလုပ်မလဲ"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက စိုးရိမ်ပူပန်ဟန်မရှိဘဲ

"ကျွန်မတို့ ဖြောင့်ပြင်းရမှာပေါ့၊ ကိုထင်ကျော်ကို ကျွန်မတို့ သတ်တာ မျက်မြင်သက်သေ မရှိဘူး။ ကျွန်မတို့ ခံငြင်းလို့ရတယ်၊ ရှင့်ဘက်က ပိရိဖို့ပဲလိုတယ်၊ ကိုထင်ကျော်ဟာ မိန်းမတွေနဲ့ ရှုပ်ပွေနေတော့ သူ့ကိုသတ်မဲ့ လူတွေအများကြီး ရှိတယ်၊ ကျွန်မတို့လက်ချက်လို့ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူး။ ရှင် ဣန္ဒြေရရသာနေ"

လို့ပြောတယ်။ ရှယ်လီက သတိပေးနေပေမဲ့ မမြနွယ်ကတော့ ထိတ်လန့်တုန်လှုပ်ဆဲပဲ။

တစ်ချိန်မှာ ပုလိပ်တွေ ရောက်လာမှာပဲလို့တွေးပြီး တုန်လှုပ်ချောက်ချားနေတယ်။

ရှယ်လီကတော့ သွေးအေးအေးနဲ့လာမဲ့ဘေး ပြေးတွေ့မဲ့ အမှုအရာရှိတယ်။


www.burmeseclassic.com

ဒီအချိန်ကစပြီး သူတို့နှစ်ယောက်ဟာ ရေတွင်းပျက်ကိုပဲ တစ်ချိန်လုံးစောင့်ကြည့်နေကြတယ်။

သူတို့ ရေတွင်းပျက်ကို ဘယ်လောက်စိတ်ဝင်စားသလဲဆိုရင် ထမင်းစားရင်တောင် ရေတွင်းပျက်ကိုမြင်ရတဲ့ ပြတင်းပေါက်မှာ စားပွဲခုံချပြီး စားတယ်။

ဒီလိုနဲ့ တစ်ရက်ပြီး တစ်ရက် ကုန်လွန်ပြီး သုံးရက်မြောက်နေ့မှာ မမြနွယ်ဟာ စိတ်ပင်ပန်းမှုဒဏ်မခံနိုင်တော့ဘူး။ မမြနွယ်ရဲ့နလုံး ရောဂါကလဲ ပိုပြီးတော့ ပြင်းထန်လာတယ်။





သူဟာ နလုံးဆေးတွေလိုပဲ တစ်ချိန်လုံးသောက်နေရတယ်။ နောက်ဆုံး မမြနွယ်ဟာ သည်းမခံနိုင်တော့ဘဲ

"ရေတွင်းပျက်ကို သူတို့ဘယ်တော့ဆယ်မလဲ မသိဘူး။ ကျွန်မတော့ တစ်ချိန်လုံးထိတ်လန့်နေရတယ်"

လို့ပြောတယ်။ ရှယ်လီက မျက်မှောင်ကြုတ်ပြီး

"ဒါဆိုရင် လွယ်ပါတယ်၊ ရင်ကွက်လူကြီး တစ်ယောက်အိမ်သွားပြီး မသိမသာ စုံစမ်းလိုက်ရင် အဖြေထွက်လာမှာပဲ"

လို့ပြောလိုက်တယ်။ မမြနွယ်က ပြတင်းပေါက်ကိုကြည့်ပြီးတော့

"ဒီလိုမေးလိုက်လို့ ကျွန်မတို့ကို သံသယ ဝင်သွားရင်ဘယ်လိုလုပ်မလဲ"

လို့မေးမြန်းလိုက်တယ်။

"ဒါကတော့ လှည့်ပတ်မေးရမှာပေါ့၊ ဒါမျိုးတွေ ကျွန်မ ကျွမ်းတယ်၊ ရှင်ပူစရာမလိုဘူး"

လို့ပြောတယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ ကျိုက္ကလဲ့ဘုရားဝန်းမှာရှိတဲ့ ရပ်ကွက်လူကြီးတစ်ယောက်အိမ်သွားတယ်။


www.burmeseclassic.com

လူကြီးကို အိမ်ရှေ့မှာတန်းပြီးတွေ့လို့ အိမ်ရှေ့က ခုံတန်းလျား လေးမှာထိုင်ကြတယ်။

ရပ်ကွက်လူကြီးဟာ ရှယ်လီနဲ့ ရင်းနှီးကျွမ်းဝင်ခြင်းမရှိပေမဲ့ မမြနွယ်ကိုတော့ ကောင်းကောင်းသိတယ်။

ရေတွင်းပျက်နဲ့ပတ်သက်ပြီးတော့ ရပ်ကွက်လူကြီးက

"တူမကြီးတို့အိမ်နောက်က ရေတွင်းပျက်ကို ပြန်ဆယ်မလို့ လွန်ခဲ့တဲ့ရက်က ရောက်ခဲ့သေးတယ်၊ အနီးပတ်ဝန်းကျင်က ဆင်းရဲသားတွေ ရေရှားလို့ ရေတွင်းဟောင်းကိုပဲ ပြန်ဆယ်ကြည့် လိုက်တော့မယ်၊ မနက်ဖြန်လောက်စပြီးဆယ်တော့မယ်ထင်တယ်"

လို့ပြောတော့ မမြနွယ်ဟာ စိတ်လှုပ်ရှားလွန်းလို့ ဘယ်ဘက် ရင်ဘတ်အောင့်လာတယ်။ ချွေးသီးချွေးပေါက်တွေလဲ ကျနေတော့ ရပ်ကွက်လူကြီးက

"တူမကြီး ကြည့်ရတာ အားနည်းနေသလိုပဲ၊ ဆရာဝန်နဲ့ပြကြည့်ပါလား၊ ဩော်... တူမကြီး ယောက်ျားကို လွန်ခဲ့တဲ့ရက်ကပဲ ဘုရားရှေ့မှာ





တွေ့လိုက်သေးတယ်၊ ကျုပ်အိမ်ထဲက ထွက်ပြီး နှုတ်ဆက်မလို့လုပ်တော့ မျက်စိရှေ့မှာ တင်ပျောက်သွားတယ်"

လို့ပြောတော့ မမြနွယ်ဟာ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး လဲကျမေ့မျောမတတ်ဖြစ်သွားတယ်။

မမြနွယ်ရဲ့အခြေအနေကို ရိပ်စားမိတဲ့ ရှယ်လီက ကမန်းကတန်း ထိမ်းကိုင်ပေးပြီး ရပ်ကွက်လူကြီးရှေ့က ခပ်သုတ်သုတ်ထွက်လာခဲ့တယ်။

ရှယ်လီက အနီးကိုရောက်လာတဲ့ ရထားလုံးတစ်စီးကိုတားပြီး မမြနွယ်ကိုတင်တယ်။

ရထားလုံးကုလားကိုတော့ ကျိုက္ကလှဲဘုရား ဘက်ကိုမောင်းနှင်ခိုင်းလိုက်တယ်။

ဘုရားကိုရောက်တော့ ရထားလုံးပေါ်က ဆင်းပြီး ရင်ပြင်တော်ပေါ်ကို တက်ခဲ့တယ်။

ပြီးတော့ မမြနွယ်ကို အရိပ်တစ်နေရာမှာ ခဏအနားယူခိုင်းလိုက်တယ်။ ပြီးတော့မှ ဘုရားဝတ်ပြုကြတယ်။

မမြနွယ်ဟာ ဘုရားကိုကောင်းကောင်းဝတ်မပြုနိုင်ဘူး။ ရှယ်လီ



www.burmeseclassic.com

ဘုရားဝတ်ပြုတာကိုစောင့်ကြည့်နေတယ်။

ရှယ်လီဘုရားဝတ်ပြုပြီးတော့ မမြနွယ်က

"ဘယ်လိုဖြစ်တာလဲ၊ ကိုထင်ကျော်သေတာ ၃ ရက်ရှိပြီ၊ လွန်ခဲ့တဲ့ ရက်ကမှ ဘုရားရှေ့မှာ ကိုထင်ကျော်ကို တွေ့လိုက်တယ်ဆိုတော့ ကိုထင်ကျော်ရဲ့ ဝိညာဉ်က ...."

လို့ပြောလိုက်တော့ ရှယ်လီက စကားဖြတ်ပြီး

"မဖြစ်နိုင်ပါဘူး၊ သူ လူမှားတာဖြစ်မှာပါ၊ ဒါမှမဟုတ် ကျွန်မတို့ကို လုပ်ကြံပြီးပြောတာ ဖြစ်မှာပါ၊ သူ့စကားကို မယုံဘူး၊ ဒီမှာ မြ ကိုယ့် ရောဂါကို ကိုယ်သိပါ၊ လူတကာပြောတဲ့စကားကို နားယောင်ပြီး စိတ်ထိခိုက်နေမယ်ဆိုရင် အသက်တိုလိမ့်မယ်"

လို့ပြောတယ်။ မမြနွယ်က ခေါင်းခါယမ်းလိုက်ပြီး

"ကျွန်မတို့မကောင်းမှုလုပ်ထားတယ်၊ ကျွန်မတို့မှာ အပြစ်ရှိတယ်၊ အပြစ်ရှိတဲ့လူဟာ စိတ်မထိခိုက်ဘဲနေရမှာလား၊ မနက်ဖြန်ဆို ရေတွင်းပေါင်းကို ဆယ်ကြမယ်ဆို၊ ရေတွင်းပျက်





ထဲမှာ ကိုထင်ကျော်ရဲ့အလောင်းကိုတွေ့ရင် ကျွန်မတို့ ဘယ်လိုရှင်းကြမှာလဲ"

လို့မေးတယ်။ ရှယ်လီက မမြနွယ်ရဲ့လက်ကိုဆုပ်ကိုင်ပြီး

"လာမဲ့ဘေး ပြေးတွေ့ရုံပဲရှိတာပေါ့၊ ကိုထင်ကျော် သေဆုံးတာ ကျွန်မတို့နဲ့မဆိုင်ကြောင်း ငြင်းဆန်ရမှာပေါ့၊ ရှင့်လဲ ဟန်ဆောင်ပန်ဆောင်ပြီး ဝမ်းနည်းကြောင်း ငိုကြွေးပြရမှာပေါ့၊ ကိုယ့်ယောကျ်ားသေရင် မငိုတဲ့ မိန်းမမရှိဘူးနော်၊ ရှင် ဖွဲဖွဲနဲ့နဲ့ပြောပြီးတော့ ငိုရဦးမှာ၊ ကျွန်မတို့ ပိပိရိရိ ရှိဖို့တော့ လိုတယ်၊ ပိပိရိရိ မရှိရင် ကျွန်မတို့ကို အမှုပတ်နေလိမ့်မယ်"

လို့ပြောတယ်။ မမြနွယ်က စိတ်လှုပ်ရှားဟန်နဲ့

"ကျွန်မတို့ နှစ်အိမ်ကျော်က ငွေတိုးချေးစားတဲ့ အဘွားကြီးကို ရှင်မေ့နေသလား၊ ကျွန်မတို့ ကိုထင်ကျော်ရဲ့အလောင်းကို တွန်းလှည်းနဲ့တင်သွားတာ အဘွားကြီးသိတယ်၊ ပုလိပ်ကို အဘွားကြီးဘက်က ထွက်ဆိုရင် ဘယ်လိုလုပ်မလဲ"


www.burmeseclassic.com

လို့မေးမြန်းတယ်။ ရှယ်လီက ဂရုစိုက်ဟန်မရှိဘဲ

"အဘွားကြီးတွေ့တာက ကော်ဖောအနီ
အုပ်ထားတဲ့လှည်းကိုတွေ့တာပါ။ ကော်ဖောအောက်
မှာ ကိုထင်ကျော်ရဲ့အလောင်းရှိတယ်ဆိုတာ သူဘယ်
လို ပြောနိုင်မှာလဲ၊ နောက်ဆုံးပုလိပ် က ကျွန်မတို့ကို
သံသယရှိရင် ရှိနိုင်တာပေါ့၊ ကျွန်မတို့ သံသယ
အကျိုးခံစားနိုင်ပါတယ်၊ ရှင် ဘာဖြစ်လို့ စိတ်ရှုပ်စရာ
တွေပဲ တွေးနေရတာလဲ၊ ကျွန်မတို့နှစ်ယောက်
အိမ်မပြန်ဘဲ ခါတ်ရှင်သွားကြည့်ရင် ကောင်းမယ်"

လို့ပြောတော့ မမြနွယ်က ခေါင်းခါယမ်းပြီး

"ကျွန်မ အိမ်ကိုပဲပြန်ချင်တယ်၊ ဘယ်မှ
မသွားချင်ဘူး။ ဘာမှလဲ မစားချင်ဘူး"

လို့ငြင်းဆန်လိုက်တယ်။ ရှယ်လီဟာ မမြနွယ်ကို မကိုက်တွန်း
တော့ဘဲ အိမ်ကိုပဲပြန်လာခဲ့တယ်။ အပြန်လမ်းတစ်လျှောက်လုံး အတွေး
ကိုယ်စီနဲ့ လိုက်ပါလာတယ်။ မမြနွယ်ကတော့ ရှယ်လီအလိုကျ လူသတ်မှု
ကျူးလွန်တာကို နောင်တရသလိုဖြစ်နေတယ်။

ဖခင်ကြီးရဲ့စကားကို နားမထောင်ဘဲ ကိုထင်ကျော့်သဘော





အတိုင်း မဂိုလမ်းက သုံးထပ်တိုက်ကြီးကို ရောင်းခိုင်းလိုက်ရင်ပြီး တာပဲ။
ဒါဆိုရင် အခုလို လူသတ်မှုနဲ့ပတ်သက်လို့ တအုံနွေးနွေး စိတ်ဆင်းရဲစရာ
မလိုတော့ဘူးလို့ တွေးနေမိတယ်။


www.burmeseclassic.com

မမြနွယ်ဟာ အိမ်ကိုပြန်ရောက်ပေမဲ့ ရပ်ကွက်လူကြီးရဲ့စကားကို နားထဲမှာကြားယောင်နေတယ်။

မနက်ဖြန်ရေတွင်းပျက်ကို စပြီးဆယ်တော့မယ်၊ ဒါဆိုရင် ရေတွင်းပျက်ထဲမှာ ကိုထင်ကျော်ရဲ့အလောင်းကြီးကိုတွေ့တော့မယ်။

မမြနွယ်ဟာ တွေးလေ ရင်ထိတ်လေဖြစ်ပြီး နေမထိထိုင်မသာ ဖြစ်နေတယ်။ ရှယ်လီကတော့ ထိတ်လန့်တုန်လှုပ်ဟန်မရှိဘဲ ညနေ ခင်း ရေမိုးချိုးပြီးအလှတွေပြင်ထားတယ်။





သူမ တစ်ကိုယ်လုံး သနပ်ခါးတွေ မွှေးနေအောင်လိမ်းထားပြီး ခေါင်းမှာလဲ နှင်းဆီပန်းတစ်ပွင့် ပန်ထားသေးတယ်။ မမြနွယ် မကြာ ခဏ နေထိုင်မကောင်းဖြစ်နေတဲ့အတွက် ရှယ်လီရဲ့ကျောင်းကိစ္စတွေ အားလုံး နားထားရတယ်။

သူတို့နှစ်ယောက် ဒီရက်ပိုင်းအတွင်း အိပ်တူတူ စားတူတူ နေထိုင် တဲ့အတွက် ညီအစ်မတွေလို ရင်းနှီးခင်မင်နေပြီ။ ဒါကြောင့် မှိုင်တွေငေး နေတဲ့ မမြနွယ်ရဲ့ ပခုံးကိုဖက်ပြီး

"ဘာဖြစ်လို့ မဖြစ်သေးတာတွေကို ကြို တွေး
နေရတာလဲ၊ တကယ်တော့ လောကမှာ ကြိုတွေးရ
တဲ့ စိုးရိမ်သောကတွေဟာ တကယ်လက်တွေ့မှာ
ဖြစ်မလာတာတွေများတယ်၊ ဒါကြောင့် ကြိုပြီးစိုး
ရိမ်နေတာ ကိုယ့်အတွက်အရှုံးတွေပါပဲ"

လို့ပြောတယ်။ မမြနွယ်က ရှယ်လီကိုကြည့်ပြီး

"ကြိုတွေးပြီး စိုးရိမ်နေတာမဟုတ်ဘူး
ရှယ်လီ၊ မနက်ဖြန် တကယ် ဖြစ်လာတော့မှာလေ"

လို့ပြောတယ်။ ရှယ်လီက မမြနွယ်ကိုဖက်ပြီး ရှည်လျားတဲ့ ဆံပင် တွေကို ဆော့ကစားလိုက်တယ်။ ပြီးတော့


www.burmeseclassic.com

"တကယ်ဖြစ်လာရင်လဲ ရင်ဆိုင်လိုက်ကြ
တာပေါ့ကွယ်"

လို့တီးတိုးပြောလိုက်တယ်။

အဲဒီညက မမြနွယ်ဟာ ညစာကို လုံးဝမစားဘဲ အိပ်ယာပေါ်မှာပဲ လှဲနေခဲ့တယ်။

နောက်တစ်နေ့နံနက် ရောက်တာနဲ့ မမြနွယ်ဟာ ပြတင်းပေါက်ကို သွားပြီးရေတွင်းပျက်ကို ကြည့်နေတယ်။

ခဏကြာတော့ ရှယ်လီ နိုးလာပြီး အောက်ထပ်မှာ သူတို့နှစ်ယောက်အတွက် ထမင်းနဲ့ ဝက်အူချောင်းကိုသွားကြော်တယ်။

ပြီးတော့ ပန်းကန်နှစ်ချပ်ထဲ ဖွန်းနှစ်ချောင်းတပ်ပြီး အိမ်ပေါ်ထပ်ကို တက်လာခဲ့တယ်။

ဒီအချိန်မှာပဲ ပြတင်းပေါက်ကနေ အော်လိုက်တဲ့ မမြနွယ်ရဲ့အသံကို ကြားရတယ်။

"ရှယ်လီ ရေတွင်းပျက်ကို လူတွေရောက်
နေပြီ၊ ရေတွင်းကို ဆယ်တော့မယ်၊ ဒုက္ခပါပဲ"

ရှယ်လီဟာ ပြတင်းပေါက်ကနေ ပြေးကြည့်လိုက်တော့ ရေတွင်းပျက်မှာ လူတွေဝိုင်းအုံနေတာ တွေ့ရတယ်။





လူအုပ်ထဲက လူတစ်ယောက်ဟာ ရေတွင်းပျက်ထဲကို ဝါးလုံးနဲ့ ထိုးဆွနေတာ တွေ့ရတယ်။ မမြနွယ်က ဝါးလုံးကိုင်ထားသူကို ကြည့်ပြီးတော့

"ရေတွင်းထဲကို ဝါးလုံးနဲ့ထိုးနေပြီ၊ ကိုထင်
ကျော်ရဲ့အလောင်းကြီး ကိုတွေ့တော့မယ်၊ ဘယ်လို
လုပ်ကြမှာလဲ"

လို့ပြောတယ်။ ရှယ်လီလဲ ရုတ်တရက် အကြံရခက်သွားတယ်။ ရေတွင်းပျက်ထဲကို ဝါးလုံးနဲ့ ထိုးနေသူက အနီးကလူတွေကို လှည့်ပြီး တစ်စုံတစ်ခု ပြောနေပုံရတယ်။

နောက်ကော့ လူတွေ ရေတွင်းပျက်ထဲကို ပြိုင်တူငုံ့ကြည့်ကြတယ်။ သူတို့နှစ်ယောက်အတွက် ထိတ်လန့်စရာအလွန်ကောင်းတဲ့ အခြေအနေကို ရောက်နေတာပြီ။

မမြနွယ်က ရှယ်လီ ပခုံးကိုလှုပ်ယမ်းပြီးတော့

"ဘယ်လိုလုပ်ကြမှာလဲ၊ ကျွန်မတို့ ဘယ်လို
လုပ်မှာလဲ၊ ကြံစမ်းပါဦး"

လို့ပြောတယ်။ ရှယ်လီက အံကိုကြိတ်ပြီးတော့

"လာမဲ့ဘေးပြေးတွေ့ဖို့ပဲရှိတယ်၊ ကျွန်မတို့


www.burmeseclassic.com

ရေတွင်းပျက်ကို အရဲစွန့်ပြီး သွားကြည့်ရအောင်"

လို့ပြောတယ်။ မမြနွယ်လဲ ကြောက်လဲကြောက်၊ အခြေအနေ မှန်ကိုလဲ သိချင်တာကြောင့် တုန်တုန်ယင်ယင်နဲ့ပဲ လိုက်လာခဲ့တယ်၊ ရှယ်လီက ရေတွင်းပျက်ကိုမရောက်မီ မမြနွယ်ကို လှည့်မကြည့်ဘဲ လေသံတိုးတိုးနဲ့

"ဟိုမှာတွေ့လား။ ကျွန်မတို့ကို လူတွေအား လုံး စောင့်ကြည့်နေကြတယ်၊ ဣန္ဒြေရရနေစမ်းပါ"

လို့ပြောတယ်။ သူတို့နှစ်ယောက်ဟာ ရုပ်ရည်ချောမောလှပပြီ တင်ထွားထွား ရင်ကားကားမို့ ယောက်ျားတွေအားလုံးငေးကြည့် နေကြတယ်။

ရှယ်လီက လူအုပ်ထဲကို တိုးဝင်သွားပြီး စပ်စုတန်နဲ့

"ရေတွင်းပျက်မှာ ဘာတွေ့လို့လဲ"

လို့မေးမြန်းလိုက်တယ်။ လူအုပ်ထဲက ယောက်ျားတစ် ယောက်က

"ကျုပ်တို့ ရေတွင်းပျက်ဖော်မလို့ပါ။ ကျုပ် တို့ သူငယ်ချင်း ဖိုးတာက ရေတွင်းပျက်မှာ အပုပ်နံ့ ထွက်တယ်ဆိုပြီး ဝါးလုံးနဲ့ထိုးကြည့်နေတာ"

လို့ပြောတယ်။ သူ့စကားကြောင့် မမြနွယ်ရဲ့မျက်နှာ ကွက်ခနဲ





ပျက်သွားတယ်။

မမြနွယ်က စိတ်လှုပ်ရှားတဲ့အမူအရာနဲ့

"အဲဒီတော့ ဘာတွေ့လဲ"

လို့ မေးမြန်းလိုက်တယ်။ အဲဒီလူ ခေါင်းခါယမ်းပြီး

"လောလောဆယ်တော့ ဘာမှ မတွေ့ပါဘူး ဗျာ၊ ကျုပ်အထင်တော့ ရေတွင်းကို အသုံးမပြုတာ ကြာလို့ အနံ့တစ်မျိုးဖြစ်နေတာပါ"

လို့ပြောတယ်။ ဒီအခါမှာ ဖိုးတာဆိုတဲ့လူက ခေါင်းခါယမ်းပြီး

"ကျုပ်ကတော့ အပုပ်နံ့လို့ပဲထင်တယ်၊ ဒါ ကြောင့် ရေတွင်းပျက်ထဲကို ကျုပ်ကိုယ်တိုင် ဆင်း ကြည့်ချင်တယ်"

လို့ပြောတော့ မမြနွယ်ဟာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး

"ဆင်းကြည့်မယ်၊ ဟုတ်လား"

လို့ အထိတ်တလန့် ဝင်ပြောတယ်။

ရှယ်လီကတော့ ဟန်မပျက်ဘဲ

"ရေတွင်းပျက်ထဲကို လူဆင်းလို့လွယ်လို့ လားရှင်"


www.burmeseclassic.com

လို့မေးလိုက်တယ်။ ဖိုးတာကခေါင်းညိတ်ပြီး

"လွယ်တာပေါ့ဗျာ၊ ရေတွင်းပျက်ရဲ့နံရံမှာ
သံကွင်းတွေရိုက်ထားတာတွေ့တယ်မဟုတ်လား။
သံကွင်းတွေ ရိုက်ထားတာ ရေတွင်းပျက်ထဲကို
အလွယ်တကူဆင်းလို့ရအောင် လှေကားထစ်
သဘောလုပ်ထားတာဗျ"

လို့ပြောတယ်။

မမြနွယ်က ရေတွင်းပျက်နံရံကို ကုန်းကြည့်လိုက်တော့ ဖိုးတာပြောသလို နံရံမှာ သံကွင်းတွေ ရိုက်ထားတာမြင်ရတယ်။

ဒီသံကွင်းတွေကို နင်းပြီးဆင်းသွားရင် ရေတွင်းပျက်ထဲကို အလွယ်တကူ ရောက်သွားနိုင်တယ်။

ရေတွင်းပျက်ထဲကိုရောက်ပြီဆိုရင်တော့ ကိုထင်ကျော်ရဲ့ အလောင်းကြီးကိုတွေ့ပြီပေါ့။

ရှယ်လီဟာ မမြနွယ်ရဲ့အခြေအနေကို ရိပ်စားမိလို့ လက်တို့ပြီး လှုအုပ်ထဲက ခေါ်လာခဲ့တယ်။

အိမ်ကိုရောက်တော့ မမြနွယ်က

"အခြေအနေက တဖြည်းဖြည်း ဆိုးဝါးလာပြီ၊ ဘယ်လိုလုပ်ကြမှာတုန်း"

လို့မေးမြန်းလိုက်တယ်။ ရှယ်လီက မျက်မှောင်ကြုတ်လိုက်ပြီး

"သူတို့ဆင်းကြည့်ရင် လူယုတ်မာရဲ့
အလောင်းကို တွေ့မယ်၊ တွေ့ပြီဆိုရင် ပုလိပ်ကို
အကြောင်းကြားမယ်၊ ပုလိပ်က ကျွန်မတို့ကို စစ်
မေးမယ်၊ ဒါပဲလေ။ ဒါတွေက အမှန်တကယ် ရင်
ဆိုင်ရမဲ့ အကြောင်းတွေလေ၊ အမှန်တွေကို ရှင်
လက်ခံလိုက်ရင် ရင်ထဲမှာ နည်းနည်းပေါ့သွား
လိမ့်မယ်"

လို့ပြောတော့

"ပုလိပ်တွေက ကျွန်မတို့ကို မယုံသင်္ကာ
ဖြစ်ပြီး မရရအောင် စစ်မေးရင် ဘယ်လိုလုပ်မှာလဲ"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက မမြနွယ်ကို ဖက်ပြီးတော့

"မေးရမှာက ပုလိပ်အလုပ်၊ ဖြေရမှာက
ကျွန်မတို့အလုပ်ပဲလေ၊ နှစ်ဖက်စလုံးက ကိုယ့်
တာဝန် ကိုယ်လုပ်နေတာပဲ၊ ပုလိပ်မေးတိုင်း ကျွန်မ






www.burmeseclassic.com

တို့က မဟုတ်ဘူးလို့ ငြင်းရမှာပဲ၊ အရေး အကြီးဆုံးက ပုလိပ်ရဲ့မေးခွန်းတွေအောက်မှာ အားလျော့ပြီး အမှန်တွေကိုဝန်ခံလိုက်မှာပဲ၊ ဒါဆိုရင်တော့ ကျွန်မ တို့ဘဝ ဆုံးသွားပြီ၊ ထောင်ထဲမှာ နှစ်ပေါင်းများစွာ အချိန်ကုန်သွားလိမ့်မယ်။ ရှင့်စိတ်ကို ရှင်နိုင်အောင် ထိန်းဖို့ပဲလိုတယ်”

လို့ပြောတယ်။ မမြနွယ်က အလွန်စိတ်ပျက်သောအမူအရာနဲ့

“ကျွန်မ မှားတယ်၊ ရှင့်စကားတွေကို နား ထောင်မိတာမှားတယ်၊ ကျွန်မတို့ မကောင်းမှု မလုပ် ဘူးဆိုရင် အခုလို စိတ်ဆင်းရဲရမှာမဟုတ်ဘူး”

လို့ပြောတယ်။ ရှယ်လီက ပခုံးတွန့်ပြီး

“ကိုယ့်ယောက်ျားက သူများမိန်းမတွေနဲ့ ပျော်ပါးနေတာ ရှင်စိတ် မဆင်းရဲဘူးလား။ မဂိုလမ်း က သုံးထပ်အိမ်ကြီးကို မရောင်းရလို့ ကျွဲရိုက် နွားရိုက်ရိုက်တာ ရှင် စိတ်မနာဘူးလား။ ရှင့် နလုံး ရောဂါ ထနေချိန်မှာ ရှင်ရဲ့ အသက်ကယ်ဆေးကို ကြမ်းပြင် ကို ပစ်ပေါက်ခဲ့တာ ဘယ်သူလဲ၊ ရှင့်ရဲ့ နောက်ဆုံး





အချိန်လေးမှာတောင် ရှင့်ကိုကြင်နာခဲ့လို့လား”

လို့ပြောတော မမြနွယ်ဟာ ရင်နာစရာအတိတ်ဇာတ်ကြောင်း တွေကို မျက်လုံးထဲမှာ ဓာတ်ရှင်ပြသလို ပြန်မြင်လာတယ်။

ဒါကြောင့် ဒေါသတကြီးနဲ့အံကို တင်းတင်းကြိတ်ပြီး

“ကောင်းပြီ၊ ဒီကောင်ကြီးကို သတ်လိုက်ရ လို့ ကျွန်မ နောင်တမရဘူး၊ ဘယ်လိုအပြစ်ဒဏ်ပဲ ကျကျ ကျွန်မ ခံယူမယ်”

လို့အော်ဟစ်လိုက်တယ်။

ရှယ်လီက သဘောကျဟန်နဲ့ မမြနွယ်ကို ကြည့်ပြီး

“ရှင် အမှန်တွေကို မြင်တတ်သွားပြီ၊ ကျွန်မ တို့ ရေတွင်းပျက်ကို စောင့်ကြည့်ရအောင်”

မမြနွယ်တို့ ရေတွင်းပျက်ကို တစ်ချိန်လုံးစောင့်ကြည့်နေရင်းက ရင်ခုန်ရမဲ့အချိန်ကို ရောက်လာတယ်။

ဖိုးတာဆိုတဲ့လူဟာ ပုဆိုးကို ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ရေတွင်းပျက်ထဲကို ဆင်းသွားတယ်။

မမြနွယ်ဟာ ဒီမြင်ကွင်းကိုကြည့်ပြီးတော့ အားအင်ချိနဲ့သလို ဖြစ်ပြီး ရှယ်လီရဲ့ပခုံးကိုမှီထားလိုက်ရတယ်။


www.burmeseclassic.com

ရှယ်လီက အနီးမှာရှိတဲ့ နလုံးဆေးကိုယူပြီး မမြနွယ်ကို ကြိုတိုက်ထားလိုက်တယ်။

မမြနွယ်ဟာဆေးသောက်ပြီး ရှယ်လီရဲ့ပခုံးကိုပြန်မှီထားလိုက်တယ်။ ရှယ်လီကတော့ ရေတွင်းပျက်ဆီကိုပဲ မမိတ်မသုန်ကြည့်နေတယ်။

မမြနွယ်ကတော့ ဒီမြင်ကွင်းကို မကြည့်ရဲတော့လို့ မျက်လုံးကိုသာမှိတ်ထားတယ်။

ခဏကြာတော့ ရေတွင်းပျက်ထဲက ဖိုးတာဆိုတဲ့လူ ပြန်တက် လာတယ်။ ရှယ်လီက

"ဖိုးတာ ပြန်တက်လာပြီ"

လို့ တိုးတိုးလေးပြောလိုက်တယ်။

မမြနွယ်ဟာ ကြောက်ပေမဲ့ မကြည့်ဘဲ မနေနိုင်တော့ဘူး။ ရေတွင်းပျက်ရှိရာကို ကမန်းကတန်း လှမ်းမျှော်ကြည့်တယ်။

ဖိုးတာဆိုတဲ့လူဟာ ရေတွင်းပေါင်ပေါ်ကို ပြန်ပြီးတက်လာ တယ်။

လူတွေအားလုံး ဖိုးတာအနီးကို ဝိုင်းအုံသွားတယ်။ မမြနွယ်လဲ မျက်တောင်မခတ်တမ်း ကြည့်နေမိတယ်။

ဖိုးတာက ရေတွင်းပျက်အနီးမှာရပ်ပြီး ဝိုင်းအုံနေတဲ့သူတွေကို





ရှင်းလင်းပြနေတယ်။ ရှယ်လီက မျက်မှောင်ကြုတ်ပြီး

"ကျွန်မတို့ကံကောင်းတယ်၊ ကိုထင်ကျော်ရဲ့အလောင်းကို တွေ့သွားပုံမရဘူး၊ အတော် ထူးဆန်းတာပဲ"

လို့ပြောလိုက်တော့ မမြနွယ်က ဒီမြင်ကွင်းကိုကြည့်ပြီး

"ဟုတ်တယ်၊ ဖိုးတာဆိုတဲ့လူဟာ ကိုထင်ကျော်ရဲ့အလောင်းကို မတွေ့ဘူးထင်တယ်၊ ရေတွင်းပျက်ထဲမှာရေတွေများနေလို့လားကိုထင်ကျော်ရဲ့အလောင်းကြီး ရေတွင်းပျက်ရဲ့အောက်ကို ရောက်နေလို့လား"

လို့တတွတ်တွတ်ရေရွတ်နေတယ်၊ ရှယ်လီက ခေါင်းခါယမ်းပြီး

"သိပ်ထူးဆန်းတယ်၊ ရေတွင်းပျက်ထဲမှာ အမှိုက်ပိတ်ဆို့နေလို့ရေတွေ အများကြီးရှိပုံမရဘူး၊ ကိုထင်ကျော်ရဲ့အလောင်းပျောက်သွားတာ မယုံနိုင်လောက်အောင်ပါပဲ"

လို့ပြောတော့ မမြနွယ်က တစ်စုံတစ်ခုကို တွေးပြီး အထိတ်တလန့်နဲ့


www.burmeseclassic.com

"ဟင်…ကိုထင်ကျော် နာနာဘာဝ ဘဝ ရောက်လို့ သူ့အလောင်းကြီး ပျောက်သွားတာများ လား"

လို့ရေရွတ်ပြီး ပြတင်းပေါက်ဆီကို ပြန်လျှောက်သွားတယ်။

မမြနွယ်ဟာ ပြတင်းပေါက်ကနေ ရေတွင်းပျက်ဆီကို ကြည့်တယ်။

ရေတွင်းပျက်မှာ လူတွေမရှိတော့ဘူး။ ဒါကြောင့် ခြံထဲကို အကြည့်ရောက်သွားတယ်။ သူမဟာ ခြံထဲက အဝတ်တန်းပေါ်မှာ မြင်ရတဲ့ အရာကြောင့်

"အောင်မလေး"

လို့အော်ပြီး ကြမ်းပေါ်ကို ခွေခေါက်လဲကျသွားတယ်။

ရှယ်လီက မမြနွယ်ကို စိုးရိမ်တကြီး ပွေ့ဖက်လိုက်ပြီး ပြတင်းပေါက်ကနေ ခြံထဲကိုကြည့်လိုက်တော့ အလွန်ထိတ်လန့်အံ့သြဖွယ် မြင်ကွင်းကို မြင်ရတယ်။

ခြံထဲက အဝတ်တန်းပေါ်မှာ ကော်ဖောအနီကြီးလှမ်းထားတာ တွေ့ရတယ်။ ဒီကော်ဖောအနီကြီးက ကိုထင်ကျော်အလောင်းမှာ သူတို့ အုပ်ပေးလိုက်တာလေ။ ကော်ဖောအနီးကြီးက ရေတွင်းပျက်ထဲကနေ





ဘယ်လိုခြံထဲရောက်လာတာပဲ၊ ရှယ်လီက ကော်ဖောအနီကြီးကို ကြည့်ပြီး အံကို ကြိတ်လိုက်တယ်။

"ငါတို့လုပ်ရပ်ကို တစ်ယောက်ယောက် တွေ့သွားပြီ"

လို့တိုးတိုးပြောလိုက်တယ်။



www.burmeseclassic.com

မမြနွယ်ကို ကုလားဆရာဝန်ကြီးက လာရောက်ကြည့်ရှုပြီး သောက်ဆေးတွေ ပေးတယ်။ ဆေးတစ်လုံးလဲ ထိုးပေးလိုက်တယ်။ ကုလားဆရာဝန်ကြီးက လူနာကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် ထားဖို့ပြောတယ်။

နောက်တစ်ကြိမ် နှလုံးရောဂါပြင်းပြင်းထန်ထန်ပြန်ဖြစ်ရင် အသက်အန္တရာယ်စိုးရိမ်ရတယ်လို့ပြောတယ်။

ကုလားဆရာဝန်ကြီး ပြန်သွားတော့ ရှယ်လီက မမြနွယ်ကို ဆေးတိုက်ရင်း





"ကိုယ့်စိတ်ကိုယ် ကိုယ်ထိန်းမှပေါ့မမြနွယ်ရယ်၊ ရှင် နောက်တစ်ကြိမ် နှလုံးရောဂါ ပြင်းပြင်းထန်ထန် ဖြစ်ရင် စိုးရိမ်ရတယ်လို့ ဆရာဝန်ကြီးက ပြောတယ်"

ဟု ပြောလိုက်တယ်။

မမြနွယ်က အရေးမထားဘဲ

"ကျွန်မရောဂါက အရေးမကြီးပါဘူးရှင်၊ ခြံထဲကို ဘာကြောင့် ကော်ဇောနီကြီး ရောက်နေတာလဲ"

လို့ပြောတယ်။ ရှယ်လီက

"ကျွန်မတို့လုပ်ရပ်ကို တစ်ယောက်ယောက် မြင်သွားပုံရတယ်၊ အဲဒီလူက ခြံထဲမှာ ကော်ဇောနီ ကို လာထားသွားတာပဲ၊ သူ ငါတို့ကို ခြိမ်းခြောက်ပြီး ငွေညှစ်ချင်ပုံရတယ်"

လို့ပြောလိုက်တယ်။ မမြနွယ်က

"ဖြစ်နိုင်တယ်၊ ဒီလူ ဘယ်သူလဲဆိုတာ အချိန်တန်ရင်ပေါ်လာလိမ့်မယ်"


www.burmeseclassic.com

လို့ပြောတယ်။ မမြနွယ်က ခဏကြာအောင် ငြိမ်နေပြီး ထိတ်လန့်ဟန်နဲ့

"ကိုထင်ကျော် ကိုယ်တိုင် နာနာဘာဝဖြစ်ပြီး ကျွန်မတို့ကို ခြောက်လှန့်တာမဖြစ်နိုင်ဘူးလား။ သူ နာနာဘာဝဖြစ်ပြီး ရေတွင်းပျက်ထဲက ထွက်သွားတာ ဖြစ်နိုင်တယ်"

လို့ပြောလိုက်တယ်။ ရှယ်လီက ခေါင်းခါယမ်းလိုက်ပြီး

"နာနာဘာဝ သူရဲတစ္ဆေဆိုတာ ငါမယုံဘူး။ သေချာတာတစ်ခုက သူသေသွားပြီ"

လို့ပြောလိုက်တယ်။ မမြနွယ်က လက်ခံဟန်မရှိဘဲ

"ဒါဆိုရင် သူဘာလို့ ရေတွင်းပျက်ထဲမှာ မရှိတော့တာလဲ၊ ကျွန်မ တို့ခြံထဲကို သူ့အလောင်းအုပ်ထားတဲ့ ကော်ဇောနီ ဘာလို့ရောက်လာတာလဲ၊ ကျွန်မတို့ သူ့အလောင်းကို ရှာရမယ်"

လို့ပြောတယ်။ ရှယ်လီက ခေါင်းခါယမ်းလိုက်ပြီး

"အလောင်း ဘယ်မှာရှိသလဲဆိုတာ ငါတို့ ဘယ်သိမှာလဲ၊ ဒီလိုလုပ်ရင် ငါတို့ကို ပုလိပ်တွေ





သံသယဝင်သွားမှာပေါ့"

လို့ပြောတော့ မမြနွယ်က ထိတ်လန့်တုန်လှုပ်ပြီး

"သူမသေဘဲ ပြန်ပေါ်လာရင် ဘယ်လိုလုပ်မလဲ"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက ခေါင်းခါယမ်းလိုက်ပြီး

"အဓိပ္ပာယ်မရှိတာတွေ တွေးမနေနဲ့၊ သူ့ကို ငါကိုယ်တိုင်ဓားနဲ့ထိုးသတ်ခဲ့တာလေ၊ မင်း ကိုယ်တိုင်မြင်ခဲ့တာပဲ"

လို့ပြောလိုက်တယ်။ မမြနွယ်ကတော့ အရာရာကို စိုးရိမ်ထိတ်လန့်ဟန်နဲ့ ရှိနေတုန်းပဲ...။


www.burmeseclassic.com

နောက်တစ်နေ့ ညနေ မမြနွယ် ရေချိုးတဲ့အချိန်မှာ အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်အဖြစ်နဲ့ ကြုံရပြန်တယ်။

မမြနွယ်ဟာ ရေချိုးခန်းတံခါးပိတ်ပြီး ရေကို တဝကြီးချိုးနေ တယ်၊ သူမဟာ ခန္ဓာကိုယ်ကို ဆပ်ပြာတိုက်ရင်း ရေချိုးခန်းတံခါးမှန်မှာ သွေးနဲ့ ရေးတဲ့စာတွေကို မြင်လိုက်ရတယ်။

မမြနွယ်က စာကိုဖတ်ပြီး ငယ်သံပါအောင် အော်ဟစ်လိုက် တယ်။

မမြနွယ်ရဲ့အသံကြောင့် ရေချိုးခန်းဝကို ရှယ်လီရောက်လာပြီး





တခါးကို တဒုန်းဒုန်းထုရိုက်ခေါ်တယ်။

မမြနွယ်ဟာ နောက်ဆုံးကျန်နေတဲ့ အားတွေကိုစုစည်းပြီး တံခါးချက်ကို ဖွင့်လိုက်တယ်။ တံခါးပွင့်သွားတာနဲ့ မမြနွယ်ရဲ့ ခန္ဓာကိုယ်ဟာ ရှယ်လီ ရင်ခွင်ထဲ ပြိုလဲကျသွားတယ်။

ရှယ်လီက မမြနွယ်ရဲ့ ကိုယ်ကို ပွေ့ဖက်လိုက်ပြီး

"ဘာဖြစ်တာလဲ မမြနွယ်၊ ဘာဖြစ်တာလဲ ပြောစမ်းပါ"

လို့မေးမြန်းလိုက်တယ်။ မမြနွယ်ဟာ ရင်ဘတ်ထဲမှာ အောင့်နေလို့ ရှယ်လီအမေးကို နှုတ်က မဖြေနိုင်ဘဲ ပြတင်းပေါက်မှန်ကို လက် ညှိုးညွှန်ပြလိုက်တယ်။

မမြနွယ်ဟာ သွေးနဲ့ရေးထားတဲ့စာကိုဖတ်ပြီး မျက်စိမျက်နှာပျက်သွားတယ်။ ပြတင်းပေါက်မှာ ရေးထားတဲ့စာက

ငါ့အသက်ကို ရက်ရက်စက်စက် လုယူကြတဲ့မိန်းမယုတ်

ငါနောက်ဘဝဖြစ်ပြီး မင်းဆီကို ပြန်လာပြီ----

ရှယ်လီဟာ သွေးနဲ့ရေးထားတဲ့ စာတွေကိုအနီးကပ်ကြည့်ပြီး မှန်ကို လက်နဲ့တို့ကြည့်တယ်။ ပြတင်းပေါက်တံခါးချက်ကို တွန်းကြည့်တော့လဲ တံခါးအလွယ်တကူပွင့်သွားတယ်။



www.burmeseclassic.com

ရယ်လီက မျက်မှောင်ကြုတ်ပြီး

"ပြတင်းပေါက်ကိုအပြင်ကနေဖွင့်ပြီး ရေးသွားတာပဲ၊ နာနာဘာဝ မဖြစ်နိုင်ဘူး။ ငါတို့ကို ခြိမ်းခြောက်တဲ့လူတစ်ယောက် အမှန်တကယ်ရှိနေပြီ သူဘယ်သူဖြစ်နိုင်မှာလဲ၊ ငါတို့ အိမ်နီးချင်း ထဲကတစ်ယောက်ယောက်ဖြစ်လိမ့်မယ်ထင်တယ်"

လို့ပြောလိုက်တယ်။

မမြနွယ်ကတော့ ရယ်လီကို စကားမတုံ့ပြန်နိုင်ဘဲ အမောဖောက်လို့နေပြန်တယ်။

ရယ်လီဟာ မမြနွယ်ရဲ့ နလုံးဆေးကို အပြေးအလွှားသွားယူပြီး တိုက်ရတယ်။ သူတို့နှစ်ယောက်အတူတူနေရတာ နေ့ရက်ရှည်ကြာလာတော့ မမြနွယ်အပေါ် ညီအစ်မအရင်းလို သံယောဇဉ်ဖြစ်လာ မိတယ်။

မမြနွယ်ဟာ နလုံးဆေးကို သောက်ပြီးမှ တဖြည်းဖြည်း မောပန်းနေတာ ရပ်တန့်သွားတယ်။

ရယ်လီဟာ မမြနွယ်ကိုကြည့်ပြီး မသိမသာ သက်ပြင်းချလိုက်တယ်။ ရင်ထဲမှာလဲ ကရုဏာစိတ်တွေဖြစ်ပေါ်နေမိတယ်။

ဒါကြောင့် ပြတင်းပေါက်က စာတွေကိုဆပ်ပြာနဲ့ဖျက်ပြီးတော့





မမြနွယ်ကို အိပ်ခန်းထဲ တွဲခေါ်လာခဲ့တယ်။

အဲဒီညက သူတို့နှစ်ယောက် အိပ်ရာထဲမှာ ပွေ့ဖက်ပြီးအိပ်ကြတယ်။ ဒီတော့မှ မမြနွယ်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ရှာတယ်။


www.burmeseclassic.com

နောက်တစ်နေ့နံနက်မှာ မမြနွယ်ဟာ မကြုံစဖူး လန်းလန်း ဆန်းဆန်းဖြစ်နေတယ်။

ရှယ်လီရဲ့ကျေးဇူးကြောင့် ညက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နိုင်လို့ဖြစ်မယ်။ မမြနွယ်က အဝတ်အစားလဲပြီး

"ဒီနေ့နံနက် ကျွန်မဈေးသွားချင်တယ်"

လို့ပြောတယ်။

အရင်ရက်တွေက သူတို့နှစ်ယောက် အိမ်မှာရှိတဲ့ ငါးခြောက်၊ ငါးခြမ်းနဲ့ ငါးသေတ္တာတွေကိုသာ စားသောက်နေခဲ့တယ်။ ရှယ်လီက





ရွှင်လန်းတက်ကြွနေတဲ့ မမြနွယ်ကိုကြည့်ပြီး

"ရှင်သွားချင်သွားလေ၊ ကျွန်မတို့နေ့တိုင်း ငါးရံ့ခြောက်ဖုတ်နဲ့ပဲ နစ်ပါးသွားနေရတယ်၊ ဈေးထဲမှာ ဘဲဥနဲ့ဟင်းသီးဟင်းရွက်တွေဝယ်ခဲ့ဦး၊ ငါးရံ့ရရင်လဲဝယ်ခဲ့၊ ရှင့်ကို ဆန်ပြုတ်လုပ်ကျွေးချင်လို့"

လို့ပြောတော့ မမြနွယ်က ရှယ်လီကို ပြုံးကြည့်ပြီး

"ဂဏန်းရရင် ဝယ်ခဲ့မယ်၊ ရှင်က ဂဏန်းချဉ်စပ် ဟင်းကြိုက်တယ်ဆို"

လို့ပြောတော့ ရှယ်လီက သဘောကျဟန်နဲ့ ခေါင်းညိတ်ပြ တယ်။

မမြနွယ်ဟာ ရထားလုံးစီးပြီး ဈေးကိုသွားတယ်။ ဈေးထဲမှာ ဟင်းသီးဟင်းရွက်နဲ့ သားငါးတွေကို ဝယ်ပြီးတော့ ဘဲဥဝယ်ဖို့ ဈေးအရှေ့က ဆိုင်ကိုသွားမယ်။

မမြနွယ် ဘဲဥရွေးနေတုန်း အနီးကို ပုလိပ်တစ်ယောက် ရောက်လာပြီး ကြက်ဥတွေရွေးနေတယ်။ ပုလိပ်ဟာ ကြက်ဥရွေးနေရင်း

"မြန်မြန်လုပ်ပါဗျို့၊ သာခုကန်ရွာက ရေကန်အနီးမှာ အလောင်း တစ်လောင်းပေါ်လာလို့ သွားကြည့်ရဦးမယ်"


www.burmeseclassic.com

လို့ ညည်းညူလိုက်တယ်။ မမြနွယ်ဟာ ပုလိပ်ရဲ့စကားကို ကြား လိုက်ပြီး ထိတ်လန့်တုန်လှုပ်သွားတယ်။

"သာစုကန်ရွာအနီးကရေကန်မှာ အလောင်း
တွေ့တယ်ဆိုပါလား။ ဒီအလောင်းဟာ ပျောက်ဆုံး
နေတဲ့ ကိုထင်ကျော်ရဲ့အလောင်းဖြစ်နေမှာလား၊
ကိုထင်ကျော်ရဲ့အလောင်းကို ရေတွင်းပျက်ထဲက
ဆယ်လိုက်တဲ့လူဟာ သာစုကန်နားမှာသွားပြီး
စွန့်ပစ်တာဖြစ်နိုင်တယ်။ ငါသွားကြည့်မှဖြစ်မယ်"

လို့တွေးပြီး အငှားကားတစ်စီးကို ငှားရမ်းပြီး သာစုကန်ရွာဘက် ကိုထွက်ခဲ့တယ်။

မမြနွယ်ဟာ ကားပေါ်မှာ စိတ်လှုပ်ရှားပြီး လိုက်ပါလာခဲ့တယ်။

သာစုကန်ရွာကိုရောက်တဲ့အခါ အငှားကားကို ခဏစောင့်ခိုင်း ပြီး ရေကန်ဘက်ကိုထွက်ခဲ့တယ်။

သာစုကန်ရွာအနီးက ရေကန်နံဘေးမှာ လူတွေဝိုင်းအုံနေတာ တွေ့တော့ မမြနွယ်ရဲ့ ရင်ထဲမှာ တလှပ်လှပ်တုန်ယင်လာတယ်။

သူ့ရဲ့နှလုံးရောဂါ ထသလိုဖြစ်လာတော့ ရှယ်လီကို မခေါ်ခဲ့မိတာ နောင်တရမိတယ်။ ရှယ်လီက အနားမှာရှိရင် သူမကို ပြုစုနိုင်လိမ့်မယ်။





မမြနွယ်ဟာ စိတ်ကိုတင်းပြီး လူအုပ်ရှိရာကို တိုးကပ်သွားတယ်။ သူ့ရဲ့ခြေလှမ်းတွေတုန်ယင်ပြီး ယိမ်းယိုင်လဲမတတ်ဖြစ်နေတယ်။

မမြနွယ်ဟာ လူအုပ်ကြီးထဲကို တိုးဝင်သွားတယ်၊ လူတွေက မမြနွယ်ကိုမြင်တော့ နံဘေးကို ရှဲသွားတယ်။

လူအုပ်ရဲ့အလယ်မှာ လူတစ်ယောက်ရဲ့အလောင်းရှိနေတယ်။ မမြနွယ်ဟာ သေသူရဲ့ အလောင်းကိုကြည့်ပြီး မျက်နှာရှုံ့မဲ့သွားတယ်။ သေသူဟာ ကိုထင်ကျော်မှ မဟုတ်တာ။

သူမ မသိတဲ့ လူစိမ်းတစ်ယောက်ရဲ့မျက်နှာကို မကြည့်တော့ဘဲ လူအုပ်ကြားထဲက ပြေးထွက်ခဲ့တယ်။

မမြနွယ်ဟာ ရေကန်နဘေးက ကုန်းမြင့်ပေါ်က ပြေးဆင်းရင်း ခြေခေါက်ပြီး လဲကျသွားတယ်။

မမြနွယ် လဲနေရာက ပြန်ထဖို့ ကြိုးစားတုန်း သူ့ကို လူတစ် ယောက် ဖေးကူပေးတယ်။

မမြနွယ်ဟာ ရင်ဘတ်ထဲမှာ အောင့်ပြီး နှလုံးရောဂါ ပြန်ထလာ လို့ ပိုက်ဆံအိတ်ထဲက ဆေးဘူးကို ထုတ်ဖို့ကြိုးစားတယ်။

မမြနွယ်ကို ကူပေးတဲ့သူက ဆေးဘူးကိုရှာပေးပြီး အဖုံးဖွင့်ပေး တယ်။ မမြနွယ်ဟာ ဆေးတစ်လုံးကို သောက်ပြီး မြေပေါ်မှာပဲ ခဏ


www.burmeseclassic.com

လောက် ထိုင်နေရတယ်။

မမြနွယ်အနီးမှာရှိနေတဲ့သူက

"မိန်းကလေး စိတ်လှုပ်ရှားစရာ တစ်ခုနဲ့ ကြုံခဲ့တယ်ထင်တယ်၊ အကူအညီလိုရင် ကျုပ်ကို ပြောပါလား။ ကျုပ်နာမည် မျိုးမြင့်လို့ခေါ်တယ်၊ အလွတ်စုံထောက် အလုပ်လုပ်ပါတယ်"

လို့ပြောတယ်။ မမြနွယ်ဟာ အလွတ်စုံထောက်ဆိုတာနဲ့ မျိုးမြင့်ကို အားကိုးတကြီး ကြည့်လိုက်မိတယ်။

မျိုးမြင့်ဟာ သက္ကလပ်ဘောင်းဘီ ကုတ်အင်္ကျီနဲ့ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး ယောက်ျားပီသတဲ့ လူတစ်ယောက်ပါ။ မမြနွယ်ဟာ အားကိုးစရာကောင်းတဲ့ ယောက်ျားကိုမြင်တော့ သူမ ရင်ထဲက တုန်လှုပ်ချောက်ချားမှုတွေကို ရုတ်တရက် ဖွင့်ပြောလိုက်မိ တယ်။

"လွန်ခဲ့တဲ့ ၅ ရက်လောက်က ကျွန်မ ယောက်ျား ပျောက်သွားလို့ပါ။ ဒါကြောင့် သာခုကန်ရွာအနီးမှာ လူသေအလောင်းတွေ့တယ်ဆိုတာနဲ့ လာကြည့်တာပါ"

မမြနွယ်ရဲ့စကားကြောင့် မျိုးမြင့်ဆိုတဲ့ စုံထောက်က မျက်မှောင်





ကြုတ်လိုက်ပြီး

"ခင်ဗျားယောက်ျား ၅ ရက်လောက် ပျောက်သွားတာနဲ့ ဘာဖြစ်လို့ ဒီလောက်စိုးရိမ်ပြီး သာခုကန်ရွာကိုလာကြည့်ရတာလဲ၊ ခင်ဗျား ယောက်ျား အခြားနေရာတစ်ခုကို အလည်အပတ် သွားနေတာ မဖြစ်နိုင်ဘူးလား"

လို့ပြောတော့ မမြနွယ်ရဲ့မျက်နှာ ကွက်ခနဲပျက်သွားတယ်။ ကြာရင် မျိုးမြင့်ဆိုတဲ့စုံထောက် သံသယဝင်ပြီး ကိုထင်ကျော်ကို သူတို့ သတ်တာ ရိပ်မိနိုင်တယ်လို့တွေးမိတယ်။ ဒါကြောင့် သူမရဲ့အမူအရာကို ပြောင်းလိုက်ပြီး

"ဖြစ်နိုင်တယ်ရင် ကျွန်မရဲ့ယောက်ျား အလည်လွန်နေတာဖြစ်နိုင်ပါတယ်၊ ကျွန်မ စိုးရိမ်ကြီးသွားလို့ပါ။ သွားတော့မယ်နော်"

ဆိုပြီး မျိုးမြင့်အနီးကခပ်သွက်သွက်ထွက်သွားဖို့ပြင်လိုက် တယ်။

မျိုးမြင့်ဟာ မမြနွယ်ရဲ့အမူအရာ ရုတ်တရက်ပြောင်းလဲသွားတဲ့အတွက် မျက်မှောက်ကြုတ်ကြည့်လိုက်ပြီး

"ခင်ဗျားရဲ့လိပ်စာလေး ပြောပါဦး"


www.burmeseclassic.com

လို့မေးမြန်းလိုက်တယ်။ မမြနွယ်ဟာ သူမရဲ့လိပ်စာကို မပြော ရင် သံသယဝင်မှာစိုးလို့ လိပ်စာကို မပြောချင်ပြောချင်နဲ့ ပြောပြလိုက် တယ်။

ပြီးတော့ မမြနွယ်ဟာ မျိုးမြင့်အနီးက အမြန်ဆုံးထွက်ခွာလာခဲ့ တယ်။





မမြနွယ် အိမ်ကိုပြန်ရောက်တော့ သူမကို စိုးရိမ်တကြီး စောင့် မျှော်နေတဲ့ ရှယ်လီကိုတွေ့ရတယ်။ ရှယ်လီက မမြနွယ်ကို ပြေးပွေ့ပြီး

"ဘယ်ကိုသွားနေတာလဲ မြရယ်၊ ရှင့်ကို
စိုးရိမ်လို့ ကျွန်မ ဈေးထဲမှာတောင်သွားပြီး ရှာပြီးပြီ၊
ရှင်ဘယ်ကိုရောက်နေတာလဲ"

လို့မေးတယ်။ မမြနွယ်က ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြလိုက်


www.burmeseclassic.com

တယ်။ မမြနွယ်ရဲ့စကားဆုံးတော့ ရှယ်လီက

"ရေတွင်းထဲကလူက ဘာလို့ သာဓု ကန်ကို ရောက်ရမှာလဲ၊ မြက မဖြစ်နိုင်တာကို တွေးပြီး စိုးရိမ်နေတာကိုး။ ဒါနဲ့ နေပါဦး။ မျိုးမြင့်ဆိုတဲ့ အလွတ်စုံထောက်ကို ဘာဖြစ်လို့ လိပ်စာပေးလိုက်ရတာလဲ"

လို့မေးမြန်းလိုက်တယ်။ မမြနွယ်က သက်ပြင်းချပြီး

"ကျွန်မ သူ့ကိုလိပ်စာမပေးချင်ဘူး၊ ဒါပေမယ့် သူ့ကိုလိပ်စာမပြောရင် ကျွန်မကို သံသယဖြစ်သွားမှာစိုးလို့ပြောလိုက်တာပါ"

လို့ပြောတယ်။

ရှယ်လီက ခေါင်းခါယမ်းလိုက်ပြီး

"ကျွန်မတို့ကိစ္စကမှာ စုံထောက်တွေနဲ့ ပတ်သက်ဖို့ မသင့်ဘူး၊ စုံထောက်တွေပါလာရင် ကျွန်မတို့ ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်သွားလိမ့်မယ်"

လို့ပြောတယ်။ မမြနွယ်က နောင်တရဟန်နဲ့ ခေါင်းညိတ် လိုက်ပြီး

"ဟုတ်တယ်၊ ကျွန်မ သိပ်မှားသွားတယ်၊





ဒါပေမယ့် မျိုးမြင့်ဆိုတဲ့လူ ကျွန်မတို့ဆီကို ရောက်လာမှာမဟုတ်ပါဘူး"

လို့တီးတိုးပြောလိုက်တယ်။

မမြနွယ်ဟာ မီးဖိုထဲဝင်ပြီး သီးစုံပဲကုလားဟင်းချက်တယ်။ ငါးရံ့ခြောက်နည်းနည်းကိုလဲ ဖုတ်လိုက်တယ်။ ငါးရံ့ခြောက်ဖုတ်ရင်း မီးသွေးကုန်သွားတာနဲ့ မီးသွေးယူဖို့ စတိုခန်းတံခါးကိုဖွင့်လိုက်တယ်။

မမြနွယ်ဟာ စတိုခန်းတံခါးဖွင့်ရင်း တံခါးဝမှာချိတ်ထားတဲ့ အင်္ကျီကိုမြင်တော့ သူမ မျက်လုံးတွေ ပြူးကျယ်သွားတယ်။ နောက် တော့ အထိတ်တလန့်နဲ့ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

မမြနွယ်ရဲ့ အဆက်မပြတ်အော်နေသံကြောင့် ရေချိုးခန်းထဲကို ရောက်နေတဲ့ ရှယ်လီဟာ လုံချည်ရင်လျားကြီးနဲ့ အပြေးအလွှားရောက်လာပြီး

"ဘာဖြစ်လို့လဲမြ၊ ဘာဖြစ်လို့လဲ"

လို့အလောတကြီးမေးတယ်။

မမြနွယ်ဟာ ရှယ်လီအမေးကို မဖြေနိုင်ဘဲ မျက်လုံးပြူးမျက်ဆန် ပြူးနဲ့ တံခါးပေါက်ကို လက်ညှိုးညွှန်ပြလိုက်တယ်။

ရှယ်လီ လှမ်းကြည့်လိုက်တော့ တံခါးပေါက်မှာ ရေစက်စက်



www.burmeseclassic.com

ကျနေတဲ့ အပြာရောင်ဂျာကင်အင်္ကျီတစ်ထည်ကိုမြင်ရတယ်။

ဒီဂျာကင်းဟာ ကိုထင်ကျော် ရေတွင်းထဲကျသွားတုန်းက ဝတ်ထားတဲ့ဂျာကင်။ ရှယ်လီကက ရေစက်စက်ကျနေတဲ့ ဂျာကင်ကိုကြည့်ပြီး ရင်တုန်ပန်းတုန်နဲ့

"ဘုရား...ဘုရား... ကျွန်မတို့ကို တစ်စုံတစ်ယောက်က ခြောက်လှန့်နေပြီ၊ ဒါပေမဲ့ သူဟာ ယောက်ျားစစ်စစ်မဖြစ်နိုင်ဘူး၊ ယောက်ျားဆိုရင် မိန်းမတွေကို ခြောက်လှန့်မှာမဟုတ်ဘူး"

လို့ပြောလိုက်တော့ မမြနွယ်က ရှယ်လီကို မျက်လုံးပြူးကြည့်ပြီး

"ဘာ... တစ်စုံတစ်ယောက်ဟုတ်လား၊ ရှင် အခုထိ တစ္ဆေသရဲ ဆိုတာ ငြင်းဆန်နေတုန်းပဲလား၊ ကျွန်မတို့အိမ်ထဲကို တစ်စုံတစ်ယောက်က ဘယ်လိုလုပ်ပြီး အလွယ်တကူ ဝင်မှာလဲ၊ ကျွန်မတို့အိမ် အရှေ့အနောက်က တံခါးတွေလဲ့ သော့ခတ်ထားတာပဲ၊ အိမ်ပတ်ဝန်းကျင်ကလဲ ဘယ်သူမှ မဖြစ်နိုင်ဘူး၊ ဒါဟာ သွေးရိုးသားရိုးမဟုတ်ဘူး။ ကျွန်မတို့ သရဲခြောက်ခံနေရတာရှင်၊ ကျွန်မတို့ကို လူယုတ်မာကြီး ခြောက်လှန့်တာ၊ သူ့ တစ္ဆေသရဲဘဝနဲ့ ကျွန်မတို့ကို ပြန်လက်စားချေနေပြီ"

လို့ပြောတယ်။ ရှယ်လီကတော့ မမြနွယ်ရဲ့ စကားကို လက်မခံနိုင်ဘဲ

"ကျွန်မတော့ နာနာဘာဝဆိုတာ အယုံအကြည်မရှိဘူး၊ ဒီနေ့ ခေတ်မှာ သရဲတစ္ဆေရှိတယ်လို့ဘယ်သူမှ လက်ဆုပ်လက်ကိုင် မပြနိုင်ဘူး"

လို့ဆိုပြီး ရေစက်စက်ကျနေတဲ့ ဂျာကင်ကိုယူပြီး အိမ်ရှေ့ဧည့်ခန်းမှာ ချိတ်ထားလိုက်တယ်။

မမြနွယ်ကတော့ ဂျာကင်ကိုမကြည့်ဝံ့ဘဲ

"ရှင်တော်တော်အတွေးခေါင်တာပဲ၊ တစ္ဆေသရဲမဟုတ်ရင် သွေးနဲ့ရေးထားတဲ့စာက ဘယ်လိုလုပ်ရောက်လာသလဲ၊ ဒီလက်ရေးက ကိုထင်ကျော်လက်ရေးပဲ၊ သူ့အလောင်းကိုပတ်ထားတဲ့ ကော်ဇောနီကြီး ခြံထဲမှာ လာလှမ်းထားတာကြည့်၊ တစ်စုံတစ်ယောက်က ဘယ်လိုလုပ်နိုင်မှာလဲ၊ သူ့မှာ မြေလှိုးမိုးပျံနိုင်တဲ့ အစွမ်းရှိမှ ဖြစ်မယ်"







www.burmeseclassic.com

လို့ပြောလိုက်တော့ ရှယ်လီက ငြိမ်သက်သွားပြီး

"ရှင်ပြောတာ သဘာဝကျပါတယ်၊ ဒါပေမယ့် သရဲတစ္ဆေဆိုတာ ကျွန်မ လက်မခံဘူး၊ ကျွန်မတို့ကို ဥစ္စာစနေ ကြွယ်ဝမှန်းသိလို့ ခြိမ်းခြောက်ငွေညှစ်ချင်တဲ့ လူတစ်ယောက်ယောက်က လုပ်တာဖြစ်မယ်၊ သူ တစ်ချိန်ကျရင် ပေါ်လာမယ်လို့ ကျွန်မထင်တယ်"

လို့ပြောတယ်။ မမြနွယ်က ခေါင်းခါယမ်းလိုက်ပြီး

"ဒါဆိုရင် ရေတွင်းထဲက ကိုထင်ကျော်ရဲ့ အလောင်းဘယ်ကို ရောက်နေသလဲ၊ ရှင်ကိုယ်တိုင် သူ့ကျောကိုဓားနဲ့ထိုးသတ်ပြီး ရေတွင်းထဲ ပစ်ချခဲ့တယ်၊ ရေတွင်းထဲမှာ သူသေမသေ ကျွန်မတို့ အကြာကြီးစောင့်ကြည့်ခဲ့တယ်၊ ကျွန်မကတော့ ကိုထင်ကျော် တစ္ဆေသရဲ ဖြစ်နေတယ်လို့ ယုံကြည်နေပြီ၊ ပြောရင်း ကြက်သီးတွေထလာပြီ၊ ဒီလူကြီး ကျွန်မတို့အနီးမှာ ရောက်နေသလားမသိဘူး"

လို့ပြောပြီး ရှယ်လီ့အနားကို တိုးကပ်လာတယ်။ ရှယ်လီက ပတ်





ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီးတော့

"ဘာမှမရှိပါဘူး မမြနွယ်၊ စိတ်အေးအေးထားပါ။ မမြနွယ်မှာလဲ နှလုံးရောဂါ ပြင်းပြင်းထန်ထန်ဖြစ်နေတယ်၊ အကောင်းဆုံးက ကျွန်မတို့ ဒီအိမ်ကြီးကိုပစ်ပြီး ခရီးထွက်လိုက်ရင် မကောင်းဘူးလား၊ ကျွန်မတို့ ဒီအိမ်မှာ ရှိနေသရွေ့ ထိတ်လန့်စရာတွေနဲ့ပဲ ကြုံတွေ့နေရတယ်"

လို့ပြောလိုက်တယ်။

မမြနွယ်က မနှစ်မြို့ဟန်နဲ့ ခေါင်းခါယမ်းလိုက်ပြီးတော့

"အမလေး၊ ဒီလောက်ပြဿနာတွေစုံနေချိန်မှာ အိမ်ကိုပစ်ပြီး ခရီးမသွားနိုင်ပါဘူး၊ ကျွန်မတို့ ခရီးမှာ ဘယ်လိုမှ ပျော်နိုင်မှာမဟုတ်ဘူး"

လို့ငြင်းဆန်လိုက်တယ်။ ဒီအချိန်မှာပဲ သူတို့အိမ်ရှေ့ကို ဂျစ်ကားတစ်စီး ထိုးရပ်လိုက်ပြီး ကားပေါ်က လူတစ်ယောက်ဆင်းလာတယ်။

မမြနွယ်က ကားပေါ်က ဆင်းလာသူကိုကြည့်ပြီးတော့

"ဟင်..အလွတ်စုံထောက်မျိုးမြင့် ဆိုတဲ့လူ ကျွန်မတို့အိမ်ကို ရောက်လာပါလား"



www.burmeseclassic.com

လို့ရေရွတ်လိုက်တယ်။ ရှယ်လီက ပြတင်းပေါက်ကကြည့်ပြီး တော့

"သူ့ကိုကြည့်ရတာ အရပ်ကလန်ကလားနဲ့ စပ်စုတတ်တဲ့ပုံစံပဲ၊ အလွတ်စုံထောက် ကျွန်မတို့ အိမ်ကို ရောက်လာတာ မြမှားတာပဲ၊ မလိုအပ်တဲ့ လူတွေကို ကျွန်မတို့အကြောင်း ဘာလို့ ပြောတာလဲ၊ ဒီလူကို အိမ်ပြင်ထွက်မတွေ့ဘဲနေလိုက်ပါလား"

လို့ပြောတယ်။ မမြနွယ်က သဘောမတူဟန်နဲ့ ခေါင်းခါယမ်းလိုက်ပြီး

"ဒီလူဟာ ကျွန်မ မရှိဘူးဆိုရင်လဲ မရရ အောင်စောင့်ပြီး လာတွေ့မဲ့သူပဲ၊ ဒါကြောင့် သူနဲ့ ထွက်တွေ့ပြီး မီးစင်ကြည့်ကရမယ်"

လို့ပြောတယ်။

ရှယ်လီက သဘောကျဟန်မရှိဘဲ

"ရှင်ကိုယ့်ရှင် ထိန်းမှဖြစ်မယ်နော်၊ မလို အပ်ဘဲစကားမကျွံမိစေနဲ့ ရှင့်ကိုကျွန်မစိုးရိမ်တယ်"

လို့ပြောပြီး မမြနွယ်အနောက်က ကပ်လိုက်လာတယ်။





အလွတ်စုံထောက်မျိုးမြင့်ဟာ မမြနွယ် ခြံတံခါးဖွင့်ပေးလိုက်လို့ အိမ်ထဲကိုဝင်လာပြီး

"ခင်ဗျားယောက်ျားကို ပြန်တွေ့ပြီလား"

လို့မမြနွယ်ကိုမေးတယ်။ မမြနွယ်က သက်ပြင်းချလိုက်ပြီး

"ပြန်မတွေ့သေးပါဘူးရှင်"

လို့ဖြေလိုက်တယ်။ မျိုးမြင့်ဆိုတဲ့စုံထောက်ဟာ မျက်မှောင်ကြုတ်လိုက်ပြီး

"သူ ခရီးလွန်နေတဲ့အကြောင်း ခင်ဗျားကို အကြောင်းကြားတာတွေဘာတွေ မရှိဘူးလား"

လို့မေးမြန်းတယ်။

ဒီအချိန်မှာ ရှယ်လီက ဝင်ပြီးတော့

"ဒီမှာ ကျွန်မတို့ ဒီကိစ္စကို အကျယ်မချဲ့ချင်ပါဘူး။ ဒါဟာ ကျွန်မတို့ ရဲ့ အိမ်တွင်းရေးကိစ္စပါ"

လို့ဝင်ပြောလိုက်တယ်။ စုံထောက်မျိုးမြင့်က ရှယ်လီကို မျက်မှောင်ကြုတ်လိုက်ပြီး

"မမြနွယ်ကို ကျုပ်က အကူအညီပေးချင်လို့ပါ။ ဒါနဲ့ နေပါဦး။ ခင်ဗျားကဘယ်သူလဲ၊ မမြနွယ်



www.burmeseclassic.com

နဲ့ ဘာတော်သလဲ"

လို့မေးမြန်းတယ်။ ရှယ်လီက သက်ပြင်းချပြီး

"ကျွန်မက မမြနွယ်နဲ့ ညီအစ်မလိုခင်မင်တဲ့အိမ်နီးချင်းပါ၊ ကိုထင်ကျော် အိမ်ကထွက်သွားတဲ့ကိစ္စမှာ စုံထောက်တွေဘာတွေမလိုပါဘူး၊ နောက်ပြီးတော့ ကိုထင်ကျော်ဟာ ဒီလိုမျိုး မကြာခဏ အိမ်ကထွက်သွားလေ့ရှိတယ်၊ သူ့အလုပ်က သစ်ကုန်သည်ဆိုတော့ ခရီးထွက်နေရတဲ့အလုပ်"

လို့ပြောလိုက်တယ်။ မမြနွယ်ကလည်းဝင်ပြီး

"ဟုတ်ပါတယ်၊ ကျွန်မ ဒါမျိုးတွေ ခဏခဏကြုံဖူးပါတယ်"

လို့ပြောတယ်။

အလွတ်စုံထောက်က ခေါင်းခါယမ်းလိုက်ပြီး

"ခင်ဗျားရင်ထဲက ပူပင်သောကတွေကို ဘာကြောင့် ဖုံးကွယ်ချင်ရတာလဲ၊ လွန်ခဲ့တဲ့ရက်က သာစုကန်ရွာက လူသေအလောင်းကို စိုးရိမ်တကြီးလာကြည့်ပြီး ခင်ဗျား ပြေးထွက်သွားတာ ကျုပ်မျက်





လုံးထဲက မထွက်ဘူး၊ ဒါကြောင့် ကျုပ်ကို ယုံကြည်ကိုးစားဖို့သင့်ပြီ၊ ကျုပ်က အလွတ်စုံထောက်ဆိုပေမဲ့ ခင်ဗျားကိစ္စကို ပိုက်ဆံလိုချင်လို့ လိုက်ပေးတာမဟုတ်ဘူး၊ ကျုပ်ရဲ့အတွေ့အကြုံအရ ခင်ဗျားရဲ့ အခက်အခဲကို ကူညီမှဖြစ်မယ်လို့ တွေးမိတယ်၊ ခင်ဗျားယောက်ျား ပျောက်ဆုံးတဲ့ကိစ္စအတွက် ကျုပ်ကိုဘာမှ ပေးစရာမလိုဘူး၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားယောက်ျား ဘယ်နေ့က ထွက်သွားတာလဲ"

လို့မေးမြန်းလိုက်တယ်။ မမြနွယ်က တခဏမျှ တွေဝေပြီး နောက်ရှယ်လီ့မျက်နှာကိုကြည့်တယ်။ ပြီးတော့မှ

"လွန်ခဲ့တဲ့ စနေနေ့ကပါရှင်၊ လွတ်အိတ်တစ်လုံးလွယ်ပြီး ရန်ကုန်မြို့ထဲလိုလို ဘာလိုလိုနဲ့ ထွက်သွားတာပါပဲရှင်"

လို့ပြောလိုက်တယ်။ စုံထောက်မျိုးမြင့်က မျက်မှောင်ကြုတ်ပြီး

"ကိုထင်ကျော်ထွက်သွားကာနီးမှာ မမြနွယ်နဲ့ စကားများ ရန်ဖြစ်တာ ရှိသလား"

လို့မေးမြန်းတော့ မမြနွယ်က ခေါင်းခါယမ်းပြီး


www.burmeseclassic.com

"မရှိပါဘူးရှင်"

လို့ဖြေလိုက်တယ်။ အလွတ်စုံထောက်မျိုးမြင့်က သက်လက်ပြီးတော့

"ကိုထင်ကျော် ပျောက်နေတာနဲ့ပတ်သက်ပြီး မမြနွယ် ဘယ်မှာ စုံစမ်းသေးလဲ"

လို့မေးမြန်းတယ်။

မမြနွယ်က ရှယ်လီ့မျက်နှာကို တစ်ချက်ကြည့်လိုက်တော့ ရှယ်လီက အလိုမကျဟန်နဲ့ ရှိနေတယ်။

မမြနွယ်ဟာ အလွတ်စုံထောက်ရဲ့အမေးကိုဖြေဆိုရခက်ခဲနေတယ်။ ကိုထင်ကျော်ကို ဘယ်မှာမှ မစုံစမ်းဘူးဆိုရင် သူတို့လုပ်ကြံထားတာ ပေါ်လွင်သလိုဖြစ်နေမယ်။ ဒါကြောင့်

"ကျွန်မမိတ်ဆွေ ဦးလူဝဆိုတဲ့ လူကြီး တစ်ယောက်က ကိုထင်ကျော်ကျွန်မတို့အိမ်က ပျောက်ပြီးနောက်တစ်ရက်မှာ ကျိုက္ကလဲ့ဘုရားအနီးမှာ တွေ့လိုက်တယ်လို့ပြောပါတယ်"

လို့ပြောလိုက်တယ်။ စုံထောက်မျိုးမြင့်က

"ကိုထင်ကျော် အားလပ်ချိန်မှာ သွားလေ့





သွားထရှိတဲ့ နေရာရှိသလား"

လို့မေးမြန်းတယ်။

မမြနွယ်က ကိုထင်ကျော် မိန်းမတွေနဲ့သွားပြီးရှုပ်ပွေတာကို ပြောရနိုးနိုး ဝေခွဲမရဖြစ်နေတယ်။

ပြီးတော့မှ မပြောတော့ဘူးလို့ဆုံးဖြတ်လိုက်ပြီး

"ကိုထင်ကျော် အားလပ်ချိန်မှာ ဘိလိယက်ထိုးလေ့ရှိတယ်၊ မင်္ဂလာဒုံစစ်တပ်က ဂေါ်ရခါးတပ်သားတွေရဲ့ဘိလိယက်ခုံကို ကိုထင်ကျော် မကြာခဏ သွားလေ့ရှိပါတယ်"

လို့ပြောတယ်။ အလွှန်စုံထောက်မျိုးမြင့်က

"ဘိလိယက်ခုံမှာ ခင်ဗျားတို့စုံစမ်းသေးလား"

လို့မေးမြန်းတယ်။ ရှယ်လီက ဝင်ရောက်ပြီးတော့

"ကျွန်မတို့က မိန်းမသားတွေရှင့်၊ ဂေါ်ရခါးစစ်သားတွေ ဆီကို မိန်းမသားတန်မဲ့ သွားရမှာလား။ ကျွန်မကတော့ ကိုထင်ကျော် ပျောက်နေတာ သွေးရိုးသားရိုး ခရီးထွက်သွားတယ်လို့ပဲထင်တယ်၊


www.burmeseclassic.com

သူ့အလုပ်က သစ်ကုန်သည်အလုပ်ဆိုတော့ အပေါင်းအသင်းများတယ်၊ ရန်ကုန်မြို့ထဲက အပေါင်းအသင်းတွေနဲ့ ခရီးရှည်တွေဘာတွေ ထွက်သွားတာလဲ ဖြစ်နိုင်တာပဲ"

လို့ပြောလိုက်တယ်။ အလွတ်စုံထောက်မျိုးမြင့်က ရှယ်လီမျက်နှာကို စူးစိုက်ကြည့်ပြီး

"ခင်ဗျားပြောတာဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ သတိဆိုတာ ပိုတယ် လို့မရှိဘူးပေါ့ဗျာ၊ သူဘယ်ရောက်နေတယ်ဆိုတာ ကျုပ်တို့ဘက်က စုံစမ်းသင့်တာပေါ့၊ သာမုကန်က ရေကန်ရှေ့မှာ စိုးရိမ်သောကကြီးစွာ နဲ့ ရောက်လာတဲ့ မမြနွယ်ကို ကျုပ်မျက်လုံးထဲကမထွက်ဘူး၊ ဒါကြောင့် စေတနာနဲ့ကူညီနေပါတာ၊ ဒါ... မမြနွယ် ကိုထင်ကျော်ရဲ့လိပ်စာစာအုပ်ကို ကြည့်လို့ရမလား"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက အလိုမကျဟန်နဲ့ စုံထောက်မျိုးမြင့်ကိုကြည့်ပြီး

"ကိုထင်ကျော်ပစ္စည်းတွေကို ကြည့်စရာလိုလို့လား"

လို့မေးမြန်းလိုက်တယ်။ အလွတ်စုံထောက်မျိုးမြင့်က

"လိုတာပေါ့ဗျာ၊ သူ့ပစ္စည်းတွေ စစ်ဆေးပြီးရင် ပျောက်ဆုံးနေတဲ့ သဲလွန်စ ရနိုင်တာပဲ"

လို့ဆိုပြီး ဧည့်ခန်းထဲမှာရှိတဲ့ စားပွဲခုံကြီးဆီကို လျှောက်သွားတယ်၊ ပြီးတော့ စားပွဲခုံရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး စာရွက်စာတမ်းအချို့ကို လှန်လှောကြည့်ရှုနေတယ်။

ရှယ်လီက စုံထောက်မျိုးမြင့်ရဲ့အပြုအမူကိုမနှစ်မြို့ဟန်နဲ့ ကြည့်ရှုနေတယ်၊ ခဏကြာတော့ အလွတ်စုံထောက် မျိုးမြင့်ဟာ စာရွက်စာတမ်းတွေကို ပြန်ထားလိုက်ပြီး

"အိမ်ကထွက်သွားတုန်းက ကိုထင်ကျော်ဘာအင်္ကျီဝတ်ထားသလဲ"

လို့မေးမြန်းလိုက်တော့ မမြနွယ်ရဲ့မျက်နှာ ကွက်ခနဲပျက်သွားပြီး

"အပြာရောင်ဂျာကင်အင်္ကျီပါ"

လို့ပြောတယ်။ စုံထောက်မျိုးမြင့်က ခေါင်းညိတ်လိုက်ပြီး

"ကိုထင်ကျော်ရဲ့အဝတ်ဗီရိုကိုကြည့်ချင်တယ်ဗျာ"






www.burmeseclassic.com

လို့ပြောတော့ မမြနွယ်ဟာ မကြည်မသာနဲ့ခေါင်းညိတ်ပြတယ်။ ရှယ်လီမျက်နှာကို လှမ်းကြည့်တော့ အလိုမကျဟန်နဲ့ ရှိနေတဲ့အတွက် သူမကိုအပြစ်တင်တော့မှာ သေချာတယ်။

မမြနွယ်က ကိုထင်ကျော်ရဲ့အဝတ်ဗီရိုကို ဖွင့်လိုက်ပြီး

"ဗီရိုထဲမှာ အပြာရောင်ဂျာကင်မရှိဘူး၊
နောက်ပြီးတော့ ကိုထင်ကျော်ရဲ့ အနက်ရောင်
သက္ကလပ်ဘောင်းဘီလဲမရှိဘူး"

လို့ပြောလိုက်တယ်။ စုံထောက်မျိုးမြင့်က အဝတ်ဗီရိုကို ခဏကြည့်ပြီး စားပွဲရှိရာကို ပြန်လျှောက်လာတယ်။ စုံထောက်မျိုးမြင့်ဟာ ထိုင်ခုံမှာထိုင်ရင်း နံရံမှာချိတ်ထားတဲ့ အပြာရောင်ဂျာကင်ကိုစူးစိုက်ကြည့်လိုက်တယ်။ ပြီးတော့ မျက်မှောင်ကြုတ်ပြီး

"ကိုထင်ကျော်ဝတ်သွားတဲ့ အပြာရောင်
ဂျာကင်မဟုတ်ဘူးလား"

လို့မေးလိုက်တယ်။

မမြနွယ်ဟာ ရေတစ်စက်စက်ကျနေတဲ့ အပြာရောင်ဂျာကင်ကိုကြည့်ပြီး ထိတ်လန့်ဟန်နဲ့ မျက်လုံးပြူးသွားတယ်။

ရှယ်လီက မမြနွယ်ကို စိုးရိမ်တကြီးအမူအရာနဲ့ ကြည့်လိုက်တယ်။ မမြနွယ်က စိတ်ကိုထိန်းချုပ်ပြီး

"ကိုထင်ကျော်မှာ အပြာရောင်ဂျာကင် အင်္ကျီ
နှစ်ထည်ရှိပါတယ်၊ ကိုထင်ကျော် စနေနေ့က ဝတ်
ထားတာ အသစ်တစ်ထည်"

လို့ပြောလိုက်တယ်။

စုံထောက်မျိုးမြင့်က အပြာရောင်ဂျာကင်ကိုအနီးကပ် သွားကြည့်ပြီး မျက်မှောင်ကြုတ်ကာ

"ဒီဂျာကင်က ဘာဖြစ်လို့ ရေတွေ တစ်စက်
စက်ကျနေရတာလဲ"

လို့မေးလိုက်တော့ မမြနွယ်ဟာ မျက်လုံးပြူးဝိုင်းပြီး ဖြေဆိုရခက်သွားတယ်။ ရှယ်လီက ဝင်ရောက်ပြီးတော့

"ကျွန်မ မနက်က အပြာရောင်ဂျာကင်ကို
လျှော်ထားလို့ပါ"

လို့ပြောတယ်။

စုံထောက်မျိုးမြင့်က အပြာရောင်ဂျာကင်ကို ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

"ဂျာကင်အင်္ကျီ လျှော်ရင်လဲ နေရောင် ထဲမှာ





www.burmeseclassic.com

လုမ်းမှ ခြောက်မှာပေါ့။ အိမ်ထဲမှာလှမ်းတော့ ဘယ် ခြောက်တော့မှာလဲ၊ နောက်ပြီးတော့ ဂျာကင် အင်္ကျီ ကို သေသေချာချာ မညှစ်ဘဲ လှမ်းတယ်ထင်ပါရဲ့ ကြမ်းပေါ်မှာ ရေတွေ တစ်စက်စက်ကျနေတယ်၊ ကြာရင် ပေါလစ်တိုက်ထားတဲ့ကြမ်းတွေ ပျက်စီးကုန် လိမ့်မယ်"

လို့ပြောတော့ ရှယ်လီကိုယ်တိုင် မျက်နှာပျက်သွားတယ်။ စုံထောက်မျိုးမြင့်က ရှယ်လီနဲ့မမြနွယ်ကိုတစ်လှည့်စီကြည့်ရင်း

"ကိုထင်ကျော် ပျောက်ဆုံးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့ နောက်မကျသေးဘူးလို့ မျှော်လင့်ရတာပဲ"

လို့ပြောလိုက်တယ်။

မမြနွယ်ဟာ စုံထောက်မျိုးမြင့်ရဲ့ မေးခွန်းတွေကို စိတ်လှုပ်ရှားစွာနဲ့ ဖြေနေရလို့ သူမ အတော်ပင်ပန်းနေပြီ။ ဒါကြောင့်

"ရှင် မေးခွန်းတွေမေးပြီးရင် ကျွန်မ ခဏ အနားယူပါရစေ။ ကျွန်မအတော် ပင်ပန်းနေပြီ"

လို့ပြောလိုက်တော့ စုံထောက်မျိုးမြင့်က ခေါင်းညိတ်လိုက်ပြီး





"ဒီလောက်ဆိုရင် ကျေနပ်ပါပြီ၊ ကိုထင်ကျော် ပျောက်ဆုံးမှုကို ကျုပ်မရရအောင် စုံစမ်းပေးပါမယ်၊ စိတ်အေးအေးသာထားပါဗျာ၊ ကျုပ် သွားတော့မယ်"

လို့ပြောပြီး မမြနွယ်တို့အိမ်ပေါ်က ဆင်းသွားတယ်။ ရှယ်လီက စုံထောက် မျိုးမြင့်ရဲ့နောက်ကျောကို မကျေမချမ်းကြည့်လိုက်ပြီး

"ဒီလူကို ကျွန်မ လုံးဝကြည့်မရဘူး၊ ကိုယ်နဲ့ မဆိုင်တဲ့နေရာမှာ ဝင်ရှုပ်နေတယ်၊ သူ့ကို စုံထောက် လုပ်ဖို့ ဘယ်သူငှားလို့လဲ၊ မဟားတရားလိုက်ပြီး စုံထောက်ချင်နေတယ်၊ ရှင် သူ့ကို အိမ်လိပ်စာပေး လိုက်တာ သိပ်မှားတယ်"

လို့အပြစ်တင်လိုက်တယ်။ မမြနွယ်ကခေါင်းညိတ်ပြီး

"ကျွန်မအပြစ်ပါပဲ ရှယ်လီရယ်၊ ဒီလူ ဘာဖြစ်လို့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်ပါနေချင်သလဲ မသိဘူး၊ သူ့ကို တင်းတင်းမာမာ ဆက်ဆံဖို့လဲ သိပ်ခက်နေတယ်၊ ကိုထင်ကျော် ပျောက်ဆုံးနေတဲ့ကိစ္စကို ကျွန်မတို့က စုံထောက်အကူအညီနဲ့ မရှာဖွေချင်ဘူး


www.burmeseclassic.com

ဆိုရင် ကျွန်မတို့လုပ်ကြတယ်လို့ သံသယရှိနိုင်

တယ်"

လို့ပြောတယ်။ ရှယ်လီက သဘောတူဟန်နဲ့

"ကျွန်မလဲ ဒီလိုပဲယူဆတယ်၊ သူ့ကိုတင်း

တင်းမာမာဆက်ဆံရင် ကိုထင်ကျော်ကို ပြန်မတွေ့

ချင်ဘူးလို့ ယူဆမှာစိုးရတယ်၊ ဒါကြောင့် ကျွန်မ တို့

သည်းခံပြီးဆက်ဆံနေရတာ၊ သူ့ကို အိမ်လိပ်စာ

မပေးမိရင် သိပ်ကောင်းမှာပဲ၊ ဒါပေမဲ့ အခုအချိန်ထိ

တော့ ရှင်ဖြေတာတွေကောင်းပါတယ်၊ ဒီလူကို လျှော့

တွက်လို့တော့မရဘူး၊ သူဟာ ကောက်ကျစ်ပုံရ

တယ်"

လို့ပြောလိုက်တယ်။ ရှယ်လီရဲ့စကားဆုံးတော့ မမြနွယ်က ခေါင်းကို လက်နဲ့အုပ်ပြီး

"ကျွန်မ ခေါင်းတွေတောင် ကိုက်လာပြီ"

လို့ပြောတယ်။ ရှယ်လီက မမြနွယ်ရဲ့နားထင်နစ်ဖက်ကို ညှင်ညှင်သာသာလေးနှိပ်ပေးပြီး လေသံတိုးတိုးနဲ့

"နောက်ဘယ်တော့မှ မြတစ်ယောက်တည်း





စုံထောက်နဲ့မတွေ့ပါနဲ့"

လို့မှာကြားလိုက်တယ်။

ဒီအချိန်မှာ စုံထောက်မျိုးမြင့်ရဲ့ ဂျစ်ကားဟာ ကျိုက္ကလဲ့ဘုရားအနီးက ဘုရားလူကြီးဦးလူဝနဲ့သွားတွေ့တယ်။ စုံထောက်မျိုးမြင့်ဟာ ဘုရားလူကြီးဦးလူဝနဲ့ ခင်မင်ရင်းနှီးသူဖြစ်တယ်။

စုံထောက်မျိုးမြင့်ဟာ ဦးလူဝနဲ့ခဏကြာအောင် စကားပြောဆိုပြီး ကျိုက္ကလဲ့ဘုရားကို သွားရောက်ဖူးမျှော်တယ်၊ ကျိုက္ကလဲ့ဘုရားရဲ့အလှူခံဌာနကိုလဲ သွားပြီးမေးမြန်းခဲ့သေးတယ်။

အတန်ကြာတော့ စုံထောက်မျိုးမြင့်ဟာ ကိုထင်ကျော် ပျောက်ဆုံးမှုနဲ့ပတ်သက်ပြီး သဲလွန်စအချို့ကို ရလိုက်တယ်။

သူဟာ သနားစဖွယ်ကောင်းတဲ့ မမြနွယ်ကို ဂရုဏာသက်ပြီး စုံထောက်ပညာနဲ့ ကူညီပေးချင်နေမိတယ်။ ဒါပေမယ့် ကိုထင်ကျော် ပျောက်ဆုံးတဲ့ဖြစ်ရပ်မှာ တစ်စုံတစ်ခု မှားယွင်းနေသလို ခံစားရတယ်၊ အဲဒီမှားယွင်းမှုကို သူကိုယ်တိုင်က သေသေချာချာမသိဘူး။



www.burmeseclassic.com

နောက်တစ်နေ့မှာ ရယ်လီက မမြနွယ်ရဲ့နလုံးရောဂါကို စိတ်မချလို့ ဈေးကို သူကိုယ်တိုင်သွားတယ်။ ဈေးထဲမှာ ဝယ်ခြမ်းပြီးတော့ သူတို့နှစ်ယောက် နံနက်စာစားဖို့ မုန့်ဟင်းခါးဝယ်လာတယ်။

ရယ်လီ အိမ်ကိုပြန်ရောက်တော့ ဧည့်ခန်းထဲမှာ သူမနဲ့ရွယ်တူမိန်းမတစ်ယောက်ထိုင်နေတယ်။ ဧည့်သည်မိန်းမရဲ့ရုပ်ရည်ဟာ ချောမောလှပပြီး ဇင်းမယ်လုံချည်နဲ့ ဖာအင်္ကျီကို ဝတ်ဆင်ထားတယ်။

သူမရဲ့ မှိုမောက်တဲ့ရင်သားတွေက ပုရိသတွေကို ဆွဲဆောင်နေတယ်။ ဧည့်သည်မိန်းမရဲ့နဘေးမှာ မျက်နှာမကောင်းတဲ့အမူအရာနဲ့





ရှိနေတဲ့ မမြနွယ်ကိုတွေ့ရတယ်။ မမြနွယ်က ရယ်လီကိုမြင်တဲ့အခါမှာ

"ရယ်လီ သူ့နာမည် မိမိုးလို့ခေါ်တယ်"

လို့ဧည့်သည်မိန်းမနဲ့ မိတ်ဆက်ပေးတဲ့အခါမှာ မိမိုးဆိုတဲ့မိန်းမက ရယ်လီကို မချိုမချဉ်အမူအရာနဲ့လှမ်းကြည့်တယ်။ မမြနွယ်က ဆက်ပြီး ပြောတယ်။

"မိမိုးက ကိုထင်ကျော်နဲ့တွေ့ချင်လို့တဲ့"

လို့ပြောလိုက်တယ်။ မမြနွယ်စကားကြောင့် ရယ်လီက အံ့သြဟန်နဲ့ မိမိုးကိုကြည့်ပြီး

"ကိုထင်ကျော် ခရီးထွက်သွားတယ်လို့ ပြောလိုက်လေ"

လို့ပြောလိုက်တော့ မိမိုးက မမြနွယ်ကို အပြစ်တင်တဲ့အမူအရာနဲ့ကြည့်ပြီး

"ရှင်တို့နှစ်ယောက်စလုံး လွဲနေပါလား၊ ရှင်ပြောတော့ ကိုထင်ကျော် ဘယ်ရောက်နေသလဲ မသိဘူးဆို၊ ကျွန်မကို ညာဖို့မကြိုးစားနဲ့နော်၊ ကိုထင်ကျော်ရှိရှိ မရှိရှိ ကျွန်မလိုချင်တာကို ရှင်တို့ ပေးရမယ်၊ ကိုထင်ကျော်က ကျွန်မကို တာဝန်ယူမယ်လို့ပြော



www.burmeseclassic.com

"ထားတယ်နော်"

လို့ပြောလိုက်တယ်။ မိမိုးရဲ့စကားကို ရှယ်လီကနားမလည်ဟန်၊

"ရှင်ပြောတာ ကျွန်မ နားမလည်ဘူး၊ ရှင်

ဘာကိုဆိုလိုတာလဲ"

လို့ မေးမြန်းလိုက်တယ်။

မဖြူနွယ်က ဝင်ရောက်ပြီးတော့

"မိမိုးပြောတာက သူ့မှာ ကိုထင်ကျော်နဲ့ ရတဲ့

ကလေးရှိနေပြီတဲ့"

လို့ပြောတယ်။

ရှယ်လီက မဖြူနွယ်စကားကြောင့် မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်

သွားတယ်။ ပြီးတော့အလွန်အံ့သြဟန်နဲ့ မိမိုးကိုကြည့်ပြီးတော့

"ကိုထင်ကျော်နဲ့ရတဲ့ကလေးဟုတ်လား၊

ရှင်နဲ့ကိုထင်ကျော်က ဘယ်တုန်းကဖြစ်နေတာလဲ"

လို့မေးမြန်းလိုက်တယ်။

မိမိုးက မထူးဆန်းတဲ့အမူအရာနဲ့

"ရှင်က ကျွန်မကို မယုံဘူးလား"

လို့မေးလိုက်တော့ ရှယ်လီက သက်ပြင်းချပြီး





"ကိုထင်ကျော်နဲ့ရတဲ့ကလေးလို့ ရှင်ဘယ်

လိုသက်သေပြမှာလဲ"

လို့မေးလိုက်တယ်။

မိမိုးက ရယ်မောလိုက်ပြီး

"မဖြူနွယ်ကိုမေးလေ၊ ဟောဒီအိမ်ရဲ့ အိပ်

ခန်းထဲမှာ ကိုထင်ကျော်နဲ့ကျွန်မ ချစ်တင်းနှီးနှောနေ

တာကို မဖြူနွယ်ကိုယ်တိုင် သိပါတယ်"

လို့ပြောလိုက်တော့ မဖြူနွယ်က ရင်နာဟန်နဲ့ ခေါင်းညိတ်ပြလိုက်တယ်။ ရှယ်လီဟာ မိမိုးရဲ့ မို့မောက်တဲ့ ရင်သားတွေနဲ့ စွင့်ကားတဲ့တင်ကို ကြည့်ပြီးတော့ မယုံကြည်လို့မရတော့ဘူး။ ကိုထင်ကျော်ကိုလဲ အမုန်တကယ် ရွံရှာမုန်းတီးသွားမိတယ်။ ယုတ်မာကောက်ကျစ်လိုက်တဲ့ ယောက်ျား.... မိန်းမတွေလိုက်ဖျက်ဆီးနေတဲ့ တဏှာရူး...။

မိမိုးက ထိုင်နေရာက ထရပ်ပြီးတော့

"ကျွန်မနာမည် မိမိုး၊ ပုဇွန်တောင်မှာနေ

တယ်၊ ရှင် ကျွန်မရဲ့ ဂုဏ်သိက္ခာကို စုံစမ်းကြည့်၊

ကျွန်မ သူ့ကို ချူစားတာမဟုတ်ဘူး၊ သူကိုယ်တိုင်

သူ့အဖြစ်ကိုသိလို့ ကျွန်မကို တာဝန်ယူမယ်ပြော


www.burmeseclassic.com

"တာ၊ ရှင်တို့ပေးတဲ့ ပိုက်ဆံကို ကျွန်မ သုံးလို့မရဘူး၊ ကုလားဆရာဝန်ကြီးကိုပေးပြီး ကလေးဖျက်ချရမှာ"

လို့ပြောတယ်။ မမြနွယ်ကတော့ မိမိုးရဲ့စကားတွေကို ကြားရတ မထူးဆန်းတော့ဘူး။

ကိုထင်ကျော် ပွေပုံရှုပ်ပုံကို သူကောင်းကောင်းသိတယ်။ ရှယ်လ ကတော့ ထူးဆန်းအံ့သြဟန်နဲ့ရှိနေတယ်။

ရှယ်လီက မျက်လုံးမှိတ်ရင်း နားထင်နှစ်ဖက်ကို လက်နဲ့ထောက် ပြီး မိမိုးကိုပြောတယ်။

"ကိုထင်ကျော်ရဲ့ကိုယ်ဝန်ဆိုတာ သေချာရင် တော့ ကျွန်မတို့ပေးရမှာပေါ့"

လို့ ပြောတော့ မမြနွယ်က သက်ပြင်းချပြီး

"ကလေးဖျက်ချတဲ့အလုပ်ကိုတော့ ကျွန်မ တို့ အားမပေးချင်ဘူး၊ ငရဲကြီးမှာကြောက်တယ်"

လို့ပြောတယ်။ မိမိုးက သဘောကျဟန်နဲ့ရယ်မောပြီး

"ဒါဆိုရင် ရှင့်ယောက်ျားနဲ့ရတဲ့ကိုယ်ဝန်ကို ကျွန်မ မွေးရမှာလား။ ဒီလိုမွေးဖို့ ရှင်သဘောတူတယ် ဆိုရင်တော့ ကျွန်မမွေးမယ်"





လို့ပြောတော့ ရှယ်လီက ဝင်ပြီး

"တော်ပါတော့ရှင်၊ အပိုစကားတွေပြော မနေနဲ့တော့၊ ကလေးဖျက်ချဖို့ပိုက်ဆံဘယ်လောက် လိုလဲပြော"

လို့မေးလိုက်တယ်။

မိမိုးက လက်သုံးချောင်းထောင်ပြပြီး

"ရွှေ ၃ ကျပ်သားလောက်ဆိုရင် မဆိုးပါဘူး"

လို့ပြောတော့ ရှယ်လီက စလင်းဘတ်အိတ်ထဲက ပိုက်ဆံတစ် ထပ်ကို ထုပ်ပြီး မိမိုးကိုပေးလိုက်တယ်။

မိမိုးက မထီလေးစားအမူအရာနဲ့ ငွေထုပ်ကိုလက်ခံယူလိုက်ပြီး

"ရှင်မဆိုးဘူး၊ ပြဿနာကို အမြန်ဆုံးပြီး အောင် ရှင်းနိုင်တယ်၊ ဒါကြောင့်လဲ ကိုထင်ကျော်က သဘောကျတာပဲ"

လို့ပြောလိုက်တော့ ရှယ်လီက မျက်မှောင်ကြုတ်ပြီးတော့

"ကျွန်မရဲ့အကြောင်းကိုသိနေတာလား"

လို့မေးလိုက်တယ်။

မိမိုးက ရယ်မောလိုက်ပြီး



www.burmeseclassic.com

"ကိုထင်ကျော်က သူဘယ်လောက်စွဲတယ်

ဆိုတာ အမြဲကြွားပါတတ်တယ်၊ ဒါပေမဲ့ ကျွန်မ ဒီအိမ်ကိုမလာသင့်ပါဘူး။ ရှင်တို့ ယောကျ်ားရဲ့ ကိုယ် ဝန်ကို ကျွန်မ မလွယ်ချင်လို့လာခဲ့တာ၊ အခုတော့ ရှင်တို့ကျေနပ်သွားပြီပေါ့၊ နောက်ဆုံးအနေနဲ့ ကို တင်ကျော်ကို ပြောလိုက်ပါ၊ ကျွန်မကို ဘယ်တော့မှ လာ မတွေ့ပါနဲ့လို့"

လို့ပြောပြီး အိမ်ထဲကနေ မထီလေးစား အမူအရာနဲ့ထွက်သွား တယ်။ အိမ်ပေါက်ဝကိုရောက်တော့ သူတို့နှစ်ယောက်ကို သမင်လည် ပြန်ကြည့်ပြီး

"ကျွန်မ သူ့ကိုနှုတ်ဆက်တယ်လို့ ပြော

လိုက်ပါ"

လို့ပြောပြီး ထွက်ခွာသွားတယ်။

ရှယ်လီဟာ မိမိုးရဲ့နောက်ကျောကိုကြည့်ပြီး အလွန်စိတ် မချမ်း သာတဲ့အမူအရာမျိုးနဲ့ ကျန်ရစ်ခဲ့တယ်။

မမြနွယ်က ရှယ်လီ မျက်စိပျက် မျက်နှာပျက်နေတာမြင်တော့ ပြုံး လိုက်ပြီး





"ရှင်အံ့သြနေသလား"

လို့မေးမြန်းလိုက်တယ်။

ရှယ်လီက ခေါင်းညိတ်လိုက်ပြီး

"ရှင် သူ့ကိုသိနေတယ်ပေါ့"

လို့မေးမြန်းလိုက်တယ်။ မမြနွယ်က သက်ပြင်းချလိုက်ပြီး

"ရှင်နဲ့မတွေ့ခင် ကိုထင်ကျော်ရဲ့ နောက်ဆုံး

ဇာတ်လမ်းလေ"

လို့ပြောလိုက်တော့ ရှယ်လီက စိတ်ထိခိုက်ဟန်နဲ့

"မိမိုးအကြောင်းကို ကျွန်မကိုရှင်ပြောပြထား

သင့်တယ်"

လို့ တိုးတိုးပြောလိုက်တယ်။ မမြနွယ်က မှုံပြုံးပြုံးလိုက်ပြီး

"ကျွန်မ တစ်ယောက်တည်း နာကျင် ကြေ

ကွဲရမှာပေါ့၊ ရှင့်ကို ဘာဖြစ်လို့ နာကျင်စေရမှာလဲ"

လို့ပြောပြီး ကိုထင်ကျော်ကို နာကြည်းမုန်းတီးနေမိတယ်။

လူယုတ်မာကြီး ကိုထင်ကျော်မှာ ဒီလိုနာကျင်ကြေကွဲစရာ ဇာတ် လမ်းတွေ အများကြီးရှိတယ်။

ဒီရက်ပိုင်းမှာ သူတို့နှစ်ယောက်အတွက် စိတ်လှုပ်ရှားစရာတွေ



www.burmeseclassic.com

ဆက်တိုက်ဖြစ်နေတယ်။

ညနေစောင်းတော့ အလွှတ်စုံထောက် မျိုးမြင့်တစ်ယောက်

ပေါက်ချလာပြန်တယ်။ ရှယ်လီက စုံထောက်မျိုးမြင့်ရဲ့ရုပ်ကားကိုကြည့်ပြီး

"အလွှတ်စုံထောက် ရောက်လာပြန်ပြီ၊ ကြာ

ရင် ချောင်းပေါက်တော့မယ်နော်"

လို့ပြောတော့ မမြနွယ်က သက်ပြင်းချလိုက်ပြီး

"သူနဲ့ဆက်သွယ်မိတဲ့ ကျွန်မရဲ့အမှားပါ၊

သူ့မှာ ကျွန်မတို့ စိတ်ဆင်းရဲစရာတွေပါလာပြန်ပြီ

ထင်တယ်"

လို့ပြောလိုက်တယ်။

စုံထောက်မျိုးမြင့်ဟာ သူတို့နှစ်ယောက်ရှေ့မှာ ဟန်ပါပါဝင်ထိုင်

လိုက်ပြီး

"ကိုထင်ကျော်နဲ့ပတ်သက်တဲ့ သဲလွန်စတွေ

တော်တော်ရလိုက်တယ်"

လို့ဆိုတယ်။ ရှယ်လီက စုံထောက်မျိုးမြင့်ကို မျက်မှောင် ကြုတ်

ကြည့်ပြီး

"ဆိုပါဦး ဘာတွေရလိုက်တာလဲ"





လို့မေးလိုက်တယ်။

စုံထောက်မျိုးမြင့်က ပိုင်နိုင်တဲ့အမူအရာနဲ့

"ကိုထင်ကျော် သက်ရှိထင်ရှားရှိနေသေး

တယ်၊ ကိုထင်ကျော် ခင်ဗျားတို့အိမ် ကထွက်သွား

တာ စနေနေ့နော်၊ တနင်္ဂနွေနေ့မှာ ကိုထင်ကျော်ဟာ

ကျိုက္ကလဲ့ဘုရားမှာရှိနေခဲ့တယ်"

လို့ပြောတော့ ရှယ်လီက စုံထောက်မျိုးမြင့်ကို အထင်မကြီးဟန်

နဲ့ကြည့်လိုက်ပြီး

"ဘုရားလူကြီး ဦးလူဝနဲ့တွေ့ခဲ့ပြီးပြီထင်

တယ်။ ဦးလူဝရဲ့အသက်ဟာ ခုနစ်ဆယ်လောက်ရှိပြီ၊

သူ့မျက်စိလဲမှုန်နေလောက်ပြီ၊ မျက်စိမှုန်နေတဲ့

အဘိုးကြီးတစ်ယောက်ရဲ့စကားကို ရှင်အတည်ယူပြီး

ကျွန်မတို့ကို လာပြောနေတာလား"

လို့ပြောလိုက်တယ်။

စုံထောက်မျိုးမြင့်က လက်ကာပြလိုက်ပြီး

"ကျုပ်စကားကို ဆုံးအောင်နားထောင်ပါဦး၊

ဘုရားလူကြီး ဦးလူဝရဲ့ အပြောတစ်ခုတည်းနဲ့ ကျုပ်


www.burmeseclassic.com

ဘယ်ယုံပါ့မလဲဗျာ၊ ကျုပ် ကျိုက္ကလဲ့ဘုရားပေါ်ကို
ရောက်ခဲ့သေးတယ်၊ ကိုထင်ကျော်ဟာ ကျိုက္ကလဲ့
ဘုရားပေါ်မှာ မိန်းမတစ်ယောက်နဲ့ချိန်းတွေ့ခဲ့တယ်"

လို့ပြောတော့ ရှယ်လီက မျက်နှာမဲ့ပြီး

"ရှင်လွန်လာပြီထင်တယ်၊ နှလုံးရောဂါရှိတဲ့
ကျွန်မ သူငယ်ချင်းကို ရောဂါပိုသည်းအောင် လုပ်
နေတာလား"

လို့ပြောတယ်။ စုံထောက်မျိုးမြင့်က

"အမှန်တရားအတွက် ပြောရမှာပဲဗျ။ ကိုထင်
ကျော်ဟာ ဘုရားပေါ်မှာ မိန်းမတစ်ယောက်နဲ့ချိန်း
တွေ့ခဲ့တာ အမှန်ပဲဗျ။ အဲဒီမိန်းမနာမည်က မိမိုးလို့
ခေါ်တယ်"

လို့ပြောလိုက်တော့ ရှယ်လီနဲ့ မမြနွယ်ဟာ တစ်ယောက်မျက်
နှာတစ်ယောက်ကြည့်ပြီး အလွန်အံ့သြသွားကြတယ်။

"ကျုပ်ဘုရားပေါ်က အလှူဖြတ်ပိုင်းတွေကို
စစ်ဆေးကြည့်တော့ ကိုထင်ကျော်နဲ့ မိမိုးဆိုတဲ့
အမည်ကို တွေ့ခဲ့တယ်။ အလှူခံဌာနမှာ စုံစမ်းကြည့်





တော့ မိမိုးဆိုတဲ့မိန်းမဟာ အတော်ချောမောလှပ
တယ်လို့ သိရတယ်"

လို့ပြောတယ်။

ရှယ်လီနဲ့ မမြနွယ်ဟာ မျက်စိပျက် မျက်နှာပျက်သွားကြတယ်။
ကိုထင်ကျော် ဘုရားပေါ်မှာ မိန်းမတစ်ယောက်နဲ့ချိန်းတွေ့တာသေချာ
လို့လား။ သေဆုံးပြီးတဲ့လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး မိန်းမ တစ်
ယောက်နဲ့တွေ့လို့ရနိုင်မှာလဲ။

ရှယ်လီဟာ စုံထောက်မျိုးမြင့်ရဲ့စကားကို လက်မခံဘဲ

"ဘုရားက အလှူခံဖြတ်ပိုင်းမှာ ကိုထင်
ကျော်ဆိုတဲ့အမည်တွေ့တာနဲ့ မမြနွယ်ယောကျ်ား
ကိုထင်ကျော်ဖြစ်နေမှာလား။ လောကမှာ ကိုထင်
ကျော်ဆိုတဲ့လူတွေအများကြီးရှိနိုင်တာပဲ၊ မမြနွယ်
ယောကျ်ားဟာ မိမိုးဆိုတဲ့ မိန်းမနဲ့ ဖောက်ပြန်နေ
တယ်လို့ ရှင်စွတ်စွဲချင်တာလား၊ ကိုထင်ကျော်ရဲ့
ဂုဏ်သိက္ခာကို ရှင်ထည့်မတွက်ဘူးလား"

လို့ငြင်းဆန်လိုက်တဲ့အခါ စုံထောက်မျိုးမြင့်က ခေါင်းခါယမ်း
လိုက်ပြီး



www.burmeseclassic.com

"သူတစ်ပါးရဲ့ ဂုဏ်သိက္ခာကို ကျူပ်သိပ်ဂရု
စိုက်တယ်၊ ဒါပေမဲ့ ကိုထင်ကျော်ဟာ ဘယ်လိုလူစား
မျိုးဆိုတာ ကျုပ်သိခဲ့ပြီးပြီ၊ ကိုထင်ကျော်ဟာ ဂုဏ်
သိက္ခာကို ဂရုစိုက်မဲ့လူမျိုးမဟုတ်ဘူး"

လို့ပြောလိုက်တော့ မမြနွယ်ဟာ မျက်စိပျက် မျက်နှာပျက်ပြီး စုံထောက်မျိုးမြင့်ကို ပြန်ကြည့်လိုက်မိတယ်။ သူဘာဆက်ပြောရမှန်းလဲ မသိတော့ဘူး။

စုံထောက်မျိုးမြင့်က မမြနွယ်ကိုကြည့်ပြီး

"ကိုထင်ကျော် ထွက်သွားတဲ့နောက်ပိုင်း
ခင်ဗျားတို့ကို မဆက်သွယ်တာ သေချာပါတယ်နော်"

လို့မေးမြန်းတဲ့အခါမှာ မမြနွယ်ဟာ မလုံမလဲဟန်နဲ့

"သေချာပါတယ်ရှင်"

လို့ပြောလိုက်တယ်။ ရယ်လီဟာ မမြနွယ်ရဲ့မျက်နှာ ပျက်ယွင်းနေတာကြောင့် စုံထောက်မျိုးမြင့် သံသယဝင်မှာ စိုးရိမ်တယ်။ ဒါကြောင့် မမြနွယ်ကိုကြည့်ပြီး

"ဪ... မမြနွယ် မီးဖိုမှာ ပဲဟင်းအိုး တည်
ထားတယ်နော်၊ ပဲတွေဝေကြေဦးမယ်"





လို့ပြောပြီး မမြနွယ်ကို နှင်လွှတ်လိုက်တယ်။ ပြီးတော့ ရယ်လီ က ထိုင်ရာကထပြီး

"ကျွန်မတို့ခြံထဲမှာ လမ်းလျှောက်ရင်း စကား
ပြောကြတာပေ့ါ"

လို့ပြောပြီး ရှေ့ကနေ ဦးဆောင်ထွက်သွားတယ်။ စုံထောက်မျိုးမြင့်က ရယ်လီရဲ့ကားစွင့်တဲ့တင်တွေကိုကြည့်ပြီး

"ခင်ဗျားမှာ အိမ်ထောင်ရှိသလား"

လို့မေးမြန်းလိုက်တယ်။ ရယ်လီက ရယ်မောပြီး

"ကျွန်မက အပျိုကြီးရှင့်"

လို့ပြောလိုက်တယ်။ စုံထောက်မျိုးမြင့်က ရယ်လီကို မျက်လုံးချင်းဆုံအောင်ကြည့်ပြီး

"မမြနွယ်က သူ့ယောက်ျားကို နာကြည်း
မုန်းတီးစရာရှိသလား"

လို့မေးမြန်းလိုက်တယ်။ ရယ်လီက သက်ပြင်းချပြီး

"ဘာဖြစ်လို့ သူ့ယောက်ျားကို နာကြည်း
မုန်းတီးရမှာလဲ"

လို့ပြောတယ်။


www.burmeseclassic.com

စုံထောက်မျိုးမြင့်က မျက်မှောက်ကြုတ်လိုက်ပြီး

"ကိုထင်ကျော်ရဲ့နောက်ကြောင်းတွေကို စုံစမ်းကြည့်တော့ သူဟာ မိန်းမမှုအတော်ရှုပ်ပွေကြောင်းသိရတယ်၊ သူဟာ မျက်စိရှေ့မှာရှိတဲ့ မိန်းမချော မိန်းမလှဆိုရင် ဘယ်သူ့ကိုမှ အလွတ်မပေးဘူးတဲ့၊ ရှယ်လီကိုတောင် အလွတ်ပေးရဲ့လားမသိဘူး"

လို့ပြောတော ရှယ်လီက စုံထောက်မျိုးမြင့်ကို ဒေါသတကြီး ကြည့်ပြီး

"ရှင်ဘာစကားပြောတာလဲ၊ စော်ကားလုချည်လား၊ ရှင့်စကားက ကျွန်မရဲ့ဂုဏ်သိက္ခာကို ထိပါးနေပြီနော်"

လို့ပြောလိုက်တယ်။ စုံထောက်မျိုးမြင့်က ရှယ်လီကို စူးစိုက်ကြည့်ပြီး

"ရှယ်လီဟာ မိန်းမလှတစ်ယောက်မို့မေးကြည့်တာပါ၊ စိတ်မရှိပါနဲ့၊ မမြနွယ်အကြောင်းလဲ ပြောပါဦး"





လို့မေးမြန်းလိုက်တယ်။ ရှယ်လီက အဝေးဆီကို ငေးကြည့်ပြီး

"မမြနွယ်ဟာ သိုးကလေးတစ်ကောင်လို ရိုးသားသိမ်မွေ့ပါတယ်၊ သူ့မှာ အလွန်ပြင်းထန်တဲ့ နှလုံးရောဂါလဲရှိတယ်၊ သူဟာ သနားဖို့ သိပ်ကောင်းတယ်၊ ကျွန်မ သူနဲ့တူတူနေလေ သူ့ကိုပိုပြီး ဂရုဏာသက်လေပဲ"

လို့ပြောတော့ စုံထောက်မျိုးမြင့်က ရှယ်လီကိုကြည့်ပြီး

"ခင်ဗျား သူ့အပေါ် အမြဲတန်း ကြင်နာနိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကဲ...ကျုပ်သွားပြီ၊ ကိုထင်ကျော်ပျောက်ဆုံးတဲ့ အမှုနဲ့ပတ်သက်ပြီး အမြန်ဆုံးအဖြေထွက်အောင် ကျုပ်ကြိုးစားပါ့မယ်"

လို့ပြောတော့ ရှယ်လီက နှာခေါင်းရှုံ့ပြီး

"ကျွန်မကတော့ ဒီကိစ္စကို ရှင်လက်လျှော့လိုက်စေချင်တယ်၊ ကိုထင်ကျော် ရိုးရိုးသားသား ခရီးလွန်နေတာပါ၊ ရှင်ပင်ပန်းခံမနေပါနဲ့"

လို့ပြောလိုက်တယ်။

စုံထောက်မျိုးမြင့်က သက်ပြင်းချပြီး



www.burmeseclassic.com

"ခင်ဗျားပြောသလိုဖြစ်ရင်တော့ သိပ်ကောင်းတာပေါ့ဗျာ"

လို့ပြောလိုက်တယ်။





ဒီနေ့နံနက် မမြနွယ် အိပ်ရာကထ ဘုရားဝတ်ပြုပြီးတော့ ခြံထဲမှာ အမှိုက်တွေလှဲနေမိတယ်။

ပြီးတော့ အမှိုက်တွေ စုပုံပြီးတောင်းတစ်လုံးထဲမှာထည့်လိုက်တယ်။ အရင်တုန်းကဆိုရင်တော့ အမှိုက်တောင်းကို အိမ်နဲ့မလှမ်းမကမ်းက အမှိုက်ပုံမှာ သွားပစ်နေကျပဲ။

ဒါပေမဲ့ ကိုထင်ကျော် သေဆုံးပြီးနောက်ပိုင်း အမှိုက်ပုံကို မသွားဝံ့တော့ဘူး။ ဘာကြောင့်လဲဆိုတော့ အမှိုက်ပုံက ရေတွင်းပျက်အနားမှာ



www.burmeseclassic.com

ရှိနေတယ်လေ။

ဒီနေ့တော့ မမြနွယ်ဟာ အရဲစွန့်ပြီး အမှိုက်တောင်းကို သွားစွန့်ပစ်ဖို့ ကြိုးစားတယ်။

ဒါကြောင့် အိမ်အနောက်ဘက်ခြံတံခါးဖွင့်ပြီး အမှိုက်ပုံကို မရဲတရဲသွားတယ်။ ပြီးတော့ အမှိုက်တွေစွန့်ပစ်ပြီး အိမ်ကို အမြန်ပြန်လာခဲ့တယ်။ အိမ်အနောက်ဘက် ခြံတံခါးကို ရောက်တော့ အရှုးမလေး မေလရောင်ကို တွေ့တယ်။

မေလရောင်ဆိုတာ ငွေတိုးချေးစားတဲ့ အဖိုးကြီး၊ အဖွားကြီး လင်မယားရဲ့ မြေးလေးဖြစ်တယ်။ မမြနွယ်ဟာ မေလရောင်ကို ကျော်ပြီး ခြံတံခါးကိုဖွင့်ဖို့ပြင်လိုက်တယ်။ ဒီလိုပြင်ရင်း မေလရောင် လည်ပင်းမှာဆွဲထားတဲ့ ပုလဲပုတီးကို မြင်လိုက် ပြီး အသက်ရှူမှား မတတ်ဖြစ်သွားတယ်။

ဒီပုလဲပုတီးဟာ ကိုထင်ကျော်နဲ့အတူ ရေတွင်းထဲပြုတ်ကျသွားတဲ့ပုလဲပုတီးလေ။ မမြနွယ်ဟာ သူ့ရဲ့ပုလဲပုတီးကို ကောင်းကောင်းမှတ်မိတယ်။ ဒါကြောင့် အရှုးမ မေလရောင်ရဲ့လက်ကိုဆွဲပြီး

"မေလရောင် နင် ဒီပုလဲပုတီးကို ဘယ်က ရသလဲ"

လို့မေးလိုက်တော့ မေလရောင်က အော်ဟစ်ရယ်မောလိုက်ပြီး





"ပုလဲပုတီးကို လိုချင်လို့လား။မပေးဘူးနော်"

လို့ပြောတယ်။ မမြနွယ်က အထိတ်ထိတ်အလန့်လန့်နဲ့

"ဒီပုလဲပုတီးကို နင်ဘယ်ကရသလဲလို့ မေးနေတာလေ"

လို့ဆိုလိုက်တော့ မေလရောင်က မျက်နှာရှုံ့မဲ့ပြီး

"ရေတွင်းထဲက တက်လာတဲ့ သရဲကြီးက ပေးတာလေ"

လို့ပြောပြီး မမြနွယ်လက်က ရုန်းကန်ပြီး ထွက်ပြေးသွားတယ်။ မမြနွယ်ဟာ ရေတွင်းထဲကလာတဲ့သရဲဆိုတဲ့စကားကို တတွတ်တွတ်ရွတ်ပြီး အိမ်ထဲကို ပြေးဝင်သွားတယ်။

အိပ်ရာက နိုးလာတဲ့ ရှယ်လီဟာ မမြနွယ်ကိုကြည့်ပြီး စိုးရိမ်ဟန်နဲ့

"ဘာဖြစ်လို့လဲမြ"

လို့မေးမြန်းလိုက်တော့ မမြနွယ်ဟာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်ပြီး

"ကိုထင်ကျော်မသေဘူး၊ သူအသက်ရှင်နေတယ်၊သူတစ်ချိန်လုံးကျွန်မတို့ကိုစောင့်ကြည့်နေတယ်"

လို့ပြောလိုက်တော့ ရှယ်လီက ခေါင်းခါယမ်းပြီး



www.burmeseclassic.com

"မြ ဘာတွေပြောနေတာလဲ၊ သူသေသွားပြီ
လေ၊ သူ့အလောင်းကို ကျွန်မတို့ ကိုယ်တိုင် ရေတွင်း
ထဲပစ်ချခဲ့တယ်လေ၊ သူ့ကို ကျွန်မကိုယ်တိုင်သတ်
ခဲ့တယ်၊ ဒါပေမယ့် သူသေသွားလို့ ကျွန်မ ဝမ်းမ
နည်းဘူး၊ ရှင်လဲ ဝမ်းနည်းစရာ မလိုဘူး"

လို့ပြောပြီး ရှယ်လီက မမြနွယ်ကို ထွေးပွေ့ထားလိုက်တယ်။ မမြနွယ်ရဲ့တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ယင်နေတယ်။ ရှယ်လီက မမြနွယ်ရဲ့အဖြစ်ကိုမေးမြန်းကြည့်တယ်။ ရှယ်လီက မမြနွယ်ရဲ့ပခုံးကို ဖက်ထားရင်း

"အရှူးမလေးတစ်ယောက်ကို ဘာဖြစ်လို့
ဒီလောက်တောင် တုန်လှုပ်နေတာလဲ မြရဲ့၊ ပုလဲ
ပုတီးဆိုတာ လူတိုင်းမှာ ရှိနိုင်တာပဲ"

လို့ပြောလိုက်တော့ မမြနွယ်က ခေါင်းခါယမ်းပြီး

"ကျွန်မပစ္စည်း ကျွန်မကောင်းကောင်း သိပါ
တယ်၊ အရူးမဆွဲထားတဲ့ ပုလဲပုတီးက ကျွန်မ ပုတီး
အစစ်ပါ"

လို့ပြောလိုက်တယ်၊ ရှယ်လီက သက်ပြင်းချပြီး





"ကိုထင်ကျော်ရဲ့အလောင်းကို တွေ့သွားတဲ့
လူက ပုလဲပုတီးကို စွန့်ပစ်လိုက်လို့ အရူးမလေး
ကောက်ရသွားနိုင်တာပဲ"

လို့ပြောလိုက်တော့ မမြနွယ်က တုန်လှုပ်ချောက်ခြားဟန်ဖြင့်

"အရူးမကို ရေတွင်းထဲက တက်လာတဲ့ သရဲ
လာပေးသွားတယ်တဲ့ ၊ ဒါဟာ ကိုထင်ကျော်ပဲပေါ့၊
ရေတွင်းပျက်ထဲက တက်လာတာ ကိုထင်ကျော်က
လွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ"

လို့ပြောလိုက်တယ်။ ရှယ်လီက ခေါင်းခါယမ်းလိုက်ပြီး

"အရူးမရဲ့စကားကို ဘာလို့အတည်ယူနေ
တာလဲ မြရယ်၊ အရူးဆိုတာ စိတ်ရူးပေါက်သလို ပြော
ဆိုနိုင်တာပဲ"

လို့ပြောလိုက်တယ်။

မမြနွယ်က ရှယ်လီ့စကားကို လက်မခံဘဲ ခေါင်းခါယမ်းလိုက် ပြီး

"ကိုယ်ထင်ကျော် သေသွားပြီဆိုရင် သူ့
အလောင်းကိုပတ်ထားတဲ့ ကော်ဇောနီကြီးကို ဘယ်
သူခြံထဲမှာလှမ်းထားတာလဲ၊ စတိုခန်းထဲမှာ တွေ့ရတဲ့


www.burmeseclassic.com

"အပြာရောင်ဂျာကင်က ဘယ်လိုရောက်လာတာလဲ၊ မှန်မှာ သွေးနဲ့ရေးထားတဲ့ စာတွေက ဘယ်သူရေးတာလဲ၊ ဒီလက်ရေးဟာ ကိုထင်ကျော်ရဲ့လက်ရေး အစစ်ရှင့်၊ ဟော...အခု ပုလဲပုတီးတွေပြန်ပြီ၊ သူ ကျွန်မတို့ကို ခြောက်လှန့်နေတာသေချာတယ်"

လို့ပြောလိုက်တယ်။ ရှယ်လီက သက်ပြင်းချပြီး

"နာနာဘာဝကို ကျွန်မ မယုံဘူး၊ ကိုယ်ထင်ကျော် အသက်ရှင်နေတယ်ဆိုတာလဲ ကျွန်မမယုံဘူး။ ကျွန်မတို့ကို ခြိမ်းခြောက် ငွေညှစ်ချင်တဲ့သူရှိနေပြီ၊ သူဟာ ကောက်ကျစ်စဉ်းလဲစွာနဲ့ ကျွန်မ တို့ကို ခြောက်လှန့်နေတယ်"

လို့ပြောလိုက်တယ်။ ရှယ်လီရဲ့စကားကြောင့် မမြနွယ်က ကြောက်ရွံ့ဟန်နဲ့ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်ပြီး

"ကိုထင်ကျော် ကျွန်မတို့ကို အမြဲစောင့်ကြည့်နေတယ်၊ သူ ကျွန်မတို့အနားမှာ အမြဲရှိတယ်"

လို့ပြောလိုက်တယ်။ ရှယ်လီက ခေါင်းခါယမ်းလိုက်ပြီး

"မြ အကြောက်လွန်နေပြီ၊ ကိုယ့်ကိုယ်ကို ထိန်းစမ်းပါ၊ ကလေးတစ်ယောက်လို မနေစမ်းပါနဲ့၊ မြဒီလိုနေရင် ကျွန်မတို့ အခက်တွေ့လိမ့်မယ်"

လို့ပြောတယ်။

မမြနွယ်က ရှယ်လီကိုကြည့်ပြီးတော့

"ကျွန်မတို့ ဝင့်လိုက်တော့မယ်၊ ကိုထင်ကျော်ကို သတ်လိုက်တဲ့အတွက် ငရဲခံစားရတော့မယ်၊ ကျွန်မ အရင်က ဝင့်လိုက်တယ်ဆိုတာ မယုံကြည်ခဲ့ဘူး။ အခုတော့ ကိုထင်ကျော်အလောင်းကြီး ရေတွင်းထဲက ပြန်တက်လာတော့မှ ကျွန်မယုံကြည်တော့တယ်၊ ဘုရားက ကျွန်မတို့ မကောင်းမှုလုပ်တာသိနေတယ်၊ ဒါကြောင့် ကျွန်မတို့ကို အပြစ်ဒဏ်ခတ်ဖို့ စုံထောက်မျိုးမြင့်ဆိုတဲ့ လူကို လွှတ်လိုက်တာပဲ၊ စုံထောက်မျိုးမြင့်ဟာသဘာဝတရားရဲ့တမန်တော်ပဲ"

လို့ပြောလိုက်တော့ ရှယ်လီက လက်မခံဟန်နဲ့ ခေါင်းခါယမ်းလိုက်ပြီး

"ဒီလူဟာ သဘာဝတရားရဲ့ တမန်တော် မဟုတ်ဘူး မြ၊ အလိုက်ကန်းဆိုးမသိတဲ့ စုံထောက်ရှုး





www.burmeseclassic.com

"တစ်ယောက်ပဲ၊ စုံထောက်ရှူးကိုဖိတ်ခေါ်လိုက်မိလို့
ကျွန်မတို့ ဘယ်လောက်စိတ်ဆင်းရဲရသလဲ၊ ဒါဟာ
မြ အကြောက်လွန်ပြီး ကလေးဆန်လို့ဖြစ်ရတာ"

လို့ပြောလိုက်တော့ မမြနွယ်က ရှယ်လီကို မကျေမချမ်းကြည့်လိုက်ပြီး

"ရှင် ကျွန်မကို အထင်သေးပြီးလှောင်ပြောင်
နေတာလား။ ကိုထင်ကျော်လဲ ကျွန်မကို အမြဲ လှောင်
ပြောင်နေခဲ့တယ်၊ အခုလောက်ဆိုရင်သူ ကျွန်မကို
နောက်ကွယ်ကနေလှောင်ပြောင်နေလောက်ပြီ"

လို့ နာကြည်းဟန်နဲ့ ပြောလိုက်တယ်။ ရှယ်လီက မမြနွယ်ကို ကရုဏာသက်ဟန်နဲ့ကြည့်လိုက်ပြီး

"ရှင့်ကိုကျွန်မ မလှောင်ပြောင်ရက်ပါဘူး၊
ကျွန်မတို့နှစ်ယောက်က ဘဝတူတွေပဲ၊ ရှင်နဲ့အတူတူ
နေမှ ရှင့်ကိုပိုပြီး ကရုဏာသက်ရတယ်၊ ဒါကို
တစ်ချိန်ချိန်ကျရင် ရှင်သိလာမှာပါ"

လို့ပြောပြီး အဝေးကို လှမ်းမျှော်ကြည့်လိုက်တယ်။

ရှယ်လီ့အကြည့်က ကိုထင်ကျော်အလောင်းကို ဖျောက်ဖျက်ခဲ့တဲ့





ရေတွင်းပျက်ကြီးဆီကို ရောက်သွားတယ်။

ရှယ်လီက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး

"ကျွန်မတို့ အဆုံးသတ်လိုက်ဖို့သင့်ပြီ၊ နိဂုံး
ချုပ်ရမဲ့အချိန်တန်ပြီ"

လို့တီးတိုးပြောလိုက်တယ်။ မမြနွယ်ကတော့ ရှယ်လီရင်ခွင်ထဲကို တိုးဝင်ပြီး တအင့်အင့်ရှိုက်ငိုနေမိတယ်။

သူတို့ပြုလုပ်ခဲ့တဲ့ မကောင်းမှုက သူတို့ကို ပြန်ပြီး ချောက်လှန့်နေပြီလေ။


www.burmeseclassic.com

နောက်တစ်နေ့နံနက်မှာ မမြနွယ်နဲ့ ရှယ်လီဟာ စိတ်ပြေလက်ပျောက် နှစ်ယောက်အတူတူ ဈေးကိုသွားတယ်၊ ဈေးကပြန်လာလို့ချက်ပြုတ်မယ်ကြံရွယ်တုန်းအိမ်ရှေ့မှာစုံထောက်မျိုးမြင့်ရဲ့ဂျစ်ကားရောက်လာတယ်။

ရှယ်လီက မီးဖိုချောင်ကနေလှမ်းကြည့်လိုက်ပြီး

"စုံထောက်စုတ်ရောက်လာပြန်ပြီ၊ သူ့ကို
ပညာပေးတဲ့အနေနဲ့ ကျွန်မတို့နှစ်ယောက် တော်
တော်နဲ့ထွက်မတွေ့ဘဲနေရအောင်"

လို့ပြောပြီး စုံထောက်မျိုးမြင့်ကို ဧည့်ဝတ်မပြုဘဲ မီးဖိုချောင်မှာပဲ





နှစ်ယောက်စလုံး အချိန်ဖြုန်းနေတယ်။

စုံထောက်မျိုးမြင့်က ဧည့်ခန်းထဲမှာ ဂန္တလောက မဂ္ဂဇင်းခဏဖတ်နေတယ်၊ ပြီးတော့ ထိုင်ရာကထပြီး နံရံကပ် ဗီရိုကိုကြည့်တယ်၊ နံရံကပ်ဗီရိုထဲမှာ ဘုရားစာအုပ်တချို့နဲ့ အိပ်ဆေးပုလင်းတစ်လုံးကိုတွေ့တယ်။

စုံထောက်မျိုးမြင့်က မီးဖိုချောင်ဘက်ကို တစ်ချက်လှည့်ကြည့်ပြီး လူသူအရိပ်အခြည်ကင်းရှင်းနေတာနဲ့ နံရံကပ်ဗီရိုကိုဖွင့်ပြီး အိပ်ဆေးပုလင်းကို ယူလိုက်တယ်။

ပြီးတော့ သူ့ဂျာကင်အင်္ကျီထဲကို ထည့်လိုက်ပြီး မီးဖိုချောင်ဘက်ကိုလှည့်ကြည့်ကာ

"ခင်ဗျားတို့ အလုပ်ရှုပ်နေတယ်ထင်တယ်၊
ဒါဆိုရင် ကျုပ်သွားတော့မယ်ဗျို့၊ နောက်မှ အေးအေး
ဆေးဆေးလာတော့မယ်"

လို့ ပြောလိုက်တော့ ရှယ်လီက ယောင်းမကိုင်ပြီး

"ရှင်အကြောင်းထူးရှိလို့လား"

လို့မေးမြန်းလိုက်တော့ စုံထောက်မျိုးမြင့်က

"အကြောင်းထူးမရှိပါဘူး၊ ခင်ဗျားတို့ဆီက


www.burmeseclassic.com

သတင်းထူးလဲလို့ လာကြည့်တာပါ"

လို့ပြောပြီး အိမ်ပေါ်က ထွက်ခွာသွားတယ်၊ စုံထောက်မျိုးမြင့် အိမ်ပေါ်ဆင်းသွားတော့မှ ရှယ်လီက သဘောကျဟန်နဲ့

"စုံထောက်ရူးကို ပညာပေးလိုက်ပြီ"

လို့ပြောလိုက်တယ်။

စုံထောက်မျိုးမြင့်ဟာ ရှယ်လီတို့အိမ်နဲ့ အနီးဆုံးမှာရှိတဲ့ ဆေးဆိုင်ကိုသွားတယ်၊ ဆေးဆိုင်က ကုလားဆရာဝန်ကြီး ရာဂျူးဖွင့်ထားတဲ့ ဆိုင်ဖြစ်တယ်၊ စုံထောက်မျိုးမြင့်က ဆေးပုလင်းကို ကိုင်သွားပြီး

"ဒီဆေးပုလင်းကို မမြနွယ်တို့အိမ်က ကျွန်တော်ယူလာတာပါ၊ ကျွန်တော်ကို ဒီဆေးမျိုးရောင်းပေးပါ"

လို့ပြောတော့ ကုလားဆရာဝန်ရာဂျူးက

"ဘယ်လိုရောဂါ ခံစားရလို့လဲ"

လို့ပြောတော့ စုံထောက်မျိုးမြင့်က

"ကျွန်တော် အိပ်မပျော်လို့ပါ၊ မမြနွယ် ဆီက ဒီဆေးကို တောင်းသောက်လိုက်တော့၊ ကျွန်တော် ကောင်းကောင်း အိပ်ပျော်သွားတယ်၊ ဒါကြောင့်





ဒီဆေးမျိုးဝယ်ချင်လို့ပါ"

လို့ပြောတယ်၊ ကုလားဆရာဝန်ကြီးက ဆေးပုလင်းကို ယူကြည့်လိုက်ပြီး သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး

"ခင်ဗျားဆေးပုလင်းထဲကဆေးကို သောက်ပြီး အိပ်ပျော်သွားတယ်ဟုတ်လား၊ ဒါဆိုရင်တော့ ရယ်စရာသိပ်ကောင်းနေပြီ၊ ကျုပ်ဆီမှာ ရှယ်လီဆိုတဲ့ မိန်းမလာဝယ်တာ၊ မိန်းမငှတွ ခမ္မတာမပေါ်ရင် သောက်တဲ့ဆေးဗျ၊ ဆေးတွေကို စက္ကူနဲ့ထုပ်ဖို့ ပြင်နေတုန်း ကျုပ်ဆီမှာရှိတဲ့အိပ်ဆေးပုလင်းလွတ်နဲ့ ထည့်ပေးပါဆိုလို့ ထည့်ပေးလိုက်တာ၊ ခင်ဗျားဒီဆေး သောက်ပြီး အိပ်ပျော်တယ်ဆိုရင်တော့ ကျုပ်တို့ဒီဆေးကို သုတေသနလုပ်ဖို့လိုနေပြီ"

လို့ပြောလိုက်တော့ စုံထောက်မျိုးမြင့်ဟာ ကုလားဆရာဝန်ကြီး ရှေ့က ရှက်ကိုးရှက်ကန်းနဲ့ ပြေးထွက်ခဲ့တယ်။

ဒီကိစ္စကတော့ ငါ့ရဲ့စုံထောက်ရာဇဝင်မှာ စာတင်ရမဲ့ကိစ္စပဲလို့ တွေးပြီး တဟားဟား ရယ်မောလိုက်တယ်။


www.burmeseclassic.com

နေ့လယ်ပိုင်းမှာ မမြနွယ်တို့အတွက် ရင်ထိတ်စရာကိစ္စတစ်ခု ပေါ်လာသေးတယ်။

သူတို့အိမ်ရဲ့နစ်အိမ်ကျော်က ငွေတိုးချေးစားတဲ့ အဖွားကြီး အိမ်ကိုရောက်လာတယ်။

အဖွားကြီးက ရှယ်လီကို စပ်စုဟန်နဲ့ကြည့်ပြီးတော့

"မိန်းကလေးကို မမြနွယ်တို့ အိမ်မှာပဲ အမြဲ တွေ့ရတယ်နော်"

လို့ပြောတော့ ရှယ်လီက ခေါင်းညိတ်ပြီးတော့...





"ဟုတ်တယ်၊ မြယောက်ျား ခရီးသွားနေလို့ ကျွန်မက လာစောင့်ပေးနေတာ၊ မြကလဲ ကျန်းမာ ရေးမကောင်းဘူးလေ"

လို့ပြောတော့ အဖွားကြီးက ရှယ်လီအဖြေကို ကျေနပ်ဟန်နဲ့ ခေါင်းညိတ်လိုက်တယ်။

မမြနွယ်ဟာ အဖွားကြီးကို စူးစမ်းဟန်နဲ့ ကြည့်ပြီးတော့

"အဒေါ်လာရင်းကိစ္စလေးပြောပါဦး"

လို့ မေးမြန်းလိုက်တယ်၊ ဒီတော့မှ အဖွားကြီးက သူ့ရဲ့ ချွေးခံအိတ်ထဲကို လက်နဲ့ နှိုက်ပြီး ပုလဲပုတီးတစ်ကုံးကို ထုတ်လိုက်တယ်၊ မမြနွယ်ဟာ အဖွားကြီး လက်ထဲက ပုလဲပုတီးကို မြင်တော့ မျက်နှာ ကွက်ခနဲပျက်သွားတယ်။

အဖွားကြီးက

"ဒီပုလဲပုတီးကို အဒေါ်တို့ မွေးစားသမီး မေလရောင်ဆွဲ ထားတာကွေ့လို့ပါ၊ ဒီပုတီးဟာ မမြနွယ်ရဲ့ ပုတီးလေးလို့ မေးကြည့်တာပါ၊ မမြနွယ် ပုတီးပျောက်သေးလား"

လို့မေးလိုက်တော့ မမြနွယ်က ပုလဲပုတီးလေးကို ယောင်ယမ်း



www.burmeseclassic.com

ပြီး လှမ်းယူလိုက်တယ်၊ ပြီးတော့ ပုတီးလုံးလေးတွေထဲက တစ်လုံးကို ရှာဖွေကြည့်တယ်၊ မမြနွယ်ဟာ ပုလဲလုံးလေးတွေကို ကြည့်ရင်း တစ်နေရာကိုရောက်တော့ မျက်နှာကွက်ခနဲပျက်ပြီး ရင်တွေပန်းတွေ တုန်သွားတယ်၊ မမြနွယ်ရဲ့ အမူအရာကို အရိပ်လိုကြည်နေတဲ့ ရှယ်လီက

"ဒါမမြနွယ်ရဲ့ ပုလဲပုတီးမဟုတ်ဘူးထင်တယ်၊ မမြနွယ် ပုတီးကို လွှန်ခဲ့တဲ့ ရက်က မှန်တင်ခုံမှာ တွေ့လိုက်သေးတယ်"

လို့ပြောပြီး မမြနွယ်အတွက် နလုံးဆေးတစ်လုံးကို အမြန်ဆုံးယူလာပေးလိုက်တယ်။

မမြနွယ်က တဆတ်ဆတ်တုန်နေတဲ့လက်နဲ့ ပုလဲပုတီးကို အဖွားကြီးလက်ပြန်ပေးလိုက်ပြီး

"ကျွန်မပုတီးမဟုတ်ပါဘူး"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ အဘွားကြီးက အံ့သြဟန်နဲ့

"မမြနွယ်ပစ္စည်းမဟုတ်ရင်တော့ ပြီးတာပါပဲ၊ ဒီပုတီးကို သူ ဘယ်က ရသလဲမသိဘူး။ မေလရောင်လေးက စိတ်မနှံ့ရှာတော့ အဒေါ်တို့က စိုးရိမ်





တာပေါ့"

လို့ပြောတော့ ရှယ်လီက ဝင်ရောက်ပြီး

"မေလရောင်က ပုလဲပုတီး ဘယ်ကရခဲ့တယ်ပြောသလဲ"

လို့မေးလိုက်တယ်။ အဘွားကြီး မျက်လုံးပြူးမျက်ဆန်ပြူးနဲ့

"အမလေး၊ ပုလဲပုတီးဘယ်ကရသလဲလို့ တစ်ခါမေးပြီး နောက် တစ်ခါ ထပ်မမေးရဲတော့ဘူး၊ သူဖြေတာ ကြက်သီးထစရာကောင်းလိုက်တာ၊ ပုလဲပုတီးကို ရေတွင်းထဲက တက်လာတဲ့သရဲကြီးကပေးတာတဲ့"

လို့ပြောလိုက်တာ မမြနွယ် တုန်လှုပ်ချောက်ချားသွားတယ်။ အဘွားကြီးက သူတို့နှစ်ယောက်ကိုကြည့်ပြီး

"သိတဲ့အတိုင်း ကောင်မလေးက စိတ်မနှံ့ရှာတော့ ပြောချင်ရာ ပြောတာပေါ့၊ ရေတွင်းထဲက သရဲကြီးကဘယ်လိုပုံသဏ္ဍာန်ရှိသလဲ လို့မေးတော့ ပေါက်ရကရတွေလျှောက်ပြောတယ်၊ အဒေါ်ပြောတာ


www.burmeseclassic.com

စိတ်မရှိနဲ့နော် မမြနွယ်၊ မေလရောင်ပြောတာက

ရေတွင်းထဲက သရဲဆိုတာ မမြနွယ်ယောကျ်ား

ကိုထင်ကျော်လို့ပြောတယ်"

လို့ပြောတော့ မမြနွယ်ရဲ့မျက်နှာဟာ သွေးမရှိတော့သလို ဖြူဖ[ြူ]ရော်ဖြစ်သွားတယ်။ ရှယ်လီက အခြေအနေမဟန်မှန်းသိတ[ာ]ကမန်းကတန်းဝင်ပြီး

"သြော်... စိတ်မနဲ့တဲ့သူပြောတာ စိတ်ဆိုး

စရာလား အဒေါ်ရဲ့ ကိုထင်ကျော်က သက်ရှိထင်ရှား

နဲ့ခရီးထွက်သွားတာပဲ"

လို့ပြောပြီး မျက်စိမျက်နှာပျက်နေတဲ့ မမြနွယ်ကို လက်နဲ့တို့[ပြီး] သတိပေးရတယ်။

ဒါပေမဲ့ မမြနွယ်က သတိပေးလို့မရအောင် မျက်စိမျက်နှာပျ[က်]နေတယ်။

ရှယ်လီက မမြနွယ်ကို ကြည့်ပြီး

"မမြနွယ် နေသိပ်မကောင်းဘူးနဲ့တူတယ်၊

အခန်းထဲမှာ သွားလှဲနေလေ"





လို့ပြောပြီး အဖွားကြီးကို ယဉ်ယဉ်ကျေးကျေးနဲ့ မောင်းနှင်ထုတ်လိုက်တယ်။

အဖွားကြီးပြန်သွားတော့ မမြနွယ်က စိတ်ခါတ်ပျက်ယွင်းနေတဲ့ အမူအရာနဲ့

"ကိုထင်ကျော် မသေဘူးဆိုတာ၊ သေချာ

သွားပြီ။ လုံးဝ သေချာသွားပြီ၊ အဖွားကြီးလာပြတဲ့

ပုတီးက ကျွန်မရဲ့ပုလဲပုတီးအစစ်"

လို့ပြောလိုက်တော့ ရှယ်လီက မျက်မှောင်ကြုတ်ပြီး

"မြ ဘယ်လိုမှတ်မိသလဲ"

လို့မေးလိုက်တယ်

မမြနွယ်က စိတ်လှုပ်ရှားသော အမူအရာနဲ့

"ဒီပုလဲပုတီးကို ကျွန်မမွေးနေ့မှာ အဖေ

ကိုယ်တိုင် "ဝိုက်တဝေးတိုက်" က ဝယ်ပေးခဲ့တာရှင့်၊

ပုလဲလုံးလေးတွေထဲက တစ်လုံးကအစစ်မဟုတ်

ဘူး။ အစစ်မဟုတ်တဲ့တစ်လုံးမှာ ပြင်သစ်ကုမ္ပဏီရဲ့

အမှတ်တံဆိပ်ရိုက်ထားတယ်၊ ဒါကြောင့် ကျွန်မရဲ့


www.burmeseclassic.com

ပုလဲပုတီး အစစ်ဆိုတာ သေချာသွားပြီ။ ဒီလူကြီး မသေသေဘူး၊ ကျွန်မတို့ကို ကလဲ့စားချေဖို့ စောင့်ကြည့်နေပြီ ကျွန်မကြောက်တယ်၊ သူ့ကိုသိပ်ကြောက်နေတယ်"

လို့ပြောတော့ ရှယ်လီက မမြနွယ်ကိုထွေးပွေ့ထားလိုက်ပြီး

"မြတစ်ရေးလောက် အိပ်လိုက်ပါလား၊ အိပ်လိုက်ရင် လန်းဆန်းသွားလိမ့်မယ်"

လို့ပြောတော့ မမြနွယ်က ခေါင်းကိုခါယမ်းလိုက်ပြီး

"ကျွန်မ မအိပ်ရဲဘူး၊ အိပ်လိုက်ရင် အိပ်မက်ဆိုးတွေ ချည်းပဲမက်နေတယ်၊ အိပ်မက်ထဲမှာ ဒီလူကြီးကို ကျွန်မတို့နှစ်ယောက် အကြိမ်ကြိမ် အဖန်ဖန်သတ်နေမိတယ်၊ ဒီလူကြီး ကျွန်မတို့ကို ခြောက်လှန့်နေတာအမှန်ပဲ"

လို့ပြောတော့၊ ရှယ်လီက သက်ပြင်းချလိုက်ပြီး

"အမှန်တရားကို မကြာခင် မြင်တွေ့ရမှာပါ၊ စိတ်အေးအေးထားပြီး သည်းခံစောင့်ပါ"





လို့ပြောလိုက်တယ်။

ရှယ်လီက မမြနွယ်ကို ချော့မော့ပြီး အိပ်ရာပေါ်ကို ခေါ်သွားတယ်။ မမြနွယ်က အိပ်ရာပေါ်မှာလဲရင်း အမောဖောက်သလို ဖြစ်နေတာနဲ့ ရှယ်လီဟာ စားပွဲခုံပေါ်က ဆေးပုလင်းကိုသွားရှာတယ်။ မမြနွယ်ရဲ့ဆေးကို ရှာမတွေ့တာနဲ့

"ဆေးပုလင်း ဘယ်မှာလဲ"

လို့မေးလိုက်တယ်။ မမြနွယ်က

"ဗီရိုပေါ်မှာရှိမယ်ထင်တယ်"

လို့ပြောတယ်။ ရှယ်လီက ဗီရိုပေါ်မှာဆေးရှာတော့ ဆေးကုန်နေတာတွေ့ရတယ်။ ဒါကြောင့် ဗီရိုကို ပြန်ပိတ်လိုက်ပြီး

"ရှင့်ဆေးကုန်နေပြီ၊ ကုလားဆရာဝန်ဆီမှာ ကျွန်မ သွားဝယ်လိုက်မယ်"

လို့ပြောပြီး ဆေးတစ်လုံးနဲ့ရေဖန်ခွက်ကိုင်ပြီး မမြနွယ်ဆီကို လျှောက်သွားတယ်။ မမြနွယ်ကို ဆေးတစ်လုံးတိုက်လိုက်ပြီး ရှယ်လီက

"ဒီနေ့ည ရှင်အမောဖောက်လာရင် ဆေးရှိမှာမဟုတ်ဘူး၊ ကျွန်မ သွားဝယ်လိုက်မယ်၊ ခဏနေဦးနော်"


www.burmeseclassic.com

လို့ပြောလိုက်တယ်။

မမြနွယ်က ဆေးသောက်ဖို့ စိတ်မဝင်စားဘဲ

"ဆေးက အရေးမကြီးပါဘူး၊ ကျွန်မ စိတ်ဆင်းရဲနေရတာက ပိုဆိုးတယ်"

ရှယ်လီက မမြနွယ် ပခုံးကိုဖက်လိုက်ပြီး

"ရှင့်ပုံက ဒုက္ခသည်တစ်ယောက်နဲ့တူ နေပြီ၊ ကြာရင်ပတ်ဝန်းကျင်က ရိပ်မိနေလိမ့်မယ်၊ ကျွန်မတို့ နှစ်ယောက်ကွန်မြေ့ပျက်လို့မရဘူး"

လို့ပြောတော့ မမြနွယ်က ခေါင်းခါယမ်းလိုက်ပြီး

"ကျွန်မကတော့ လူ့လောကကို စိတ်ကုန်နေပြီ၊ မကောင်းမှုလုပ်ခဲ့တဲ့အကျိုးဆက်ကိုလဲ ခံစားနေရပြီ"

လို့ပြောတယ်။ ရှယ်လီက မမြနွယ်ကို ကရုဏာသက်ဟန်နဲ့ကြည့်ရင်း သူမအတွက် ဆေးဝယ်ဖို့ထွက်ခဲ့တယ်။





စုံထောက်မျိုးမြင့်ဟာ မမြနွယ်တို့အိမ်ကိုထွက်လာခဲ့တယ်။

တစ်နေရာကိုရောက်တော့ လမ်းကွေ့တစ်ခုမှာ ရှယ်လီနဲ့တူတဲ့ မိန်းမတစ်ယောက်ကိုတွေ့တာနဲ့ ကားကိုရပ်ဖို့ကြံလိုက်တယ်။

နောက်မှ ရှယ်လီထွက်လာတဲ့လမ်းကို စုံစမ်းချင်တာနဲ့ ဂျစ်ကားကိုရပ်ပြီး ခဏစောင့်တယ်။ ပြီးတော့ မြေနီလမ်းလေးအတိုင်း ဂျစ်ကားကို မောင်းနှင်လာခဲ့တယ်။ မြေနီလမ်းဆုံးတော့ ဂျစ်ကားကိုရပ်ပြီး လမ်းပေါ်ကို ဆင်းလျှောက်တယ်။



www.burmeseclassic.com

စုံထောက်မျိုးမြင့်ဟာ လမ်းဆုံကိုရောက်တော့ တဲစုတ်လေး တစ်လုံးကိုတွေ့ရတယ်။ တဲကလေးကိုကြည့်ပြီးတော့ သူလမ်းမှ တွေ့ခဲ့တာ ရှယ်လီမှ ဟုတ်ရဲ့လားလို့ သံသယဖြစ်မိတယ်။

ရှယ်လီလိုမိန်းမက ဒီလိုတဲစုတ်လေးကို လာလည်စရာအကြောင်း မရှိဘူးလေ။ ဘာပဲဖြစ်ဖြစ် တဲကလေးထဲဝင်ပြီး စုံစမ်းကြည့်မယ်လို့ ဆုံးဖြတ်ပြီး တဲထဲကိုဝင်ခဲ့တယ်။

တဲကလေးအတွင်းကိုရောက်တော့ တစ်စုံတစ်ခု ထူးခြားနေပြ ဆိုတာ ရိပ်စားမိလိုက်တယ်။ တဲထဲမှာ စုတ်ချာနေတဲ့ တဲကလေးနဲ့မသက် ဆိုင်တဲ့ပစ္စည်းတွေကို တွေ့ရတယ်။

တဲကလေးထဲက စားပွဲဝိုင်းပေါ်မှာ အကောင်းစားအရက်ပုလင်း တစ်လုံးနဲ့ မြည်းစရာ သီဟိုစေ့ထုပ်၊ ဒိန်ခဲထုပ်တွေကိုတွေ့ရတယ်။ ဝှုန်ပလေးယားမှတ်ဆိတ် စီးကရက်ဘူးကိုလဲတွေ့ရတယ်။

ဒီလောက်စုတ်ချာတဲ့ တဲကလေးမှာ ဒီပစ္စည်းတွေ ဘာလို့ ရောက် နေတာလဲ။

စုံထောက်မျိုးမြင့်ဟာ တဲပတ်ဝန်းကျင်မှာ လူသူအရိပ်အခြည်ကို ရှာဖွေကြည့်တယ်။ ဒါပေမယ့် တစ်ဦးတစ်ယောက်မှ မမြင်တာနဲ့ တ ကလေးထဲမှာ ပြန်ပြီးသဲလွန်စ ရှာကြည့်တယ်။





သဲလွန်စ ရှာမတွေ့တာနဲ့ တဲကလေးကနေ ဂျစ်ကားဆီကို ပြန် မသွားဘဲ မြေလမ်းအတိုင်း ဆက်လျှောက်သွားတယ်၊

မြေလမ်းလေးဟာ လျှောက်ရင်း တဖြည်းဖြည်း ကျဉ်းမြောင်း သွားတယ်၊ တဖြည်းဖြည်း ချုံတွေလဲ ထူထပ်လာတယ်၊ နောက်တော့ တောင်ကုန်းလေးတစ်ခုပေါ် ရောက်သွားတယ်၊

တောင်ကုန်းပေါ်ရောက်တော့ ခပ်လှမ်းလှမ်းမှာ လူနေအိမ်တွေ ကိုတွေ့ရတယ်။

လူနေအိမ်တွေထဲမှာ ထီးထီးကြီး ရှိနေတဲ့ အိမ်ကြီးတစ်လုံးကို မြင့်တော့ သူအံ့သြသွားတယ်၊ သူရောက်နေတဲ့ နေရာကိုလဲ ရိပ်စားမိ သွားတယ်၊ စုံထောက်မျိုးမြင့်က အဝေးမှာလှမ်းမြင်နေရတဲ့ အိမ်ကြီးကို ကြည့်ပြီးတော့

"ငါမြင်နေတဲ့ အိမ်က မမြနွယ်တို့ရဲ့အုတ်
တိုက်နီကြီးပါလား"

လို့တီးတိုးရေရွတ်လိုက်တယ်၊ စုံထောက်မျိုးမြင့်ဟာ တစ်စုံ တစ်ရာကို သဘောပေါက်သွားသလို ခံစားလိုက်ရတယ်။



www.burmeseclassic.com

ရယ်လီဆေးသွားဝယ်ချိန်မှာ မမြနွယ်တစ်ကိုယ်တည်း အထီးကျန်စွာ ကျန်ရှိနေခဲ့တယ်။ ရယ်လီဆေးသွားဝယ်တာ ကြာလိုက်တာလို့လဲတွေးမိတယ်။

ဒီအချိန်မှာ အိမ်ပေါ်ထပ်က ခြေသံလိုလိုကြားလိုက်ရတယ်၊ မမြနွယ်ဟာ လူမရှိတဲ့အထပ်မှာ ခြေသံကြားရတော့ **မျက်မှောင်**ကြုတ်ပြီး ခုတင်ပေါ်က ထထိုင်လိုက်တယ်။ ရယ်လီဘယ်အချိန်ကပြန်ရောက်နေသလဲ တွေးမိတယ်။

မမြနွယ်ဟာ လှေခါးကနေ တက်သွားပြီး ရုတ်တရက်ကြားရတဲ့





အသံကြောင့် ကြက်သီးတွေ တဖြန်းဖြန်းထသွားတယ်၊ လူမရှိတဲ့ ကိုထင်ကျော်အခန်းက လက်နှိပ်စက်ရိုက်သံ တဖျောက်ဖျောက်ကြားနေရတယ်။

မမြနွယ်ဟာ ကိုထင်ကျော်အခန်းရှေ့မှာ တုန်လှုပ် ခြောက်ခြားစွာနဲ့ ရပ်လိုက်ပြီး အခန်းတံခါးကို ကျွဲခနဲဖွင့်လိုက်တယ်၊ ဒီအခါမှာ အခန်းထဲက စားပွဲပေါ်မှာ လက်နှိပ်စက် ရိုက်လက်စ စာရွက်တစ်ရွက်ကို တွေ့လိုက်ရတယ်။

မမြနွယ်ဟာ ကတုန်ကယင်နဲ့ လက်နှိပ်စက်ကို သွားကြည့် တော့ စာချုပ်တစ်စောင် ရိုက်ထားတာတွေ့ရတယ်။ စာချုပ်ကို မရဲတရဲ ဖတ်ကြည့်တော့ မမြနွယ် တစ်ကိုယ်လုံး အေးစက်ပြီး အသက်ရှုရပ်မတတ်ဖြစ်သွားတယ်။

စာချုပ်ထဲမှာ ရိုက်ထားတဲ့အကြောင်းအရာတွေကတော့ ကိုထင်ကျော် အလွန်ရောင်းချင်နေတဲ့ မကိုလမ်းက သုံးထပ်တိုက်ကြီးကို ရောင်းချမဲ့အကြောင်း အပြည့်အစုံ ရိုက်နှိပ်ထားတယ်။ ပိုင်ရှင်နေရာမှာ မမြနွယ် လက်မှတ်ထိုးဖို့ပဲ ကျန်တော့တယ်။ မမြနွယ်ဟာ ကမူးရှူးထိုး ပြေးထွက်ခဲ့ပြီး အိပ်ခန်းထဲကို ရောက်တော့ အခန်းတံခါးချက်ကို အမြန်ချတယ်။ ပြီးတော့ ရင်တွေခုန်လွန်းလို့ တံခါးကိုကျောမှီပြီး ရပ်နေရတယ်။


www.burmeseclassic.com

မမြနွယ်ရဲ့အသက်ရှူနှုန်းတွေ မြန်ဆန်ပြီး ရင်တစ်ခုလုံး ပေါက်ကွဲလုမတတ်ဖြစ်နေတယ်။ သူမရဲ့အားကိုးရာ ရှယ်လီ မြန်မြန်ပြန်လာပါတော့လို့လဲ ဆုတောင်းနေမိတယ်။

ဒီအချိန်မှာပဲ မမြနွယ်ရဲ့ အိပ်ခန်းပြတင်းပေါက် ဝုန်းခနဲပွင့်သွားပြီး ပြတင်းပေါက်ကနေ တစ်စုံတစ်ခု တွဲလောင်းကြီးကျလာတယ်။ မမြနွယ်ဟာ ပြတင်းပေါက်က တွဲလောင်းကျနေတဲ့အရာကိုကြည့်ပြီး ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

ပြတင်းပေါက်က ကျလာတာက ရေစက်စက်ကျနေတဲ့ ကိုထင်ကျော်ရဲ့အလောင်းကြီးဖြစ်နေတယ်။ ကိုထင်ကျော်ရဲ့လည်ပင်းမှာ ကြိုးကွင်းစွပ်ပြီး ဆွဲကြိုးချသေတဲ့ မသာလို ပြတင်းပေါက်အပြင်မှာ တွဲလောင်းကြီးကျနေတာကြောက်စရာ အလွန်ကောင်းတယ်၊ မမြနွယ်ဟာ ငယ်သံပါအောင်အော်ဟစ်ရင်း ဘယ်ဘက်ရင်ဘတ်မှာ စူးခနဲအောင့်တက်လာတယ်။ နောက်ပြီးတော့ အသက်ရှူကြပ်ပြီး ကြမ်းပေါ်ကို လဲကျသွားတယ်။

မမြနွယ်ပြိုလဲကျပြီး အတန်ကြာတော့ ပြတင်းပေါက်အပြင်မှာ ဆွဲကြိုးချသေနေတဲ့ ကိုထင်ကျော်အလောင်းကြီး လှုပ်ရှားလာတယ်။ ကိုထင်ကျော်ဟာ ပြတင်းပေါက်အပြင်တန်းကို ခြေနဲ့ကန်ပြီး သူ့ရဲ့လည်





ပင်းမှာ တပ်ထားတဲ့ ကြိုးကိုဖြုတ်လိုက်တယ်။

တကယ်တော့ သူဟာ အမှန်တကယ်ဆွဲကြိုးချထားတာမဟုတ် ဘဲ သူ့ရဲ့ကိုယ်ခန္ဓာနောက်ပိုင်းကို ကြိုးနဲ့ချည်ထားတာဖြစ်တယ်။ ကိုထင်ကျော်ဟာ ခန္ဓာကိုယ်မှာ ချိတ်ထားတဲ့ကြိုးကိုဖြုတ်ပြီး ပြတင်းပေါက်က အိမ်ထဲကို ကျော်ခွပြီးဝင်လာတယ်။

သူဟာ လဲကျသေဆုံးနေတဲ့ မမြနွယ်ကို သဘောကျဟန်နဲ့ ကြည့်ပြီးတော့

"နောက်ဆုံးတော့ ဒီအိမ်ကြီးကို မင်းစွန့်လွှတ်
လိုက်ရတာပဲ မဟုတ်လား၊ မိုက်မဲလိုက်တဲ့မိန်းမ"

လို့ပြောလိုက်တယ်။ ဒီအချိန်မှာပဲ အခန်းအပြင်ကနေ

"မမြနွယ်၊ မမြနွယ်"

လို့ စိုးရိမ်တကြီးအော်ခေါ်နေတဲ့ရှယ်လီရဲ့အသံကိုကြားရတယ်။

ကိုထင်ကျော်ဟာ အခန်းတံခါးချက်ကို ဖွင့်ပေးလိုက်တော့ ရှယ်လီ အခန်းထဲဝင်လာပြီး ပြိုလဲကျနေတဲ့ မမြနွယ်ကို မြင်တွေ့သွားတယ်။

ကိုထင်ကျော်ဟာ ရှယ်လီကိုကြည့်ပြီးတော့

"တစ်ကိုယ်ကောင်းဆန်တဲ့မိန်းမလူ့လောက
ကြီးကို အပြီးအပိုင်စွန့်လွှတ်သွားပြီ"


www.burmeseclassic.com

လို့ပြောတယ်။ ရှယ်လီဟာ သေချာပြန် ကိုထင်ကျော်ကို ရုတ်တရက်မြင်ပေမဲ့ အံ့သြပုံမရဘူး။ လဲကျနေတဲ့ မမြန္မယ်ကို ကရုဏာသက်ဟန်နဲ့ကြည့်ပြီး

"သူဝင့်ကျွတ်သွားတာပေါ့"

လို့ပြောလိုက်တယ်။

ပြီးတော့ မမြန္မယ်ရဲ့ နဖူးပေါ်က ဆံစလေးကို လက်နဲ့သပ်တင်ပေးပြီး

"သိုးကလေးလို ရိုးသားဖြူစင်တဲ့ မိန်းကလေးသေရှာပြီ။ သနားစရာကောင်းလိုက်တာ။ ကျွန်မတို့ငရဲကြီးတော့မယ်"

လို့ပြောလိုက်တော့ ကိုထင်ကျော်က

"မင်းဘယ်လိုဖြစ်သွားတာလဲ၊ တစ်ကိုယ်ကောင်းဆန်တဲ့မိန်းမက မင်းကိုဘယ်လိုစည်းရုံးလိုက်တာပဲ၊ ဒီကောင်မသေမှ ငါတို့နှစ်ယောက်ချမ်းသာပြီး လွတ်လွတ်လပ်လပ်နေရမှာပေါ့ကွ၊ မနက်ဖြန် လူတွေတောထဲကို ငါပြန်ထွက်ပြမယ်၊ ဒီမိန်းမ နလုံးရောဂါထပြီး သေပြီလို့ မင်း သတင်းလွှင့်





လိုက်တော့၊ ကုလားဆရာဝန်ရာဂျူးကလဲ သူ့နလုံးရောဂါကို ကောင်းကောင်းထောက်ခံပေးလိမ့်မယ်"

လို့ပြောလိုက်တယ်။

ရှယ်လီက ခေါင်းခါယမ်းပြီး

"စုံထောက်မျိုးမြင့်ဆိုတဲ့လူကို ဘယ်လိုလုပ်မှာလဲ၊ သူ ကျွန်မတို့ ပတ်ဝန်းကျင်ကို အမြဲရောက်နေတယ်"

လို့ဟောလိုက်တယ်။ ကိုထင်ကျော်က လက်ကာပြပြီး

"မပူပါနဲ့ သူ့မှာ သက်သေမရှိပါဘူး။ ငါတို့ကို သံသယဖြစ်ရုံက လွဲလို့ သူဘာမှ မတတ်နိုင်ဘူး၊ ဒီမိန်းမသေတာ ငါတို့လက်ချက်မဟုတ်ဘူး၊ သူ့ရောဂါနဲ့သူသေတာလေ၊ ဟဲဟဲ... အခုတော့ အားလုံးအဆင်ပြေသွားပြီ"

လို့ဝမ်းသာအားရပြောတယ်။ ရှယ်လီဟာ မမြန္မယ်ရဲ့မျက်လုံးတွေကိုလက်နဲ့ပိတ်ပေးလိုက်တယ်။ ဒီအချိန်မှာပဲ မမြန္မယ်ရဲ့မျက်လုံးတွေဖျတ်ခနဲ ပွင့်ပြီး သတိပြန်လည်လာတယ်။ ရှယ်လီက မမြန္မယ် အသက်


www.burmeseclassic.com

ရှင်နေမှန်းသိတော့ သူမရဲ့အသက်အန္တရာယ်အတွက် အလွန်စိုးရိမ်သွား ပြီး ထိုင်နေရာကနေ ကမန်းကတန်း ထရပ်လိုက်တယ်။

မမြနွယ်အသက်ရှင်နေမှန်းသိရင် ကိုထင်ကျော် ဒုက္ခပေးမှာ အလွန်စိုးရိမ်နေမိတယ်။ ဒါကြောင့် ကိုထင်ကျော်မမြင်အောင် မမြနွယ် ရှေ့က ရပ်လိုက်တယ်။ ကိုထင်ကျော်က ရှယ်လီအနီးကို တိုးကပ်လာပြီး

"ငါတို့မတွေ့ရတာကြာပြီ ဒီနေ့ညဟာ တို့နှစ်ယောက်ရဲ့အမှတ်တရညဖြစ်ရမယ်"

လို့ပြောလိုက်တယ်။

ပြီးတော့ ရှယ်လီကို ပွေ့ဖက်ပြီးနမ်းရှုံ့လိုက်တယ်။ ရှယ်လီဟာ မမြနွယ်သိမှာစိုးလို့ အသာငြိမ်နေရတယ်။ ကိုထင်ကျော် ဟာ နမ်းရှုံ့ရုံနဲ့ အားမရဘူး။ ရှယ်လီရဲ့ခန္ဓာကိုယ်ကို ပွတ်သပ်ဆုပ်နယ်ပြီး အင်္ကျီကြယ်သီး တွေဖြုတ်ဖို့ကြိုးစားတယ်။

ရှယ်လီဟာ အထိတ်တလန့် ရုန်းကန်ရင်း

"ရှင် ဒီနေ့ည ဒီမှာမရှိသင့်ဘူး။ မနက်ဖြန် ဆို ပုလိပ်တွေရောက် လာလိမ့်မယ်၊ ရှင် ခရီးထွက် ချင်ယောင်ဆောင်နေဖို့ကောင်းတယ်"

လို့ပြောတော့ ကိုထင်ကျော်ဟာ ရှယ်လီရဲ့နှုတ်ခမ်းကို နမ်းစုတ်





ဟန်ပြင်ရာကနေ ရပ်တန့်လိုက်ပြီး

"ဟုတ်တယ်၊ ငါအမြန်ဆုံး ဒီကနေပြန် ထွက်မှဖြစ်မယ်"

လို့ပြောလိုက်တယ်။ ပြီးတော့ လဲကျနေတဲ့ မမြနွယ်ရဲ့ ခန္ဓာကိုယ် ကို ကြည့်ပြီးတော့

"သူ့ကို ဒီနေရာမှာထားရင် သဘာဝမကျဘူး ထင်တယ်၊ ခုတင်ပေါ်ကို တင်မှဖြစ်မယ်"

လို့ဆိုပြီး မမြနွယ်ကို ချီပွေ့ဖို့ တိုးကပ်လာတယ်။

ဒီအချိန်မှာပဲ မမြနွယ်ရဲ့မျက်လုံးတွေ ရုတ်တရက်ပွင့်သွားလို့ ကိုထင်ကျော်ဟာ အနောက်ကို ခုန်ဆုတ်ပြီး

"ဒီကောင်မ မသေဘူးဟ"

လို့အလန့်တကြားထအော်လိုက်တယ်။

ရှယ်လီက ကြမ်းပေါ်ကနေ လူးလဲထနေတဲ့ မမြနွယ်ကို ဖေး ကူလိုက်ပြီးတော့

"သူ့အသက်ကို ချမ်းသာပေးလိုက်ပါရှင်၊ သူ ဟာ သနားစရာသိပ်ကောင်းတယ်၊ ရှင့်အကြံတွေကို ကျွန်မသဘောမတူတော့ဘူး"

လို့ပြောလိုက်တော့ ကိုထင်ကျော်ဟာ ရှယ်လီကို

“ခွေးမ သစ္စာဖောက်မ”

လို့ဒေါသတကြီး ဆဲဆိုပြီး ပါးကို ဖြန်းခနဲ ရိုက်ချလိုက်တယ်။ ရှယ်လီက ကိုထင်ကျော်ကို ဝင်လုံးပြီး အတင်းချုပ်ကိုင်ထားတယ်။

ပြီးတော့ မမြနွယ်ဘက်လှည့်ပြီး

“မမြနွယ် ပြေးတော့၊ ပြေးတော့”

လို့အော်ဟစ်လိုက်တယ်။

မမြနွယ်ဟာ အခန်းထဲက ပြေးထွက်ပြီးတော့ အပေါ်ထပ်လှေကားက တဒိုင်းဒိုင်း ပြေးဆင်းခဲ့တယ်။

ကိုထင်ကျော်ဟာ ရှယ်လီ့မျက်နှာကို လက်ပြန်ဖြတ်ရိုက်ပြီးတော့ မမြနွယ်အနောက်ကို ပြေးလိုက်သွားတယ်။

မမြနွယ်ဟာ မီးဖိုချောင်တံခါးကိုကမန်းကတန်းဖွင့်ထွက်ပြီး အပြင်က ချက်ချလိုက်တယ်။ အနောက်ဘက်ခြံထဲကိုရောက်တော့ ခြံတံခါးကို သော့ခလောက်ကြီး ခပ်ထားတာတွေ့ရတယ်။

ကိုထင်ကျော်ဟာ ဒေါသတကြီးအော်ဟစ်ဆဲဆိုပြီး မီးဖိုချောင်ထဲက မားမနဲ့တံခါးကို တဒိုင်းဒိုင်း ရိုက်ဖွင့်နေတယ်။

မမြနွယ်ဟာ အလွန်ထိတ်လန့်တုန်လှုပ်ပြီး ခြံတံခါးကို ကျော်



တက်ဖို့ကြိုးစားတယ်။ ခြံတံခါးပေါ်ကို တွယ်ကပ်တက်ပြီးတော့ ကြောက်ကြောက်လန့်လန့်နဲ့ အောက်ကိုခုန်ချလိုက်တယ်။

ဒီအခါမှာ ကံဆိုးချင်တော့ မမြနွယ်ရဲ့ ထဘီစဟာ ခြံတံခါးနဲ့ ချိတ်မိနေတယ်။ မမြနွယ်ဟာ ထဘီချွတ်ပြေးရမှာလဲ အခက်ဖြစ်နေတော့ ထဘီအောက်နားတစ်ခုလုံး ဆွဲဖြဲလိုက်ပြီး အိမ်နဲ့ဝေးရာကို ပြေးခဲ့တယ်။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးလွှမ်းစပြုနေပြီ။ သူ့ကို ကယ်တင်ပေးမယ့်သူ တစ်ယောက်မှ ရှိမနေဘူး။

ဒီအချိန်မှာ ကိုထင်ကျော်ဟာ တံခါးကိုရိုက်ချိုးထွက်လာပြီး မမြနွယ်နည်းတူ ခြံတံခါးကိုကျော်တက်ပြီး ခုန်ချလိုက်လာတယ်။ မမြနွယ်ဟာ

“ကယ်ကြပါဦးရှင်”

လို့ ပတ်ဝန်းကျင်သိအောင် အော်ဟစ်ပြီး အမှောင်ထဲပြေးထွက်ခဲ့တယ်။

ကိုထင်ကျော်ကလဲ အနောက်ကနေ ကမူးရှူးထိုး ပြေးလိုက်လာတယ်။

မမြနွယ်ဟာ ပြေးရင်းနဲ့ ရင်ထဲမှာ ပေါက်ကွဲလုမတတ် မောပန်းလာလို့ ဆက်မပြေးနိုင်တော့ဘူး။



www.burmeseclassic.com

ကိုထင်ကျော်ဟာ မမြနွယ်ကို ရေတွင်းပျက်အနီးမှာ ချုပ်ကိုင်မိသွားပြီး မမြနွယ်ရဲ့ရှည်လျားတဲ့ဆံပင်တွေကို လက်နဲ့ရစ်ပတ်ပြီး ဆောင့်ဆွဲလိုက်တယ်။

မမြနွယ်ဟာ နာကျင်လွန်းလို့အသံကုန်အော်ဟစ်လိုက်တယ်။ ကိုထင်ကျော်ဟာ သရဲမရဲ စီးနေသူလို တဟားဟားရယ်မောလိုက်ပြီး

"ခေါင်းမာတဲ့မိန်းမ၊ နင်သေရတော့မယ်၊
အတ္တကြီးတဲ့မိန်းမ၊ နင့် ကို ငါသတ်မယ်"

လို့ကြုံးဝါးလိုက်တယ်။ မမြနွယ်ဟာ တုန်လှုပ်ချောက်ချားလွန်းလို့

"မလုပ်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊
ရှင်ရောင်းချင်တဲ့ အိမ်ကိုရောင်းပါ၊ ကျွန်မလက်မှတ်
ထိုးပေးပါ့မယ်၊ အသက်ကိုချမ်းသာပေးပါ"

လို့ပြောတော့ ကိုထင်ကျော်က ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်နဲ့ကြည့်လိုက်ပြီး

"မလိုတော့ဘူး၊ နင်သေရင် ဥပဒေအရအလို
လို ငါရောင်းခွင့်ရှိသွားပြီ၊ နင်သေမှအေးမယ်"

လို့ဆိုပြီး မမြနွယ်ရဲ့ လည်ပင်းကို ညှစ်ဖို့ ကြိုးစားတယ်။

မမြနွယ်ဟာ ရုန်းကန်ရင်း အင်အားကုန်ခမ်းလုနီးနီး ဖြစ်လာ





တယ်။ ဒီအချိန်မှာ ကိုထင်ကျော်ဟာ အားခနဲအော်ဟစ်ပြီး အနောက်ကိုလန်ကျသွား တယ်။

သူတို့အနီးကို ရောက်လာတဲ့ရှယ်လီဟာ ကိုထင်ကျော်ရဲ့နောက်ကျောကို ပုဆိန်နဲ့ ခုတ်လိုက်တာဖြစ်တယ်။ ရှယ်လီဟာ မမြနွယ်ကို စိုးရိမ်တကြီးပွေ့ဖက်ပြီး

"မမြနွယ် ဘာမှမဖြစ်ဘူးနော်"

လို့အလောတကြီးမေးတယ်။ မမြနွယ်ဟာ အသံယဲ့ယဲ့လေးနဲ့ ပြန်ပြောလိုက်တော့ ရှယ်လီ ရင်ထဲကအလုံးကြီးကျသွားပြီး

"ဝမ်းသာလိုက်တာ မြရယ်"

ဆိုပြီး မမြနွယ်ရဲ့ပါးကို နမ်းရှုံ့လိုက်တယ်။

ဒီအချိန်မှာ ကိုထင်ကျော်ဟာ လဲနေရာက ပြန်ထလာပြီး မိန်းမနှစ်ယောက်အနောက်မှာ ပေါ်လာတယ်။ ပြီးတော့ နှစ်ယောက်စလုံးရဲ့ဆံပင်တွေကို ဆောင့်ဆွဲပြီး ရေတွင်းနံရံနဲ့တိုက်ဖို့ကြိုးစားတယ်။

မမြနွယ်တို့ဟာ ရုန်းကန်ရင်း ရေတွင်းပျက်အနီးကို တရွတ်တိုက်ပါသွားတယ်။

ကိုထင်ကျော်ဟာ ရှယ်လီရဲ့ခေါင်းကို ရေတွင်းပျက်နံရံနဲ့ဆောင့်တိုက်လိုက်လို့ ခေါင်းမှာ သွေးတွေဖြာကျသွားတယ်။ မမြနွယ်ဟာ



www.burmeseclassic.com

ကိုထင်ကျော်လက်က လွတ်သွားလို့ မြေပေါ်မှာကျနေတဲ့ ပုဆိန် ကောက်ယူပြီး ကိုထင်ကျော် ခြေထောက်ကို ခုတ်လိုက်တယ်။

ကိုထင်ကျော်ဟာ အားခနဲအော်ဟစ်ပြီး မြေပေါ်ကို ပြိုလဲကျသွားတယ်။ ပြီးတော့ မမြနွယ်ဘက်ကိုလှည့်သွားပြီး အပေါ်စီးက ခွစီးလိုက်တယ်။

ကိုထင်ကျော်ဟာ မမြနွယ်ရဲ့မျက်နှာကို လက်သီးနဲ့တစ်ချက်ပြီး တစ်ချက် ဆင့်ထိုးနေချိန်မှာ ရှယ်လီ ပြန်သတိရလာတယ်။ ရှယ်လီဟာ ပုဆိန်ကို ကိုင်ပြီး အနောက်ကနေ ကိုထင်ကျော်ကို ခုတ်ဖို့ကြိုးစားတယ်။

ကိုထင်ကျော်ဟာ ပုဆိန်ရိုးကို လက်မောင်းနဲ့ စီးခံပြီး လုယူလိုက်တယ်။ ရှယ်လီရဲ့ရင်ဘတ်ကိုလဲ ယောက်ျားခွန်အားနဲ့ဆောင့်တွန်းလိုက်လို့ ရှယ်လီဟာ ရေတွင်းနံရံနဲ့ ဒုတိယအကြိမ်ဆောင့်မိပြီး ခေါင်းကွဲသွားပြန်တယ်။

ကိုထင်ကျော်ဟာ သူ့လက်ထဲမှာ ရောက်နေတဲ့ ပုဆိန်ကို မြှောက်ပြီး မမြနွယ်ကို အသေခုတ်သတ်ဖို့ကြံလိုက်တယ်။ ဒီမြင်ကွင်းကို ကြည့်ပြီး ရှယ်လီက အထိတ်တလန့်နဲ့

"မလုပ်နဲ့ မလုပ်နဲ့"

လို့အော်ဟစ်လိုက်တယ်။





မမြနွယ်လဲ ရုန်းကန်ဖို့အင်အားမရှိတော့တာနဲ့သေမဲ့အချိန်ကို မျက်လုံးမှိတ်ပြီး စောင့်နေလိုက်တယ်။

ဒီအချိန်မှာပဲ ကိုထင်ကျော်ဟာ အားခနဲအော်ပြီး မမြနွယ်ရဲ့ ကိုယ်ပေါ်ကို လဲကျသွားတယ်။

မမြနွယ်ရဲ့ အနောက်မှာ သံတူရွင်းကိုင်ပြီး ရပ်နေတဲ့ စုံထောက်မျိုးမြင့်ကိုတွေ့လိုက်ရတယ်။

စုံထောက်မျိုးမြင့်ဟာ မမြနွယ်နဲ့ ရှယ်လီကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီး

"ပြဿနာအားလုံးရဲ့ အဓိကတရားခံဟာ
ကိုထင်ကျော်ပဲဆိုတာ ကျုပ်ရိပ်စားမိတာကြာပါပြီ၊
ကျုပ်ကိုခင်ဗျားတို့ အစကတည်းက ပွင့်ပွင့်လင်း
လင်းဖွင့်ပြောရင်ကောင်းမယ်ဗျာ၊ အခုတော့ ယုတ်
မာကောက်ကျစ်တဲ့လူလဲ သူ့တရား သူစီရင်သွားပါပြီ၊
ခင်ဗျားတို့အတွက် အန္တရာယ် မရှိတော့ပါဘူး"

လို့ပြောလိုက်တယ်။

ရှယ်လီနဲ့ မမြနွယ်ဟာ တစ်ဦးကိုတစ်ဦး တင်းတင်းကြပ်ကြပ် ဖက်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေကြတယ်။



www.burmeseclassic.com

စုံထောက်မျိုးမြင့်ဟာ သေတွင်းထဲက လွတ်မြောက်လာတဲ့ မိန်းမ နှစ်ယောက်ကိုကြည့်ပြီး

"သူတို့နှစ်ယောက်အတွက် ဥပဒေဘောင်

ထဲက အကောင်းဆုံး ဖြစ်အောင် စီစဉ်ပေးရမယ်"

လို့တွေးတောနေမိတယ်။

အားလုံးပြီးဆုံးသွားပါပြီ။

သိမ်းပိုက်ခြင်းကင်းသော

*(ရွှေချမ်းသာ)*



www.burmeseclassic.com

# မင်းမြတ်သူရ

၏ ကလောင်ခွဲစစ်စစ်

## ရွှေချမ်းသာ

ဂမ္ဘီရစာပေတွင် ယနေ့ အအောင်မြင်ဆုံးစာရေးဆရာဖြစ်ပြီး ဥစ္စာစောင့်မလေးမြနှင်းဆီ တစ်အုပ်တည်းဖြင့်ထိုးဖောက်ကာ ထိပ်တန်းရောက်ခဲ့သူဖြစ်သည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ဘီအေဂုဏ်ထူးတွဲနှင့် အမ်အေနောက်ဆုံးနှစ်အထိတက်ရောက်အောင်မြင်ခဲ့သည်။

သူ၏ ရဲတင်းပွင့်လင်းသော အတွေးအခေါ်များကို လူငယ်ပရိသတ်များနှစ်ခြိုက်ခဲ့သလို၊ ဂမ္ဘီရစာပေကိုလူငယ်များစိတ်ဝင်စားအောင်စွမ်းဆောင်နိုင်သူဖြစ်သည်။

၂၀၀၀ပြည့်နှစ်မှစ၍ကလောင်သစ်များအတွက်စာပေသင်တန်းကို စေတနာဖြင့်ပို့ချခဲ့ပြီး၊ သူ၏သင်တန်းမှ မအိုစာ၊မင်းသွေးသစ္စာ အစရှိသည့်ကလောင်များကိုမွေးဖွားပေးခဲ့သည်။

ကလေးသူငယ်များအတွက် အမည်ပေးကင်မွန်းတပ်ခြင်းကိုလည်း မေတ္တာဖြင့်ပြုလုပ်ပေးဆဲဖြစ်သည်။

ယခု မင်းမြတ်သူရ၏ ကလောင်ခွဲအဖြစ် ရွှေချမ်းသာ ကိုရေးသားထုတ်ဝေခဲ့သည်။